www.burmeseclassic.com

BURMESE CLASSIC .com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ဟားရှင်းအသစ်အိုအေစစ်

ပန်းချီ သိန်းရွှေကြည်

2011

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၄၁၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၃၄၀၇၁၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၆၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချုန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊
အောက်တိုဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၃၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/-095162031

"ဘုတ်ခေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တန်ခူးလေပြေ
ဗားရှင်းအသစ် အိုအေစစ်/ တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
(၁၆၅) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ဗားရှင်းအသစ် အိုအေစစ်

BURMESE CLASSIC .com

## အခန်း (၁)

ဒေါ်နန်းကြိုင်က စတီးသုံးဆင့်ချိုင့်နှင့် ဆွမ်းဟင်းအပြည့် ကပ်လှူပြီး ထိုင်ကန်တော့လိုက်၏။ ချမ်းအေး မလှမ်းမကမ်းမှ အတဲ ခတ်နေသည်။ ဒေါ်နန်းကြိုင်က ကန်တော့အပြီး ဦးပဥ္စင်းကြီး၏မျက်နှာ တော်ကို မော်ဖူးလိုက်သည်။

ဦးပဥ္စင်းက ကြည်လင်သောမျက်နှာတော်၊ ဝင်းဖန့်စိုပြည်သော အသားအရေတို့နှင့် ကြည်ညိုဖွယ်အသွင်ကို ဆောင်လျက်ရှိသည်။ ဒေါ်နန်းကြိုင်က ဦးပဥ္စင်းကို မျက်စောင်းထိုးလိုက်သော်လည်း ဦးပဥ္စင်း ကြီး မျက်လွှာချထားသဖြင့် ထိုအပြုအမူကို မမြင်လိုက်။

'အလုပ်သမားတွေ အုပ်ချုပ်ရတာ အဆင်မပြေပါဘူး ဦးပဥ္စင်း ကြီးရယ်၊ ခုခေတ်ကြီးမှာ လုပ်ငန်းတူ အပြိုင်အဆိုင်တွေကလည်း များလာတော့ ကိုယ့်ပစ္စည်းရောင်းအားမကျဖို့ အတော်လုပ်ယူနေရပါ တယ် ဘုရား'

'သမုဒ္ဒရာ ဝမ်းတစ်ထွာပေကိုး ဒကာမကြီးရဲ့'

'ဒီကြားထဲ သားကိစ္စ ဆွေမျိုးတွေကိစ္စ လူူရေးတန်းနေ သာရေးနာရေး လူမှုရေးတွေနဲ့ တပည့်တော်မလည်း ရှုးချင်နေပြီ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'လူတစ်စု ပူမှုရယ်တဲ့ ဆယ်ကုဋေဆိုသကိုး'

'Door to door စနစ်နဲ့ဆိုတော့ ဆိုင်အရောက် ပစ္စည်းပို့ပေးနေရတာ ကားကနည်းနေတော့ ပစ္စည်းက ဆိုင်တွေလိုသလောက် မပို့နိုင်ပြန်ဘူး'

'ကိစ္စများမြောင် လူတို့သောင်လို့ဆိုတယ် မဟုတ်လား၊ လူအဖြစ်နဲ့ တကယ့်ချမ်းသာစစ်ကိုရဖို့ဆိုတာ မဖြစ်နိုင်ဘူး ဒကာမကြီး'

'ဘုန်းကြီးတို့ရဲ့ ဘုရားရှင်က သူတော်ကောင်းတို့ ပန်းတစ်ပွင့်မှုကိုဖြစ်စေ ရေတစ်ပေါက်မှုကိုဖြစ်စေ လှူဒါန်းပူဇော်ရသူဟာ လူနတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို မုချပိုင်ဆိုင်ရနိုင်သတဲ့၊ ဒီထက်သာလွန်များပြားတဲ့ အလှူဒါနအမှုသာဆို ဘယ်လောက်များအကျိုးရှိလိုက်မလဲ၊ ဒါကြောင့် မိမိထံ သေမင်းမရောက်ခင် သံသရာတစ်လျှောက်လုံး မှီဝဲစားသုံးနိုင်ဖို့ ဒါနကိုသာပြုပါ ဒကာမကြီး၊ အဲဒါမှ ချမ်းသာစစ် ချမ်းသာမှန်ကို ရနိုင်ပေလိမ့်မယ်'

'တပည့်တော်မလည်း လှူနေတာပါပဲ ဘုရား၊ ဒါပေမဲ့ လုပ်ငန်းဆိုတာကလည်း ရပ်ထားလို့ရတာမဟုတ်တော့…'

(ဗုဒ္ဓေါလောက သမုပန္နော ဟိတာယ သဗ္ဗပါဏိနံ) ခပ်သိမ်းသောသတ္တဝါတွေ ချမ်းသာကြီးပွား အကျိုးများဖို့ မြတ်ဘုရားပွင့်လာရခြင်းဖြစ်တယ်၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ – ဘုရားတစ်ဆူပွင့်ဖို့ အလွန်အင်မတန် ခက်ခဲသလို 'မနုဿတ္တ ဘာဝ ဒုလ္လဘ' လူ့အဖြစ်ကိုရဖို့ကလည်း ခက်ပါတယ်၊ ဒီတော့ 'ယေကေစိဘိက္ခဝေ မယိအဝေစ္စ ပသန္နာ သဗ္ဗေတေသောတာပန္နာ' လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာရှိတဲ့အတိုင်း

အကြင်သူသည် ငါဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခဲ့လျှင် ထိုသူအားလုံး သောတာပန်တို့သာတည်းတဲ့၊ သိန်းသန်းမကတန်တဲ့ စိန်တစ်လုံးဟာ ဓာတုဖြစ်စဉ်သဘောအရ ကာဗွန်ဒြပ်စင်ဖြစ်တဲ့အတွက် မီးသွေးနဲ့ အမျိုးအစားအတူတူပါပဲ။

အဲဒီလိုပဲ ဖြူစင်လှပတဲ့ ပုလဲရတနာဆိုတာ ကယ်လဆီယမ်





ကာဗွန်နိတ်သာဖြစ်လို့ ထုံးကျောက်ခဲနဲ့ တစ်တန်းတစ်စားတည်းပါပဲ။

အဲသလို တန်ဖိုးမဲ့တဲ့ စိန်တွေ၊ ပုလဲတွေကို တပ်မက်နေခြင်းဟာ ဆင်းရဲခြင်းကိုသာ ဖြစ်စေတယ်၊ တဏှာလောဘ ပွားစီးစေပြီး အပယ်ငရဲကိုသာ လားစေတယ်၊ ဒါကြောင့် ချမ်းသာစစ်ဖြစ်တဲ့ မြတ်ဘုရားအဆုံးအမအတိုင်း ကျင့်ကြံအားထုတ်ရင်း ကိုယ့်အရှုပ်ထုပ် ကိုယ်လက်စသိမ်းနိုင်ပါစေ'

ဦးပဥ္ဇင်းကြီးက ဒေါ်နန်းကြိုင်အား တရားပြပြီး သပိတ်ကိုပိုက် ဆွမ်းချိုင့်ကိုဆွဲ၍ ကြွမြန်းသွားတော့၏။ ဒေါ်နန်းကြိုင်မှာ တရားအချတွင် သာဓုမခေါ်သလို ဝတ်ဖြည့်ခြင်းကိုလည်း မပြုတော့။ ဦးပဥ္ဇင်းကြီးသွားရာသို့ ခါးထောက်ရင်း မျက်စိတစ်ဆုံး လှမ်းကြည့်ကျန်ရစ်ခဲ့သည်။

'သူကတော့ အေးချမ်းလို့ တည်ငြိမ်လို့၊ ငါ့မှာသာ ငရဲရပြီး အကုသိုလ်တွေဖြစ်ကျန်ခဲ့ရတာ၊ ဟင်း… တောက်'

အမေဖြစ်သူ ဒေါ်နန်းကြိုင်၏ ဒေါသများကို နှစ်သိမ့်ရန် ချမ်းအေး အနားကပ်လာသည်။

'အမေရယ်… သူ့ဟာသူ အေးအေးဆေးဆေး နေပါစေတော့၊ လွှတ်သာထားလိုက်ပါဗျာ'

'ဟဲ့… ဖြစ်မလား၊ သူထူထောင်ခဲ့တဲ့အလုပ် မင်းနဲ့ ငါ တာဝန်ယူရတဲ့ ခြောက်လအတွင်း ဘယ်လောက်တောင်ကျဆင်းသွားသလဲဆိုတာ မင်းလည်းအသိပဲမဟုတ်လား'

'အဖေမှ လောကီကို စိတ်မဝင်စားတော့တဲ့ဟာကိုဗျာ'

'စိတ်မဝင်စားလို့ ဖြစ်မလား၊ ဒီကိုယ်တော် လူပြန်ထွက်မှကိုဖြစ်မှာ'

တကယ်တော့ စောစောက ဦးပဥ္ဇင်းကြီးသည် ချမ်းအေး၏ ဖခင်ဖြစ်သလို ဒေါ်နန်းကြိုင်၏ ခင်ပွန်းလည်းဖြစ်၏။ ပြီးခဲ့သည့်နှစ် သင်္ကြန်မှာ ဒုလ္လဘရဟန်းခံပြီးကတည်းက လူပြန်မထွက်တော့တာ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လကြာမြင့်ခဲ့ပြီ။ အမေက လုပ်ငန်းတွေကို အဆင်မပြေတာ အကြောင်းပြုပြီး အဖေ့ကို လူပြန်ထွက်စေချင်နေသည်။ အဆင်မပြေဘူး ဆိုပေမယ့် ချမ်းအေးတို့အခါ့က ဆင်ပိန် ကျွဲထက်သာသည်။ ဂေါ်ဇီ လာပိန်ပေမယ့် ကိုမိုဒိုနဂါးလောက်တော့ ရှိသေး၏။

အဖေဦးအောင်ချမ်း ရှာဖွေထူထောင်ပေးခဲ့တာတွေက နည်းမှတ်လို့။ အဖေက ရှစ်တန်းအောင်ရုံသာ ပညာသင်ကြားခဲ့ဖူးသော်လည်း သိပ္ပံနည်းပညာနှင့် တီထွင်မှုကို ဝါသနာထုံ၏။

မြန်မာပြည်တွင် တီဗီပေါ်ဦးစကာလကပင် အင်တင်နာကို တီထွင်ထုတ်လုပ် ရောင်းချခဲ့သူဖြစ်သည်။ အခုလက်ရှိအခြေအနေမှာ တော့ မီးအားမြှင့်စက်၊ အင်ဗာတာ၊ ဆော့(ဖ်)ဂတ်မှစ၍ ထရန်စဖော်မာအထိ ထုတ်လုပ်ဖြန့်ချိနေသော လုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာ ပိုင်ဆိုင်ထားခဲ့ပြီဖြစ်သည်။

ဘဝတစ်လျှောက်လုံး အလုပ်ကိုသာ ကြိုးစားပြီး မိသားစုကို လိုလေသေးမရှိ စောင့်ရှောက်ခဲ့သူလည်း ဖြစ်သည်။ အခုတော့ အဖေ မောသွားပြီထင်၏။ သာသနာ့ဘောင်တွင်သာ ပျော်မွေ့နေခဲ့ပြီ။ သို့သော် ချမ်းအေးအမြင်မှာတော့ အဖေ ရဟန်းဘဝနှင့် အရိုးထုတ်နိုင်လိမ့်မည် ဟု မယုံကြည်နိုင်သေး။ အဖေ့အသက်က အခုမှ လေးဆယ့်ငါးသာ ရှိသေး၏။ အမေဆို လေးဆယ့်နှစ်ပင် မပြည့်တတ်သေး။ တပ်မက်စရာတွေ များပြားလှသည့် ဒီနေ့ခေတ်ကြီးထဲမှာ ဒီအသက် ဒီအရွယ်နှင့် တရားဖက်၍ အမျက်ဖြေဖို့ အဆင်သင့်မဖြစ်သေးဟုသာ ထင်မြင်မိသည်။

အမေ့မှာတော့ အားကိုးစရာ လင်သားက ပစ်သွားသည်ဟု ခံစားနေရသဖြင့် ဒေါသတွေ သောကတွေနှင့် ဆောက်တည်ရာမရ ဖြစ်နေရရှာသည်။

'ခြောက်လဆိုတာ နည်းသလား၊ တော်ရောပေါ့'

'ညည်းလင်က ဓမ္မကထိကလုပ်စားမလို့နဲ့တူပါတယ်ဟယ်'





'အို… ဒေါ်လေးကလည်း ကိုယ့်ရှိတဲ့စည်းစိမ်က ဓမ္မကထိက မို့လား'

'အဲလိုတော့မပြောနဲ့ နန်းကြိုင်၊ နာမည်ရဓမ္မကထိကတစ်ပါး ဆို တစ်ညတရားဟောရုံနဲ့ သိန်းသုံးဆယ်လည်းဟုတ်၊ သိန်းငါးဆယ် လည်း ဟုတ်နေတဲ့ခေတ်အေ့'

'ကဲပါဗျာ… အမေနဲ့ အဘွားလေးကလည်း သားအဖေကို ဒီလောက်ခိုင်းစားရရင် တော်ရောပေါ့၊ ဓမ္မကထိကအဖြစ်နဲ့ပါ ခိုင်းစား ချင်နေကြတာလား'

'အမယ်… ချမ်းအေး၊ မင်း ဘာစကားပြောတာလဲ၊ ငါတို့ တပဲ လောဘဇောတိုက်နေသလိုလို'

စကားဝိုင်းက အမေ့ဒေါ်လေးပါ ပါလာ၍ ပိုပြီးစည်ဝေသွား သည်။ မိသားစုထုံးစံအတိုင်း အိမ်ထောင်ဦးစီး ဘယ်လောက်ပဲရှာနိုင် ရှာနိုင် တကယ့်အာဏာပိုင်က အိမ်ရှင်မသာဖြစ်သည် မဟုတ်လား။ ထိုအခါ သစ်တစ်ပင်ကောင်း၍ လာနားကြသော ငှက်တစ်သောင်းတွင် လည်း အိမ်ရှင်မအမျိုးငှက်များက ကိုးထောင့်ကိုးရာကိုးဆယ်မျှမက ရှိနေကြတာ မမှတာဖြစ်၏။

အဖေ့လုပ်ငန်းမှ ဝန်ထမ်းအများစုသည် အမေ့အမျိုးများသာ ဖြစ်သည်။ ထိုမျှမက ချမ်းအေးက အဘွားလေးဟုခေါ်သော အမေ့ ဒေါ်လေးသည်ပင် အရေးပါသော ဘဏ္ဍာစိုးရာထူးကို ရယူသိမ်းပိုက် ထားသည်က ထင်ရှားသောသာဓကတစ်ခုဖြစ်သည် မဟုတ်လား။

'ဟုတ်တယ်လေ၊ အဖေ ရှာဖွေပေးခဲ့တာတွေ နည်းသလား၊ ထူထောင်ထားတဲ့လုပ်ငန်းကလည်း နေ့စဉ် သိန်းချီဝင်ငွေရနေတာလေ၊ တော်ရောပေါ့'

'ဟဲ့… ချမ်းအေး၊ နင့်ရဲ့ တစ်မိုက်တစ်ထွာဉာဏ်နဲ့ အတိုက် အခံလာလုပ်မနေနဲ့၊ ငါတို့အမျိုးက အရှက်နဲ့လူလုပ်တာ၊ သိက္ခာကို မှတ်ကျောက်တင်ခံပြီးနေလာတာဟဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါနဲ့ဘာဆိုင်လဲ အဘွားလေးရဲ့'

'ဆိုင်တာပေါ့၊ အိမ်ထောင်တစ်ခုမှာ လင်သားက ဘုန်းကြီးဝတ်သွားတယ်ဆိုတာ ကျန်ခဲ့တဲ့မယားအတွက် ဘယ်လောက်သိက္ခာကျတယ်မှတ်သလဲ'

ဪ… ဂလိုကိုး၊ အမေနဲ့ အဘွား ခံစားနေကြရတဲ့ မကျေနပ်မှုက ဒီလိုပါလားဟု ချမ်းအေး သဘောပေါက်လိုက်ရသည်။

'မယားက ဆိုးလွန်းလို့ပဲ ပစ်သွားသလိုလို၊ ဖောက်ပြန်လော်မာလို့ စိတ်ညစ်ပြီး ဘုန်းကြီးပဲဝတ်သွားသလိုလို ပြောနေကြတော့နင့်အမေ ဘယ်လိုခံစားရမလဲ၊ နည်းနည်းပါးပါးတွေးကြည့်ဦး'

'ဟား… ဟား… ဟား… အဘွားလေးပြောသလိုသာဆိုယသော်ဓရာ ဘယ်လိုလုပ်မလဲ၊ သူရော အမေ့လိုပဲ ပြောသလား'

'ဟဲ့အကောင်… မနိုင်းကောင်း နှိုင်းကောင်း၊ ဟိုက ကမ္ဘာများစွာ အသခေျ်အနန္တ လက်တွဲလာတဲ့ ပါရမီဖြည့်ဘက်ဟဲ့၊ ဘယ့်နှယ်တော် စီးပွားအရှာကောင်းတဲ့ယောကျ်ား မယားငယ်ထားလို့ နောက်ကလိုက်ရတာပဲ ကြားဖူးပါတယ်။ သူ့ကျမှ ဘုန်းကြီးဝတ်သွားရတယ်လို့'

အမေလည်း အဘွားလေးပြောသလို ခံစားနေရဟန်နှင့် မျက်နှာညှိုနေလေ၏။ ချမ်းအေး အမေနှင့် အဘွားလေးကို စချင်နောက်ချင်လာသည်။ သို့နှင့်…

'အင်း… အမေနဲ့ အဘွားလေးက အဝိဇ္ဇာတွေဖုံးပြီး စုံလုံးကန်းနေကြတော့ အမိုက်တိုက်ထဲကို ဇွတ်တိုးဝင်နေကြတာကိုး'

'အမယ်… သေနာလေး၊ လူကြီးတွေကိုများ ပြောဆိုနေလိုက်တာ၊ ဓမ္မကထိကသားက လူဝတ်ကြောင်နဲ့ တရားပြဦးမလို့လား'

'ဟာ… မှန်တာပြောနေတာလေ အဘွားရဲ့၊ ရခဲလှတဲ့ လူ့ဘဝကို ရတဲ့အခိုက် ကြုံခဲလှတဲ့ မြတ်ဘုရားသာသနာနဲ့ ဆုံတဲ့အချိန်ကောင်းရာကျင့်ကြံတဲ့သူကို ဘာလို့ဖျက်ဆီးချင်နေကြတာလဲ၊ တယ်လည်းခက်သကိုး'





ချမ်းအေး၏ အလုံးများကို မခံစားနိုင်တော့သော အမေသလာပြီး စောင်မန်း၏ တွဲလုံးလက်သီးများနှင့် တိုက်ခိုက်လာသဖြင့် ချမ်းအေး ထပြေးကာ ရှောင်ရ တိမ်းရတော့၏။

တကယ်တော့ ချမ်းအေးအမေ ဒေါ်နန်းကြိုင်သည် လေးဆယ့်နှစ်နှစ်ဟု မထင်ရလောက်အောင် နုပျိုလှပနေသေးသည်။ ထိုအမေသည် ပုထုဇဉ်သာဖြစ်၏။ ထို့ပြင် ပါရမီခေါ်တော်ခံနုသောမိန်းမသားတစ်ယောက်လည်း ဖြစ်နေပြန်သည်။ ထို့ကြောင့် အားကိုးအားထားပြုစရာ လင်သားကို လွမ်းမောတမ်းတနေခြင်းဖြစ်၏။ သို့သော် ထိုလင်သားက သာသနာ့ဘောင်သို့ ခြေစုံပစ်ဝင်သွားပြီဖြစ်သည်။ အတ္တကို မချိုးမနှိမ်နိုင်သမျှ အမှန်ကို မြင်မည်မဟုတ်ဘဲ မြတ်သောအကျင့်ကို ကျင့်နေသည့် လင်သားအား စိမ်းကားရက်သူကြီးဟုသတ်မှတ်ကာ ဒေါသပွား၍ မောဟများနေခြင်းဖြစ်လေသည်။

ညှော့ခန်းထဲ လှည့်ပတ်ပြေးနေတာ ကြာတော့ အမေ မောပြီး ပြန်ထိုင်သွား၏။ ထိုအခါမှ ချမ်းအေးလည်း ပြန်ထိုင်ခွင့်ရသည်။ အမေ အမောတွေပြေအောင် ပေါ့ပေါ့ပါးပါးစကားများနှင့် ဆက်လက်နှစ်သိမ့်ပေးရန် ကြံရွယ်ပြီး…

'အမေတို့ဆန္ဒအတိုင်း အဖေ နေထိုင်သွားအောင် သားလုပ်ပေးမယ်၊ နောက်တော့မှ တောင်ပြောမြောက်ပြော မပြောနဲ့'

'မပြောဘူး၊ လူထွက်လာရင် ပြီးရော'

'ကောင်းပြီ၊ အဖေ့ကို အမေနဲ့ အဘွားလေးက ပြောနေတယ်၊ စီးပွားရှာကောင်းတဲ့ယောကျ်ား၊ မယားငယ်ထားတာပဲ ကြားဖူးတယ်တဲ့၊ အဲဒါ အဖေ့ကို လိုင်စင်ချပေးလိုက်တာပဲ၊ တရားဝင် မယားငယ်ထားလို့ရပြီ၊ အဖေ လူထွက်တော့လို့ သွားပြောမယ်၊ ဒါပဲ'

ချမ်းအေး၏အပြောကြောင့် အမေနှင့် အဘွားလေး မျက်လုံးပြူးသွားကြ၏။ သူတို့စကားနှင့် သူတို့ဆိုတော့ ရုတ်တရက် ဘာပြောရမှန်းမသိဘဲ ငြိမ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'သိပ်အဆင်မပြေသူတွေတောင် မယားငယ်ထားကြသေးတာပဲ၊ အဖေ့လိုအဆင့်မျိုးဆို အနည်းဆုံး မယားငယ်သုံးယောက်လောက်တော့ထားမှ ကောင်းမှာ၊ ကျွန်တော် မြောက်ပေးလိုက်မယ်'

'ဟယ်… အသေကောင်၊ တော်တော်လျှာကြောရှည်နေတယ်ကဲဟယ်…'

အဘွားလေး မခံမရပ်နိုင်ဖြစ်ပြီး ဆိုဖာပေါ်မှ ကျောမှီခေါင်းအုံးများနှင့် တရစပ်ပစ်ပေါက်လေတော့၏။

* * *

ချမ်းအေးက မတောင့်မတ မကြောင့်မကြဘဝတွင် ပျော်ပျော်ရွှင်ရွှင် ပညာသင်ခွင့်ရပြီး ဘွဲ့တစ်ခုနှင့် လူလားမြောက်ခဲ့ရသည်။ မရှိခြင်း၊ ဆင်းရဲခြင်း၊ နွမ်းပါးခြင်း စသည့် အခြေအနေကို မကြုံဖူးသည့် ဒဏ္ဍာရီထဲက မင်းသားတစ်ပါးလို မရှိမှုကို တတွတ်တွတ်ပူဆာမိသည့်ဘဝမျိုးတွင် ချမ်းအေးတစ်ယောက် ချမ်းချမ်းအေးအေးနေခွင့်ရသူဖြစ်ခဲ့သည်။

ချမ်းအေးက သူဌေးသားဆိုသော်လည်း လူပေါ်ကြော့တစ်ယောက်တော့ မဟုတ်။ အဖေ၏ လုံ့လဝီရိယနှင့် ထူထောင်ထားသောလျှပ်စစ်လုပ်ငန်းတွင် ချမ်းအေးက ပညာရှင်တစ်ယောက်အဖြစ် တာဝန်ယူနေသူဖြစ်သည်။ အဖေ့အမွေကိုဆက်ခံပြီး တီထွင်ဖန်တီးမှုများကိုဆက်လက်လုပ်ဆောင်နေသူလည်း ဖြစ်သည်။ သူဌေးသားအများစု လုပ်ကြသလို သောက်စားပျော်ပါး သုံးဖြုန်းပြီး မိန်းကလေးတွေထည်လဲတွဲကာ ရေပေါ်ဆီဘဝတွင် အသားကျနေသူမဟုတ်။

အလုပ်နှင့် အောင်မြင်မှုကို တွဲ၍သိမြင်ကာ မှူ၍ လိုက်နာကျင့်ကြံနေထိုင်ခဲ့သူတစ်ယောက် ဖြစ်သည်။ အခုလည်း ချမ်းအေး ရေဝေးသို့ရောက်နေ၏။ ပက်လက်ကြီးရောက်လာခြင်းတော့ မဟုတ်သေးပါ။ လမ်းလျှောက်၍ ဝင်လာခြင်းသာဖြစ်သည်။





မိသားစုဝင်တစ်ဦးဦး၏ နာရေးကိစ္စကြောင့် မဟုတ်သလို သူများအသုဘ လာပို့တာလည်း မဟုတ်ပါ။ နာရေးကူညီမှုကိစ္စများဆောင်ရွက်ရန် ရောက်ရှိနေခြင်းသာဖြစ်သည်။ ရေဝေးတွင် စတင်း(နှ်) ဘိုင်စောင့်၍ အကြောင်းကြား အကူအညီတောင်းလာသည့် အသုဘရှင်တို့၏နေအိမ်သို့ ဆေးရုံသို့သွားကာ အလောင်းသယ်ယူပေးဖို့သာဖြစ်သည်။

ပရဟိတလုပ်ငန်းကို ဝါသနာထုံသည့် ငွေကြေးတတ်နိုင်သူပီပီ အသင်းသို့ အလှူငွေအမြောက်အမြား လှူဒါန်းနိုင်သလို လူကိုယ်တိုင်လည်း လုပ်အားပေးနိုင်သူဖြစ်သည်။ နေရေးထက် သေရေးခက်သည့်ကာလမှာ လူသားတစ်ယောက်၏ နောက်ဆုံးခရီး အဆင်ပြေချောမွေ့ဖို့ သူ အမြဲစိတ်အားထက်သန်နေလေ့ရှိသည်။

လူဆိုသည်မှာ ကြက်၊ ဝက်၊ ဆိတ်၊ နွား စသည့် တိရစ္ဆာန်များမဟုတ်သဖြင့် သေသွားသောအခါ သူတို့အသားကို စားမည့်သူမရှိ။ (ဒါကလည်း ပစ်မထားလို့ပါ။ ပစ်သာထားမည်ဆိုလျှင် လင်းတကအစ ကျီးအလယ် ပုရွက်ဆိတ်အဆုံး အားလုံးဝိုင်းဝန်းစားသောက်ကြမည်မှာ အသေချာပင်ဖြစ်သည်။) သို့ဖြစ်၍ ကွင်းကျန်ရစ်သော အလောင်းကောင် အတ္တဘောကြီးအား နည်းမျိုးစုံနှင့် သင်္ဂြိုဟ်ပေးရသည်။ မြေနေရာရှားပါး၍ ကုန်ကျစရိတ်ကြီးမားလာသဖြင့် မြေမြှုပ်သူ၊ ဂူသွင်းသင်္ဂြိုဟ်သူ မရှိသလောက်ဖြစ်လာချိန်တွင် မီးသင်္ဂြိုဟ်ခြင်းက ခေတ်စားလာ၏။ ဒါလည်း ကောင်းသည်ဟုတော့ မဆိုသာ။ အိုဇုန်းလွှာ ပိုမိုပျက်စီးစေသည့် နည်းလမ်းတစ်ခုဖြစ်နေသေးသည်။

မည်သို့ပင်ဖြစ်စေ အရိုးပါမကျန်အောင် ရှင်းပစ်နိုင်သည့်နည်းကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြရဆဲပင် ဖြစ်၏။ ဝါသနာတူလုပ်အားရှင်လူငယ်များ ဘော်ဒီ(အလောင်း)သယ်သည့် ကားနှစ်စီးဘေးတွင် အဆင်သင့်ရှိနေကြ၏။

ချမ်းအေး၊ ဝဏ္ဏ၊ မျိုးနွယ်နှင့် ရာစုတို့လေးယောက် စကားစမြည်ပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရာသီဥတုပူလာလို့လား မသိဘူး၊ ဒီရက်ထဲ သက်ကြီးရွယ်အိုတွေဆုံးတာများတယ်နော်'

'အေး··· ဟုတ်တယ် ချမ်းအေး၊ မင်းလည်း သတိထား၊ ရေချိုးမမှားစေနဲ့'

ဝဏ္ဏ နိပ်ကွပ်လိုက်သဖြင့် ရယ်သံများ ထွက်လာ၏။

ချမ်းအေး ငြိမ်ခံမနေ။ ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

'ဒီမယ် ဝဏ္ဏ··· လူတိုင်းကြုံရမယ့် သေခြင်းတရားကို မကြောက်တတ်လို့ နာရေးကိစ္စတွေ လာကူညီနေတာ၊ ပေါက်လား'

'အဟင်း··· ရစ်ပတ်နွယ်လာမယ့် ချစ်ဖွယ်ရာကောင်မလေး တစ်ယောက် မရှိသေးလို့ ဒီစကားပြောတာပါကွာ၊ ဟုတ်တယ်မို့လား'

'အေး··· အဲဒါတော့ ဟုတ်တယ်ကွ၊ တို့တွေအားလုံး လူပျိုဖြစ်နေလို့ရယ်၊ သေခြင်းတရားနဲ့ လက်ပွန်းတတီးဖြစ်နေလို့ရယ်၊ သိပ်အသန်းတကြယ်မဟုတ်သလို ဖြစ်နေသလား မသိဘူး'

ဝဏ္ဏ၏ အဆိုတင်သွင်းမှုကို မျိုးနွယ်က ထောက်ခံလိုက်သည်။ ရာစုက ဖြည့်စွက်ဆွေးနွေး၏။

'ချစ်သူရှိလာတဲ့အခါ ဘာကြောင့် သေမှာကြောက်သွားကြတာလဲ'

'တပ်မက်မှုပေါ့ ရာစုရာ၊ မအိုခင် မသေခင်မှာ သိပ်လှနေတယ်လို့ထင်ရတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသနဲ့ ဖွဲ့စည်းထားတဲ့ အပုပ်ကောင်ကြီးကို တပ်မက်နေလို့ပေါ့'

'မင်းပြောတာ သိပ်ပါးလွန်းတယ် မျိုးနွယ်'

'ဒါဆိုလည်း ခပ်ထူထူလေး လုပ်စမ်းပါဦး ဝဏ္ဏရာ'

'အချစ်တို့ တပ်မက်မှုတို့ ကာမဆန္ဒတို့ဆိုတာတွေ ပူးတွဲပါဝင်နေသလို အဓိကအကျဆုံးအချက်ကတော့ တာဝန်လို့ထင်တယ်'

'တာဝန်၊ ဘာတာဝန်လဲ၊ ရှင်းရှင်းပြောကွာ'

ဝဏ္ဏ ရှင်းလင်းချက်က မပြည့်စုံသဖြင့် ရာစုက ထပ်ဆင့်မေးခွန်းထုတ်၏။ ဝဏ္ဏ ချောင်းဟန့်ရင်း ဆရာကြီးစတိုင်ဖမ်းသည်။





'အဟမ်း··· ဒီလိုကွာ၊ အချစ်နဲ့ဆုံဆည်းတဲ့အခါ မျိုးဆက်သစ်တွေ ထွန်းကားလာတာပဲ မဟုတ်လား၊ အဲဒီမျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ဖို့ တာဝန်တွေကိုပြောတာ၊ မင်းတို့ ကြားဖူးတယ်မဟုတ်လား၊ အငယ်ကောင်က ဆယ်တန်းမအောင်သေးဘူး၊ ခုနေသေသွားရင် အသေတောင်ဖြောင့်မှာ မဟုတ်ဘူးဆိုတဲ့ စကားမျိုးတို့ဝန်းကျင်မှာ ပြောနေကြတာပဲလေ၊ အေး··· အဲဒါကြောင့် လူပီသတဲ့လူတွေက တာဝန်မကျေခင် သေရမှာကြောက်တာကွ'

'ဒါဆို ချစ်သူရှိလာလို့ သေရမှာကြောက်တာ မဟုတ်ဘူးပေါ့'

'အင်း··· မဆိုးပါဘူး၊ ဝဏ္ဏပြောတာ လူသားဆန်တယ်'

'ဒီကောင် ငါ့လောက်နီးနီး တွေးတတ်ခေါ်တတ်လာပြီပဲ'

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြရာမှ ရာစု၏အဆိတ်စကားကြောင့် အားလုံးဝိုင်းဟားလိုက်ကြ၏။ ချမ်းအေးက နက်နက်နဲနဲတွေးရင်း···

'အင်း··· ငါတော့ကွာ၊ တစ်နေ့နေ့ တစ်ချိန်ချိန် မသာပေါ်မှာ သေချာတယ်ဆိုပေမယ့် အဲဒီလို သေတဲ့အခါ 'မသိမသာ'မဖြစ်ချင်ဘူးကွာ'

ချမ်းအေး၏စကားက အလှမ်းဝေးသွားသဖြင့် အားလုံးနားမလည်ကြ။ မျက်ခုံးတွန့်သူတွန့်၊ ခေါင်းကုတ်သူကုတ် ဖြစ်နေကြ၏။ ဝဏ္ဏက···

'မသိမသာ ဟုတ်လား၊ ဘာလဲကွာ··· ဝေ့မနေနဲ့၊ တည့်(ဒဲ့)ကစ်'

'အင်း··· တစ်နေ့ တစ်နေ့ သေတဲ့သူတွေ မနည်းဘူးမဟုတ်လား၊ အဲဒီသေတဲ့သူတွေထဲမှာ မင်းတို့ ငါတို့ သိတဲ့သူ ဘယ်နှယောက်ပါလဲ'

ချမ်းအေး၏ အမေးကို ရာစုက ပြန်ဖြေ၏။

'တစ်ယောက်မှမပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အေး... အဲဒါပဲ မသိမသာဆိုတာ အဲဒါပဲ၊ ဟိုးတစ်လောက ဦးသုမောင်တို့၊ ဒါရိုက်တာဦးဝဏ္ဏတို့ ဆုံးသွားတယ်မဟုတ်လား၊ သူတို့ နောက်ဆုံးခရီးတွေ ဘယ်လောက်များစည်ကားသလဲ၊ ရေဝေးမှာ ခြေချစရာတောင် မရှိဘူးမဟုတ်လား'

'ဟုတ်တယ်လေ၊ စည်သလားမမေးနဲ့'

'စည်မှာပေါ့၊ သူတို့က သိတဲ့မသာလေ၊ မသိမသာမဟုတ်ဘူး၊ တစ်နိုင်ငံလုံးက သိနေတဲ့ အနုပညာရှင်တွေလေ၊ အားလုံးက ချစ်တယ်၊ လေးစားတယ်၊ နှမြောတယ်၊ အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုတွေဖြစ်လို့ အားလုံး တသသနဲ့သတိရကြတယ်၊ အဲသလိုမျိုး နာမည်မသေတဲ့မသာပဲ ဖြစ်ချင်တယ်၊ လူမသိ သူမသိနဲ့ သေသွားတဲ့ မသိမသာတော့ မဖြစ်ချင်ဘူး၊ အဲဒါကိုပြောတာ'

'ဟား... ချမ်းအေးရာ၊ မလောက်လေး မလောက်စား မင်းပါးစပ်က ဒီစကားမျိုးထွက်လာတာ အံ့သြတယ်ကွာ။ ဘယ်သူပြောတာ ကြားဖူးတာလဲ'

ဝဏ္ဏက ချီးကျူးသလိုလိုနှင့် နှိပ်ကွပ်လိုက်၏။ ရာစုကလည်း ထပ်ဆင့်နောက်ပြောင်သည်။

'နေစမ်းပါဦး၊ မင်းက သိတဲ့မသာဖြစ်ချင်တယ်ဆိုတော့ မင်းသားလုပ်မယ်ပေါ့၊ အဲလိုလား'

'မဝေးနဲ့၊ မထူနဲ့၊ ရုပ်ရှင်မင်းသားမှ လူသိတာမဟုတ်ဘူး၊ လူ့ရပ်လူ့ရွာအတွက် ကောင်းတာမှန်တာ အသုံးတည့်တစ်ခုခု လုပ်ပေးခဲ့ချင်တာ၊ အဲဒါဆို တစ်ကမ္ဘာလုံးမသိပေမယ့် ငါ့ကောင်းကျိုးကို ခံစားရတဲ့လူတစ်စုကတော့ ငါ့ကို မမေ့ကြဘူးပေါ့၊ အဲဒီလို သေနည်းမျိုးကို ပြောတာ'

ချမ်းအေး ရှင်းပြပြီးသွားတော့ အားလုံးက အထင်ကြီးလေးစားဟန်နှင့် ဝိုင်းကြည့်ကြ၏။ ဝဏ္ဏက...

'မင်းပြောတဲ့ မသိမသာဆိုတာ တကယ့်ကို အဓိပ္ပာယ်ရှိပြီး





လူတိုင်းသာ ကျင့်ကြံကြမယ်ဆိုရင် တိုင်းပြည်တောင် ကြီးပွားမယ့် ကိစ္စကြီးကွ၊ လူတိုင်းကသာ ကိုယ့်အစွမ်းအစကို အများအတွက် အသုံးချနိုင်မယ်ဆိုရင် လောကကြီး ပိုလှသွားမှာ အသေအချာပဲ'

'ကိုင်း... ဒါဆိုရင် တို့တွေအားလုံး သေတဲ့အခါ သိတဲ့မသာပဲ ဖြစ်စေရမယ်ကွာ၊ ဟုတ်ပြီလား'

'သိပ်ကောင်းတဲ့ဆုံးဖြတ်ချက်ပါပဲ မသာရယ်'

သန်းချိုင်းထဲတွင် မသာစကားပြောနေကြသော လူတစ်စု တယ်လီဖုန်းသံကြောင့် စကားပြတ်သွားကြ၏။ နာရေးကူညီမှု တာဝန်ခံက ဖုန်းနားထောင်ရင်း စာရွက်တစ်ရွက်နှင့် ရေးမှတ်နေသည်။ ဖုန်းပြန်ချလိုက်သည်နှင့်...

'ကိုင်း... တောင်ဥက္ကလာ ၇ ရပ်ကွက်တဲ့၊ ဒီမှာ လိပ်စာအပြည့်အစုံပဲ၊ ကိုဝဏ္ဏနဲ့ ကိုချမ်းအေးတို့ သွားလိုက်ပါ'

'ဟုတ်ကဲ့'

နိဗ္ဗာန်ယာဉ်တစ်စီးပေါ်သို့ ဝဏ္ဏနှင့် ချမ်းအေး တက်လိုက်ကြသည်။ ဝဏ္ဏ ကားမောင်းထွက်လာ၏။ သိတဲ့မသာလား မသိတဲ့မသာလား မသိရသေးသော မသာတစ်လောင်းအား သွားသယ်ရဦးမည်လေ။

* * *

ဦးပဋ္ဌင်းကြီး အသားကျထိုင်မိသည်နှင့် အိမ်ထဲသို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။ ဒေါ်လေးကိုသာ တွေ့ရ၏။

'ဒကာမကြီး ဟိုဒကာမနဲ့ ဒကာလေးတို့ရော မတွေ့ပါလား'

'မပြောတတ်ပါဘူး ဦးပဋ္ဌင်းရယ်၊ နန်းကြိုင်လည်း ဘာဖြစ်နေမှန်းကို မသိဘူး၊ ခုတစ်လော အပြင်ထွက်တာ နေ့တိုင်းပဲ၊ ဘယ်တွေသွားမှန်းလဲ မသိပါဘူးဘုရား'

ဦးပဋ္ဌင်းကြီး မျက်နှာညိုသွား၏။ နှုတ်က ဖွင့်ဟ၍တော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမမိန့်သော်လည်း စိတ်မချသောအမူအရာက ထိန်းမရအောင် ပေါ်လွင်နေ၍ ဒေါ်လေး သဘောတကျပြုံးရင်း ဆွမ်းချိုင့်ယူကာ အိမ်ထဲဝင်သွား၏။ ဦးပဉ္ဇင်းကြီး မျက်လွှာချထားရာမှ မော့လိုက်တော့ သူတို့လင်မယားစုံတွဲဓာတ်ပုံကြီးကို တွေ့လိုက်ရပြီး ကြက်သီးဖြန်းဖြန်းထသွားသည်။

သက်ပြင်းရှိုက်ရင်း ခေါင်းယမ်း၍ မျက်လွှာပြန်ချလိုက်၏။ အတွေးထဲတွင်လည်း 'ဒါ ငါ့ရဲ့ပါရမီကို စမ်းတာ၊ စိတ်ယိုင်သွားအောင် ထောင်ချောက်ဆင်တာ၊ ဒီလိုနဲ့ သံသရာလည်တဲ့လမ်းကြောင်းကို ပြန်ရောက်သွားလို့ မဖြစ်ဘူး၊ ဒီဘဝ ဒီခန္ဓာ ဒီရုပ် နောက်ဆုံးအသုတ်ဖြစ်စေရမယ်'ဟု တွေးကာ သမာဓိကို တည်ဆောက်နေလေ၏။

ဆယ်မိနစ်လောက်ကြာအောင် အမှတ်တရားနှင့် စိတ်ကိုထိန်းချုပ်လိုက်မှ ဦးပဉ္ဇင်းကြီးစိတ်တွေ ပြန်လည်တည်ငြိမ်သွားခဲ့သည်။ ထိုအခိုက် ဒေါ်လေး ဆွမ်းချိုင့်နှင့် ပြန်ထွက်လာ၏။ ဦးပဉ္ဇင်းလက်ထဲသို့ ကပ်ပြီးနောက် စားပွဲပေါ်တင်လိုက်ရင်း ဝတ်ကျေတန်းကျေ ဝတ်ပြုလိုက်သည်။

'ဦးပဉ္ဇင်းကြီး ဘယ်တော့ လူထွက်မှာပါလဲဘုရား'

မျှော်လင့်ထားသော မေးခွန်းကို ကြားလိုက်ရဟန်နှင့် ဦးပဉ္ဇင်းကြီးက ပြုံးလိုက်ပြီး…

အမိအဖ ဆရာကောင်းတို့နှင့် တွေ့ရ၍လည်းကောင်း၊ ဒါနအမှုကို မကြာခဏပြုနိုင်၍လည်းကောင်း၊ ကောင်းမွန်သောစာဂကို ကျင့်နိုင်၍လည်းကောင်း၊ မစ္ဆေရိယကို ပယ်သတ်နိုင်၍လည်းကောင်း ငါသည် သံသရာနှောင်ရေးအတွက် အကြောင့်အကြမရှိတော့သဖြင့် ယခုဘဝကား အရတော်လှပါပေ၏။

အတ္တာနံ - မိမိကိုယ်ကို၊ ဝိယံ - အချစ်ခင်ဆုံးဟု စေဒသာ - အရာရာစာနာထောက်ထား၍ ဧဝံသတိ - နားလည်သည်ရှိသော်၊ နံအတ္တာနံ - ထိုမိမိကို၊ သုရက္ခိတံ ရက္ခေယျ - သတိတရားလက်ကိုင်ထား၍ စောင့်ရှောက်အပ်ပေ၏။





ပဏ္ဍိတော - ပြုသမျှ ဖြစ်သမျှတို့ကို ပညာနှင့်ဆင်ခြင်၍၊ တိဏ္ဏံ - အရွယ်သုံးပါးတို့၏၊ အညတရံယာမံ - နောက်ဆုံး ပစ္ဆိမအရွယ်ကို၊ ပဋိဇဂ္ဂေယျ - အပြစ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်းတဲ့။

ဒီအရွယ်မှာမှ တရားမရှာရင် အမှားသံသရာ လည်ဦးတော့မှာပေါ့ ဒကာမကြီးရဲ့၊ ငြိုးတော့လည်း…

အကျဉ်းရုံးပြီး ရှင်းပြရရင်တော့ လူသားစားဘီလူးတို့ရန်မှ သံလှောင်အိမ် အကာအကွယ်ယူ၍ လွတ်မြောက်နိုင်သော်လည်း ဇရာဗျာဓိ မရဏဆိုတဲ့ ဘီလူးကြီးသုံးကောင်တို့ဘေးမှ မလွတ်နိုင်သည်မို့ အိုဘီလူး၊ နာဘီလူး၊ သေဘီလူးတို့ဘေးမှ၊ မုတ္တတ္တံ - ကင်းဝေးလွတ်မြောက်ရန်အလို့ငှာ၊ ပဗ္ဗဇိသာမိ - ဖန်ရည်ဆိုးသော ဝတ်သင်္ကန်းဖြင့် ရှင်ရဟန်းပြုရခြင်း ဖြစ်၏။

သို့ကြောင့် ဒကာမကြီးတို့လည်း လူဝတ်ကြောင်ကို မစွန့်နိုင်သေးရင်တောင်မှ တရားရိပ်ကို ခိုသင့်ပြီလို့ ဘုန်းကြီး တိုက်တွန်းပါရစေ။

'တင်ပါ့ဘုရား၊ ကိုယ်တော်သာ စိတ်အေးချမ်းသာ တရားရှာတော်မူပါ၊ တပည့်တော်မတို့လည်း နေသာသလို နေသင့်သလိုသာ နေသွားပါတော့မယ်ဘုရား'

'အိမ်း… သာဓု၊ သာဓု၊ သာဓု၊ ကိုင်း… ဘုန်းကြီးကြွမယ်'

'တင်ပါ့ဘုရား'

ဦးပဉ္ဇင်းကြီးက ထုံးစံအတိုင်း သပိတ်ပိုက် ဆွမ်းချိုင့်ဆွဲ၍ ပြန်ကြွသွား၏။ ဒေါ်လေး မဲ့ကာရွဲ့ကာနှင့် ကျန်ရစ်သည်။ ဦးပဉ္ဇင်းကြီး ခြံဝင်းထဲမှ ထွက်သွားသည်နှင့် ဒေါ်နန်းကြိုင် ဧည့်ခန်းထဲရောက်လာ၏။

'ဟွန်း… ပြောသွားဟောသွားတာတွေ ကြားတယ်မဟုတ်လား နန်းကြိုင်'



www.burmeseclassic.com

www.burmeseclassic.com



'ကြားပါတယ် ဒေါ်လေးရယ်၊ သူ တကယ်ပဲ ပြတ်နိုင်ပြီ ထင်ပါရဲ့'

'အို… ဖြစ်မလားအေ့၊ ညည်းသိက္ခာတွေပွန်းပြီး ယုန်ထင် ကြောင်ထင် အထင်မခံနိုင်ပါဘူးအေ၊ သူ့ဘက်က ဒီလိုဆိုမှတော့ ငါတို့ဘက်ကလည်း တစ်ဆင့်ထပ်တက်ရတော့မှာပေါ့'

'ဖြစ်ပါ့မလား ဒေါ်လေးရယ်'

'ဖြစ်ပါတယ် ငါပြောသလိုသာ လုပ်စမ်းပါအေ'

ဒေါ်နန်းကြိုင် သက်ပြင်းရှိုက်ရင်း စိတ်အိုက်သွားဟန်ရှိ၏။ ဒေါ်လေးက သူ့အကြံအစည် သူတွေးမိပြီး အားပါးတရ ပြုံးလိုက်လေတော့သည်။

* * *



## အခန်း (၂)

အင်ဗာတာဒီဗိုင်းအသစ်ကို စိတ်တိုင်းကျသွားဟန်နှင့် အပြီးသတ်လိုက်၏။ မီးတွေမှန်လာပြီဆိုသော်လည်း အင်ဗာတာဝယ်လိုအားက ကျဆင်းမသွားသေး၊ နယ်အမှာက ပိုတိုးလာသည်။ အနာဂတ်တွင် ဆိုလာစစ်စတမ်နှင့် စွမ်းအင်သုံးစွဲမှု မြင့်တက်လာမည်ဖြစ်၍ လိုအပ်သော ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် တီထွင်စမ်းသပ်မှု အပိုင်းကိုလည်း ပြင်ဆင်နေရသဖြင့် အလုပ်က တကယ်များနေသည်။

ဒီလိုအချိန်မှာ အဖေသာရှိနေလျှင် ဒီလောက်ထိ စိတ်ပင်ပန်းနေစရာမလိုမှန်းသိသဖြင့် ချမ်းအေးလည်း အဖေ့ကို လူထွက်စေချင်၏။ သို့သော် ဘဝကူးကောင်းဖို့ ပြင်ဆင်နေသော အဖေ့ကို မတားရက်။

ဒီရက်တွေထဲ အမေနှင့် အဘွားလေးတို့၏ တိုးတိုးကျိတ်ကျိတ် စကားဝိုင်းကလည်း အမြဲလိုရှိနေသည်။ သူ အနားသို့ရောက်သွားသည်နှင့် အမေတို့ ပြောလက်စ စကားတွေ လမ်းပြောင်းသွားတာလည်း သတိပြုမိ၏။ ဘာတွေများ ကြံစည်နေကြသည်မသိ။

အဖေ လူထွက်သည်ဖြစ်စေ၊ လူမထွက်သည်ဖြစ်စေ တစ်ဦးတည်းသောသားဖြစ်သည့် ချမ်းအေးမှာ အဖေ့လက်ငုတ်လုပ်ငန်းတွေကို မွေဆက်ခံရမည့်သူဖြစ်ရာ ခုကတည်းက အနာဂတ်ထုတ်ကုန်အတွက် ပြင်ဆင်နေရမည်ဆိုတာတော့ သူ ကောင်းစွာသဘောပေါက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် L.E.D, L.C.D မီးလုံးသုံး ကြော်ငြာဆိုင်းဘုတ်များတွင် တွင်ကျယ်ကျယ်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေရသည်။

တီထွင်ထုတ်လုပ်မှုက တစ်ဖက်ရောင်းဆိုင်က တစ်ဖက်နှင့် ဆိုတော့ တကယ်ပင်ပန်းနေခဲ့ပြီ။ တစ်ခါ ရန်ကုန်မြို့တွင်း အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များသို့ ဦးအောင်ချမ်းအမှတ်တံဆိပ် U.A.C လျှပ်စစ်ပစ္စည်းများ အလျှင်မပြတ်ဖြန့်ချိရေးကိုလည်း ကြီးကြပ်ရသေးသည်။ အမေက ကောင်တာထိုင်ပြီး ပစ္စည်းရောင်း ငွေသိမ်းတာလောက်ပဲ လုပ်ပေးနိုင်သည်ဆိုတော့ သိပ်အားကိုးရသည် မဟုတ်။

အဖေ လူပြန်မထွက်တော့ဘူးဆိုလျှင်တော့ ထုတ်လုပ်ရေး အပိုင်းနှင့် ဖြန့်ချိရေးအပိုင်းတွင် မန်နေဂျာတစ်ယောက်စီ ထပ်ခန့်မှ ဖြစ်တော့မည်ဟု ချမ်းအေး သုံးသပ်နေမိသည်။ ဒါက စီးပွားရေးအပိုင်း၊ လူမှုရေးအပိုင်းမှာလည်း စနေ၊ တနင်္ဂနွေနှစ်ရက်တော့ နာရေးကိစ္စများတွင် လုပ်အားပေးကူညီချင်သေးသည်။ အချိန်စေ့၍ တမလွန်ပြောင်းရွှေ့ရာတွင် အဆင်ပြေချောမွေ့စေရန်၊ မသိမသာအဖြစ်နှင့် လောကထဲ ထွက်မသွားရစေရန် အားထုတ်ဖို့ကိုလည်း သူမမေ့ချေ။

အင်း… ဘန်ကီမွန်းတောင် သူ့လောက် အလုပ်များမှာမဟုတ်ဟု တွေးမိသောအခါ ချမ်းအေး ပြုံးစိစိဖြစ်သွား၏။ တစ်ဆက်တည်း ဆိုသလို လူမှုရေးစိတ်ဓာတ်ရှိကြသော လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများဖြစ်သည်။ ဝဏ္ဏ၊ မျိုးနွယ်နှင့် ရာစုတို့ကို သတိရမိသည်။ ညနေ ဆိုင်ပိတ် အလုပ်သိမ်းလျှင် ဘော်ဒါများနှင့် ဘီယာဝိုင်းဖွဲ့ရလျှင် ကောင်းမည်ဟု ဆန္ဒဖြစ်လာ၍ မျိုးနွယ်ထံ ဖုန်းဆက်ချိန်းဆို လူစုခိုင်းလိုက်သည်။

အင်ဗာတာဒီဇိုင်းအသစ်ကို ထုတ်လုပ်ရေးဌာနသို့ ပို့၍ ကုန်ကျစရိတ် တွက်ခိုင်းရသည်။ လကုန်ဖို့ လေးရက်သာလိုတော့သဖြင့် ဝန်ထမ်းများအတွက် လစာတွက်ချက်ရသည်။ ရက်ပျက်မရှိဆု၊ လျှာ





အားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်သည့်ဆုများ ရရှိသည့် ဝန်ထမ်းစာရင်းကိုလည်း ပြုစုရသည်။ ညနေငါးနာရီမှာ မျက်စိများပင် ပြာဝေသာသဖြင့် အလုပ်နားလိုက်တော့၏။

ဘီယာဆိုင်ရှေ့ ကားထိုးရပ်လိုက်တော့ ဆိုင်ထဲမှ ဝဏ္ဏထွက်လာကာ လှမ်းခေါ်၏။ ဒီကောင်တွေ ဝိုင်းတောင် စနေကြပြီ။

'နောက်ကျလိုက်တာ ချမ်းအေးရာ'

'အေးကွာ၊ ဆိုင်ပိတ်ပြီးမှ အမေက အဖေ့ဆီ ညချင်းသုပ်ကပ်ခိုင်းလိုက်လို့ကွ၊ ဘုန်းကြီးကျောင်း ဝင်ရသေးတယ်'

'အင်း… မင်းရဲ့ဘိုးတော်လည်း အပြီးဝတ်တော့မယ်ထင်ပါရဲ့'

'ဘာပဲပြောပြော ချမ်းအေးရဲ့ဖားသားကြီးက ဧယားမိုက်ပြီးသား၊ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီးဆိုတော့ သူ့အနေအထားက 'မသိသော' ဖြစ်မှာမှ မဟုတ်တာ'

မျိုးနွယ်နှင့် ရာစုတို့စကားကြောင့် အားလုံးပေါ့ပေါ့ပါးပါး ရယ်ဖြစ်ကြ၏။ ချမ်းအေးက မာန်တက်သည့်လေသံနှင့်…

'မင်းတို့ ငါ့အလုံးကို အတော်ခံတွင်းတွေ့နေကြတယ်ပေါ့'

'တွိ… ပေါက်ကရတွေ လာမပြောနဲ့၊ မင်းပါးစပ်ကို ဘီယာနဲ့ ပလုပ်ကျင်းပစ်လိုက်စမ်း၊ ရော့'

ရာစု လှမ်းပေးသော ဘီယာကိုမော့သောက်ရင်း ရင်ထဲ အပျော်တွေ ပလုံစီလာ၏။ တစ်နေကုန် လူကြီးအယောင်ဆောင်နေခဲ့ရတာတွေ လွင့်သွားပြီး လူငယ်ဘဝကို အပီအပြင်ပြန်ရလိုက်သည်။

'ကဲ… ထူးခြားဖြစ်စဉ် ဘာရှိသေးလဲ'

'နွေရောက်ပြီလေ၊ ရေပြဿနာစပြီပေါ့၊ မနှစ်ကလို သောက်ရေရှားတဲ့ နေရာတွေသွားပြီး ရေလှူကြမယ်ကွာ၊ အဲဒါ မင်းပဲ ကြမ်းကထလုပ်ဦး'

'အေး… အေး… ရေကုသိုလ်ပဲကွာ၊ လုပ်ရမှာပေါ့၊ သတင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ နားစွင့်ထားကွာ၊ ဘယ်ဒေသမှာ ဘယ်လောက်ထိ ခက်နေပြီလဲ၊ အခက်ခဲဆုံးနဲ့ လူဦးရေအများဆုံးဒေသကို အရင်သွားကြတာပေါ့၊ အဲဒီအတွက် ငွေဆယ်သိန်း အရင်လှူမယ်'

'သာဓုကွာ၊ သာဓု၊ သာဓု'

'မင်းကွာ ဘီယာသောက်ပြီး သာဓုခေါ်တာ မလွန်လွန်းဘူးလား'

'ဘီယာက သာမညာ၊ သာဓုက အဓိကလေ'

ရာစု၏ သာဓုကြောင့် အားလုံး ရယ်လိုက်ကြ၏။ မျိုးနွယ်တစ်ယောက် တောင်ပံကင်တစ်ဖဲ့ဝါးရင်း...

'အဟင်း... ရေအလှူသွားရင် ကောင်မလေးတွေလည်း ပါလာမှာကွ၊ ဒီတစ်ခါတော့ ရည်းစားတစ်ယောက်လောက် အဖတ်တင်အောင် လုပ်ရမယ်ကွာ'

'ဘာလဲ မျိုးနွယ်၊ ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးမယ်ပေါ့'

'အေးလေကွာ၊ ငါတို့ လူပီသဖို့ အချိန်တန်ပြီမဟုတ်လား၊ မင်းရော ဘယ်လိုသဘောရလဲ ဝဏ္ဏ'

ဝဏ္ဏက မျိုးနွယ်အား ခွေးသေကောင်ပုပ်ကို စက်ဆုပ်ရွံရှာသလိုမျိုး ကြည့်လိုက်ရင်း...

'စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေ N.G.O တွေ နာမည်ပျက်သိက္ခာကျရတာ မင်းလိုကောင်စားတွေကြောင့်ပဲ မျိုးနွယ်'

ရိုက်ချက်က ပြင်းလှသဖြင့် မျိုးနွယ် တောင်ပံမခတ်နိုင်ဘဲ အမြီးကုပ်သွားရ၏။

'ဒီနေ့ခေတ် ဂျာနယ်စာမျက်နှာတွေကို လျှော့မတွက်ပါနဲ့ မျိုးနွယ်၊ ကောင်းရင် ကောင်းသလို မကောင်းရင် မကောင်းသလို ပွင့်ပွင့်လင်းလင်း ဖွင့်ချရေးပြမှာ မင်းကြောင့် ငါတို့ရဲ့ ရေအလှူကိစ္စ နာမည်အပျက်မခံနိုင်ဘူး'

'အောင်မလေးကွာ... အပေါက်စောင့်ပါးစပ်က ချယ်ယာမင်





စကားထွက်လို့၊ မင်းသာ အနူလက်နဲ့ ဘူဖေးတက်နှိုက်ဖို့ မကြိုးစားပါနဲ့'

မျိုးနွယ်နှင့် ဝဏ္ဏတို့ ဖဲ့ကွက်များက ပြင်းထန်ပြီး လက်ရည်လည်းညီလျက်ရှိသဖြင့် ချမ်းအေးနှင့် ရာစု စစ်ကူမပေးဘဲ အသာစောင့်ကြည့်နေလိုက်၏။

'မင်းကွာ၊ တခြား လွတ်လွတ်ကင်းကင်းမှာ ပွေစမ်း၊ မွှေစမ်း ကြိုက်သလိုလုပ်၊ အေး... အဖွဲ့အစည်းထဲမှာတော့ လာမလုပ်နဲ့၊ မိန်းမ ဒီလောက်ပဲရှားသလား'

'ရှားတာပေါ့ကွ၊ ငါ့အလုပ်က ဘောလုံးသမားတွေကို ထမင်းချက်ပေးရတဲ့ စားဖိုမှူးလေကွာ။ ငါ့ဘေးမှာ ယောကျ်ားတွေချည်းပဲ၊ ဒီတော့ ကြုံတဲ့အရပ် တွေ့တဲ့နေရာမှာ လက်တွဲဖော်ရှာရမှာ ငါ့အလုပ်ပဲ၊ ကာလ ဒေသ တွက်မနေနိုင်ဘူး'

'ရေအလှူထွက်မှပဲ ရည်းစားရှာရသလား၊ နာရေးကူညီမှုလုပ်ရင်း ရှာလည်း ရတာပဲဟာ'

'နာရေးကူညီရင်း ရည်းစားရှာရင် မသာမပဲ တွေ့ရမှာပေါ့ကွ သေခြင်းဆိုးရ'

စကားခဏအရပ်မှာ ဘီယာကရားထဲမှ အရည်များ အရွေ့အပြောင်းဖြစ်သွားကြ၏။ ကရားထဲမှ ဖန်ခွက်ထဲ၊ ဖန်ခွက်ထဲမှ ပါးစပ်ထဲသို့ အရွေ့အပြောင်းတွေ မြန်ဆန်နေကြလေသည်။ တုပ်ကွေးဖြစ်နေခြင်းမရှိဟု ယူဆရသော ကြက်တို့၏ တောင်ပံများကိုလည်း တကျွတ်ကျွတ်ဝါးကြ၏။ ဝါးနေရင်းမှ ဝဏ္ဏက တစ်စုံတစ်ခုကို သတိရဟန်နှင့်...

'ပြီးခဲ့တဲ့ စနေက ချုသွားတဲ့ မရီဝေလွင်ဆိုတဲ့ ကောင်မလေးရဲ့ နာရေးကို သတိရသေးလား'

'အေး... မှတ်မိတယ်၊ အတော်စည်တာကွ၊ ချမ်းအေးစကား အရဆိုရင် မသိမသာမဟုတ်ဘူး၊ လူသိတော်တော်များတဲ့ မသာလေးကွ'



www.burmeseclassic.com

www.burmeseclassic.com



'အေး... ငါလည်း မှတ်မိတယ်၊ သူ့ကျတော့ တစ်မျိုးကွ၊ ဦးသုမောင်တို့၊ ဦးဝဏ္ဏတို့လို လူသိများတာတော့ မဟုတ်ဘူး၊ စပ်စုချင်လို့ လူစည်တာ'

'ဟင်... မင်း ဘယ်လိုလုပ်သိလဲ ချမ်းအေး'

'ငါလည်း သွားကြည့်တယ်လေကွာ၊ ကောင်မလေးက တော်တော်ချောတာကွ၊ ချောပေမယ့် ကြားရတဲ့ သူ့အကြောင်းက မကောင်းဘူး၊ ကောင်မလေးမှာ ရည်းစားရှိတယ်၊ ဆယ်တန်းမှာ သုံးဘာသာဂုဏ်ထူးထွက်တယ်တဲ့၊ ဒါပေမဲ့ အနေအထိုင်မတတ်လို့ ရည်းစားဘဝမှာတင် ကိုယ်ဝန်ရှိရော ကောင်လေးက ရှောင်ပြေးတော့ ကိုယ်ဝန်ဖျက်ချရင်းနဲ့ ဆုံးသွားတာတဲ့'

'သိလှချည်လား ချမ်းအေးရာ၊ ကေန္တ ရှောင်ပြေးတဲ့ကောင်လေးက မင်းပဲဖြစ်ရမယ်'

'ထောင်တန်တဲ့စကား ရယ်မောပြီး ဖော့ရုံနဲ့ ပေါ့သွားမှာ မဟုတ်ဘူး'

'ဟုတ်ပါပြီ ချမ်းအေးရာ၊ ကဲ... ကဲ... ထောင်တန်တဲ့ မင်းရဲ့စကားကို တစ်ကျွန်းရောက်အောင် ဆက်စမ်းပါဦး'

'ကဲပါ ရာစုရာ၊ မင်းနောက်တာနဲ့ ချမ်းအေး ခွေးအကြီးကားဖြတ်ကြိတ်သလိုဖြစ်နေပြီ၊ ကဲ... ချမ်းအေး ဆက်ဖော၊ အဲ... ဆက်ပြော'

'ဒီလိုကွ... ငါပြောချင်တာက လူစည်သော နောက်ဆုံးခရီးဖြစ်ခဲ့သလို လူသိတဲ့မသာဖြစ်ပေမယ့် ဦးသုမောင်တို့လို တသသနဲ့တော့ ဖြစ်မကျန်ခဲ့ဘူးကွ'

'အေးနော်... ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ဆိုသလို အတင်းပြော ခုနစ်ရက်နည်းနဲ့ စည်သွားတာ'

'ဟုတ်တယ် ရာစု၊ အပျိုလေးတန်မဲ့ ကိုယ်ဝန်ဖျက်ချတယ်ဆိုတဲ့သတင်း၊ အဲဒီအဖြစ်ကြောင့် သေသွားရတယ်ဆိုတဲ့ အကြောင်းအရာ၊





ရှောင်သွားတဲ့ကောင်လေး အသုဘလာပို့မှာလားဆိုတဲ့ သိချင်စိတ်၊ ပြီးတော့ ဆယ်တန်းသုံးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တဲ့ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ ကောင်မလေး စတဲ့ အချက်အလက်တွေကြောင့်သာ စည်ကားသွားတာလေ'

'အင်း... လွန်ရောကျွံရော လလည်ဆွမ်းသွတ်တဲ့အထိ လောက်ပဲ ပြောကြဆိုကြ တသသဖြစ်ကြမှာပေါ့'

'ဟုတ်တယ်၊ အဲဒါ မိုင်ကုန်ပဲ'

လူငယ်တွေ ဝိုင်းဖွဲ့ဘီယာသောက်ပြီး ပြောနေသော စကားတွေမှ ဟုတ်ပါလေစဟု တွေးရလောက်အောင် ချမ်းအေးတို့ပါးစပ်က သေခြင်းတရားတွေသာ လွှမ်းနေလေ၏။

ဒါကလည်း ကျင်လည်ရသည့် အသိုင်းအဝိုင်း၊ ဖြတ်သန်းရသည့်ဘဝအနေအထား၊ စူးစူးနှစ်နှစ်ရှိသည့် ဝါသနာတို့က ပြဋ္ဌာန်းလိုက်ခြင်းသာ ဖြစ်သည်။

ချမ်းအေးတို့အုပ်စုက အများအကျိုးဆောင်ရွက်ရတာ ဝါသနာပါသည်။ ဘဝတိုးတက်ရာတိုးတက်ကြောင်းကို အမြဲအာသာမေးမေးနှင့် စူးစမ်းနေကြသူများလည်း ဖြစ်သည်။ သို့ဖြစ်၍ အပြောင်အပျက်ပြောသော စကားဝိုင်းမှာပင် အဓိပ္ပာယ်ရှိသော၊ လေးနက်သော အကြောင်းအရာများ ပါဝင်နေခြင်းဖြစ်၏။

ပြောပြောသောက်သောက်နှင့်မို့ လူလေးယောက် ဘီယာငါးဗူးကုန်သွားသည့်အခါ ရီရီဝေဝေဖြစ်လာကြသလို အမှောင်ထုလည်း အားကောင်းလာခဲ့ပြီ။ စကားတို့လည်း တောင်ရောက် မြောက်ရောက် ဖြစ်လာကြ၏။

'ကဲ... ဒီဝိုင်းလည်း ငါပဲရှင်းလိုက်ပါ့မယ်ကွာ၊ စနေ တနင်္ဂနွေ ရေဝေးမှာဆိုရင် ရေအလှူကိစ္စ အသေးစိတ်ဆွေးနွေးကြတာပေါ့'

'အိုကေ... သာစု'



www.burmeseclassic.com

လမ်းခွဲကြသောအခါ ညက အပျိုဖော်ဝင်အောင် အရွယ် ရောက်နေခဲ့ချေပြီ။

* * *

ဒေါ်နန်းကြိုင်မှာ အလှူအတန်းသွားမည့် လူတစ်ယောက်လို ဝတ်စားပြင်ဆင်ထားသဖြင့် လှပကျော့ရှင်းလျက်ရှိ၏။ ဒေါ်လေးပင် လျှင် အိမ်နေရင်းအဝတ်အစားနှင့် မဟုတ်။ အတော်သားနားနေလေ သည်။ ညှော်ခံပွဲတစ်ခုခု သွားမလို့လား။ ညှော်ကောင်းစောင်ကောင်း လာမှာမို့လား။ တစ်ခုခုတော့ ထူးခြားနေ၏။

ထိုအခိုက်မှာပင် ပေါ်တီကိုအောက်သို့ ကားအကောင်းစားကြီး တစ်စီး ထိုးဆိုက်လာသည်။ ဒေါ်လေးနှင့် ဒေါ်နန်းကြိုင် ပျာပျာသလဲ ဆီးကြိုကြ၏။

'လာ… မောင်အောင်ကျော်၊ မင်းရောက်လာတာ အချိန်ကိုက် ပဲ'

'ဟုတ်ကဲ့… ဟဲ… ဟဲ… ဒေါ်လေးတို့ အကူအညီတောင်း လို့သာ လာခဲ့ရတာ၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

'ဘာမှတစ်မျိုးကြီးဖြစ်မနေနဲ့ မောင်အောင်ကျော်၊ စိတ်ကို ပေါ့ပေါ့သာထား၊ မီးစင်သာကြည့်က၊ နန်းကြိုင်ကလည်း ကြောင်မနေ နဲ့၊ ညည်းက ဦးဆောင်ရမှာနော်'

'ဟုတ်ကဲ့ပါ ဒေါ်လေးရယ်'

ဒီဇာတ်လမ်းမှာ ဝတ္ထု ဇာတ်ညွှန်းဒါရိုက်တာက ဒေါ်လေးသာ ဖြစ်၏။ ဒေါ်လေးရိုက်ညွှန်းအတိုင်း ဒေါ်နန်းကြိုင်နှင့် ကိုအောင်ကျော် တို့သာ အပီအပြင်သရုပ်ဆောင်နိုင်လျှင် ဒီနေ့ တိကျသောအဖြေတစ်ခု ကို သိကြရမည်ဖြစ်၏။ ဘယ်ကိစ္စကို အဖြေထုတ်ဖို့ ကြိုးစားနေကြ တာများလဲ။





အချိန်က မနက်ဆယ်နာရီစာတီ မျက်လွှာချကာ အမှတ်နှင့် ကြွလှမ်းသော ဦးပဋ္ဌင်းကြီးက ထုံးစံအတိုင်း သပိတ်ပိုက်၍ ဆွမ်းချိုင့် ကိုဆွဲကာ တရွေ့ရွေ့ တိုက်လှေကားများကို တစ်ထစ်ချင်းတက်လာ သလို အကြည့်က သုံးတောင်ထက်မပို။ နေကထိုင်ခင်း၍ ပြင်ဆင်ပေး ထားသော ထိုင်ခုံတွင် နေရာယူလိုက်သည်အထိ ဣန္ဒြေအပြည့်နှင့် မျက်လွှာချထားဆဲ။

'ဟော… ဦးပဋ္ဌင်းကြီး ကြွလာပြီကိုး'

အသံနှင့်အတူ ဒေါ်လေး ဆွမ်းချိုင့်ကို လာယူသည်။ ဒေါ်လေး အသံနှင့်လူပါ ပျောက်သွားပြီး ခေတ္တမျှတိတ်ဆိတ်သွား၏။

'ကျွန်မ စဉ်းစားပါရစေဦး ကိုအောင်ကျော်ရယ်'

'ဘာကိုစဉ်းစားနေဦးမှာလဲ မမရယ်၊ ဒီလောက် စိတ်သောက ရောက်ပြီး ပင်ပန်းနေတဲ့ မမကို ဒီထက်ပိုပြီး မကြည့်ရက်တော့ဘူး'

မျက်စိမှိတ်၍ ရှုရှိုက်ရှုရှိုက်နှင့် အာနာပါနကမ္မဋ္ဌာန်းစီးဖြန်း နေသော ဦးပဋ္ဌင်းကြီး မျက်လုံးများ ဖျတ်ခနဲပွင့်လာ၏။ သူကြားလိုက် ရတာ နန်းကြိုင်နှင့် အခြားလူတစ်ယောက်တို့ အပြန်အလှန်ပြောနေကြ သော စကားများဖြစ်သည်။

'မဟုတ်သေးပါဘူး မမရယ်၊ ခုချိန်မှာ မမလည်း လွတ်လပ် သူတစ်ယောက်ပဲ မဟုတ်လား'

'ဒါ… ဒါပေမဲ့ အိမ်သားက ကွာရှင်းပေးခဲ့တာ မဟုတ်ဘူး လေ'

'မမပြောတော့ သူက တစ်သက်လုံးဝတ်တော့မှာဆို၊ ပြန် မထွက်တော့ဘူးဆို၊ ဒါဆို ပြီးပြီလေ'

ဒီတစ်ခါ ထပ်ကြားရသော စကားသံများအရ ဦးတည်သော အကြောင်းအရာကို ဦးပဋ္ဌင်းကြီး လိပ်ပတ်လည်အောင် ရှင်းရှင်းလင်း လင်းသိလိုက်ရပြီ။ ထို့ကြောင့် ငုံ့ထားသောခေါင်း မော့လာ၏။ အသံ လာရာဆီသို့ စူးစမ်းကြည့်၏။ ကိုယ်တော်၏ ညာဘက်ဘေး ခန်း တွင်းမှ စကားသံများ ထပ်ထွက်လာသည်။ လူကိုတော့ မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မစောင့်နိုင်တော့ဘူး မမ၊ မမကို သနားလှပြီ'

'အဲလို ဖွတ်မလုပ်ပါနဲ့ကွယ်၊ မမကို သုံးရက်လောက်ပဲ အချိန်ပေးပါ၊ အိမ်က လူကို သေချာအောင် ထပ်မေးချင်သေးလို့ပါ'

ဦးပဉ္စင်းကြီး မျက်လုံးပြူးကာ ချွေးတွေစို့လာ၏။ ကုန္ဒြေတွေ၊ သိက္ခာပုဒ်တွေ အကုန်မေ့သွားသလို သပိတ်ကို အသာချကာ ထိုင်ရာမှ အသံမမြည်အောင်ထ၍ ဧည့်ခန်းထဲသို့ချောင်း၏။ လားလား… မြင်လိုက်ရသည်က သိပ်လှနေသည့် သူ့ဇနီး နန်းကြိုင်နှင့် ခန့်သန့်သန့် လူလတ်တစ်ယောက်။

ထိုအကောင်က လူမမာ အမဲခြောက်ဖုတ်တောင်းသလိုရှိပ်နှင့် နန်းကြိုင်ကို ရွှန်းရွှန်းစားစားကြည့်ကာ…

'ကောင်းပြီလေ၊ သုံးရက်ပဲနော် မမ၊ ကျွန်တော် ဒီ့ထက်ပို မစောင့်နိုင်တော့ဘူး'

'စိတ်ချပါ ကိုအောင်ကျော်'

လူ့ဘဝက ဇနီးနှင့် အခြားယောကျ်ားသားတစ်ဦးတို့၏ ဘဝအရေးဆွေးနွေးပွဲအား ကုန္ဒြေပျက်စွာချောင်းကြည့်နေသည့် ဦးပဉ္စင်းကြီး အဖြစ်ကို အိမ်နောက်ခန်းမှလှမ်းကြည့်ရင်း အကြီးအကျယ် သဘောကျနေသူကတော့ ဤဖြာတ်လမ်း၏ ဒါရိုက်တာကြီး ဒေါ်လေးညိုမြသာလျှင် ဖြစ်တော့၏။

ဦးပဉ္စင်းကြီးက ထိုအဖြစ်ကို သတိမပြုမိဘဲ အလုကြီးလုကာ ဟန်မူပိုနေသည့် ဇနီးနှင့် နွားသိုးကြိုးပြတ် အောင်ကျော်ဆိုသူကိုကြည့်ရင်း မစ္ဆရိယစိတ်ပွားကာ မောဟနှင့် လောင်မြိုက်၍ ကုန္ဒြေပျက်ယွင်းလျက်ရှိသည်။

အဖြစ်က အသိသာကြီးမို့ ဒေါ်လေး ချောင်းဟန့်သံပေးလိုက်၏။ ဦးပဉ္စင်းကြီး ဆတ်ခနဲတုန်သွားကာ ချောင်းနေရာမှ ပြန်ပြေးလာပြီး မူလနေရာတွင် ပြန်ထိုင်လိုက်သည်။ ကုန္ဒြေပျက်နေသလို သင်္ကန်းတစ်ထည်လုံးလည်း ချွေးများနှင့် ရွဲနစ်နေလေ၏။





ဦးပဉ္စင်းကြီး နေသားတကျဖြစ်သွားမှ ဒေါ်လေး ဆွမ်းချိုင့်ဆွဲ၍ ဝင်လာ၏။ ထုံးစံအတိုင်း ဆွမ်းချိုင့်ကိုကပ်၍ စားပွဲပေါ်တင်လိုက်သည်။ ပြီးတော့ ပဆစ်တုပ်၍ ဝတ်ပြု၏။

'ဦးပဉ္စင်းကြီး… တပည့်တော်မ ဒီနေ့ ဥပုသ်စောင့်မှာမို့ သီလပေးရင်း တရားချီးမြှင့်ပါဦး ဘုရား'

'အင်း… ဖြည်းဖြည်းပေါ့၊ အခု အိမ်မှာ ဧည့်သည်ရောက်နေတာလား'

'ဟုတ်တယ် ဦးပဉ္စင်းကြီး၊ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် သူဌေးလေးလေ၊ ရွှေစွန်ညို ဘာကိုလိုလို့ ဝဲနေမှန်းကို မသိပါဘူး၊ ချမ်းသာတာကတော့ ကျိုကျိုတက်ပဲ၊ စီးလာတဲ့ကားသာ ကြည့်ပါတော့ ဘုရား'

'အင်း… ဟိုဒကာလေးကရော အိမ်မှာ ဘာလို့မရှိတာလဲ၊ ကိုယ့်အမေကို စောင့်ရှောက်ရမှာပေါ့'

'မောင်ချမ်းအေးကလည်း အလုပ်တစ်ဖက် အရောင်းဆိုင်တစ်ဖက်နဲ့ ဘယ်လိုအားမှာလဲ ဘုရား၊ ဦးပဉ္စင်းကြီးကလည်း လုံးဝစွန့်ပယ်သွားခဲ့ပြီ မဟုတ်လား၊ ဒါကြောင့် နန်းကြိုင်လည်း…'

ဒေါ်လေးက စကားကို အဆုံးမသတ်ဘဲ သက်ပြင်းရှိုက်ရင်း ခိုးအကြည့် ဦးပဉ္စင်းကြီး မျက်စိမျက်နှာပျက်နေတာကို တွေ့ရ၍ ကျိတ်ပြုံးလိုက်၏။ ဦးပဉ္စင်းကြီး သပိတ်ကိုပိုက်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

'ဟင်… ဦးပဉ္စင်းကြီး၊ သီလပေးသွားဦးလေ'

'ကျုပ် နေမကောင်းဘူး၊ အောက်စက်နဲ့ တရားခွေဖွင့်ပြီးသာ သီလယူလိုက်တော့'

ပြောပြောဆိုဆို ဦးပဉ္စင်းကြီး ပြန်ကြွသွား၏။ ဆွမ်းချိုင့်ပင် ယူသွားဖို့ပင် သတိမရ။ ထိုအဖြစ်ကိုကြည့်ပြီး ဒေါ်လေး တခစ်ခစ်ရယ်၍ ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… နန်းကြိုင်တို့ မောင်အောင်ကျော်တို့ရဲ့ အရေးတော်ပုံကတော့ အောင်မြင်သွားပြီဟေ့'

ညော့်ခန်းထဲဝင်လာသော ဒေါ်လေး၏ အပြောကြောင့် ဒေါ်နန်းကြိုင် ဝမ်းသာအားရ ထရပ်ရင်း…

'သူ… သူ ဘာဖြစ်သွားလဲဟင်'

'ဆောက်တည်ရာမရကို ဖြစ်သွားတာဟေ့၊ သီလပေးသွားပါဦးဆိုတာတောင် မရဘူး၊ ဆွမ်းချိုင့်ကြီးပါ မေ့ထားခဲ့တာ၊ ပြီးရော'

ဒေါ်လေးက ဦးပဥ္စင်းကြီး ဖြစ်ပျက်သွားပုံ အစအဆုံးကို အရင်းအတိုင်း ဖောက်သည်ချပြလိုက်၏။

'ဟင်း… အဲလိုလုပ်ရတာ ကျွန်တော် ငရဲကြီးမှာကြောက်တယ်ဗျာ'

'သြော်… မောင်အောင်ကျော်ရယ်၊ သူက တကယ်တရားရလို့ ဘုန်းကြီးဝတ်သွားတာမှ မဟုတ်တာ၊ ငရဲမကြီးပါဘူးကွယ်၊ သက်သက်မဲ့ အပါးခိုပြီး အနားယူနေတာ၊ အခုဖြစ်ပျက်သွားတာကိုပဲကြည့်လေ၊ တကယ်သာ သံသရာလွတ်ကြောင်း ကျင့်ကြံတဲ့လူက တုန်လှုပ်မှုဖြစ်စရာလား၊ ဥပေက္ခာနဲ့ တည်ငြိမ်နေရမှာပေါ့'

'ဒါတော့ ဒါပေါ့ဗျာ၊ ဘယ်လိုဖြစ်ဖြစ် အပြစ်မကင်းသလို ခံစားရတယ်'

'ကဲ… မောင်အောင်ကျော်၊ ဘာမှဖြစ်မနေနဲ့၊ မိသားစုတစ်ခု မပြိုကွဲအောင် ကူညီခဲ့တဲ့အတွက် မင်းက ကုသိုလ်တောင်ရဦးမှာ'

ဒေါ်လေးအပြောကြောင့် အောင်ကျော် သက်ပြင်းကိုသာ ရှိုက်လိုက်ရင်း…

'အင်း… အဲဒါဆိုလည်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ အလုပ်လေးတွေ ရှိသေးလို့'

'သြော်… ဟုတ်ကဲ့၊ ကျေးဇူးပဲနော် ကိုအောင်ကျော်'

'ရပါတယ်ဗျာ၊ အပန်းကြီးတာမှ မဟုတ်တာ'





'ကိုင်း… မောင်အောင်ကျော် စိတ်အေးအေးနဲ့သာ ပြန်တော့၊ မင်းတို့မြို့အတွက် လျှပ်စစ်ပစ္စည်းတွေကို မင်းပဲ တစ်ဦးတည်းကိုယ်စားလှယ်ရပြီလို့သာ မှတ်၊ တခြား ဘယ်ဆိုင်မှမပို့ဘူး၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့… အဲဒီအတွက်တော့ ကျေးဇူးတင်ပါတယ်ဗျာ၊ ခွင့်ပြုကြပါဦးနော်'

'ကောင်းပါပြီရှင်'

အောင်ကျော် ပြန်သွားပြီးနောက် နန်းကြိုင်က ဒေါ်လေးအား…

'ဒေါ်လေး ကိစ္စက ထူးခြားမှုရှိပါ့မလား'

'အမလေး… နန်းကြိုင်ရယ်၊ ပူတတ်ရန်ကော၊ အလွန်ဆုံးမနက်ဖြန်ပဲ၊ ညည်းရဲ့ကိုယ်တော် လူဝတ်လဲပြီး ပြန်မလာဘူးဆိုရင် ကျုပ်ဇက်ကိုသာဖြတ်'

ဒေါ်နန်းကြိုင်မှာတော့ ရင်မောစွာနှင့် သူတို့၏ မင်္ဂလာစုံတွဲဓာတ်ပုံကြီးဆီသို့ ငေးနေရှာတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့သည် လေပွေတို့တိုက်ခတ်၍ ခြောက်သွေ့သည့် စနေနေ့တစ်နေ့ဖြစ်ပြီး မနေ့ကထက် အပူချိန်ပိုသည်ဟု ထင်ရ၏။ ကြည့်လေရာ မြင်လေရာတွင် တံလျှပ်တို့ လက်လက်ထနေသည်။ ရေဝေးသချိုင်းသည်လည်း နွေနေအပူအောက်တွင် ပြားပြားဝပ်နေလေ၏။ ချမ်းအေးနိမ့်ဗျာန်ယာဉ်ခေါင်းခန်းထဲမှ နာရေးယပ်တောင်တစ်ချောင်း ဆွဲယူရင်း အပူသက်သာအောင် ယပ်ခတ်နေလိုက်သည်။

လက်ညောင်းလာတော့ ယပ်တောင်မှနာမည်ကို ဘာရယ်မဟုတ် ဖတ်ကြည့်မိ၏။ ဦးသံနှစ်အောင် အသက် ၄၈ နှစ်တဲ့။ သူသိသည့်လူတော့ မဟုတ်။ ယပ်တောင်နောက်ကျောသို့ လှန်ကြည့်လိုက်သည်။

တစ်နေ့ကွယ် သေနယ်သို့တစ်ခါကူး
မေ့လျော့ကာ မသေဘူးမထင်ပါနဲ့
နေကွယ်တာ အကြိမ်များရင်
တစ်ကြိမ်မှာ သေရွာသွားရပါလိမ့်မယ်
တားမရဘူး။

သံဝေဂလင်္ကာလေးက အမှန်တရားကို လှလှပပလေး သီကုံးပြထား၏။ တစ်နေ့ကုန် တစ်နေ့ကွယ် သေနယ်နှင့် ပိုပို၍နီးလာတတ်ကြောင်း ထိုသို့နေကွယ်တာ ရက်များစွာကြာပြီးလျှင်တော့ သင်လည်း





သမှာ မုချကေန်မလွဲပါ။ တား၍မရနိုင်သောကိစ္စပါဟု သတိပေးထားသည်။ မှန်လိုက်တာ။ လင်္ကာလေးကိုဖတ်ရင်း ချမ်းအေး ငိုင်သွား၏။

သူ့အသက် နှစ်ဆယ့်နှစ်၊ ထိုနှစ်များကို ရက်ဖွဲ့ကြည့်ပါက ၈၀၃၀ ရှိပြီ။ ဒါဆို နေဝင်နေထွက် အကြိမ်ပေါင်း ၈၀၃၀ ကို သူဖြတ်သန်းပြီးခဲ့ပြီပေါ့။ နောက်ထပ် နေဝင်တာကို ဘယ်နှကြိမ်များမြင်ခွင့်ရဦးမှာပါလဲ။ ဒါကိုတော့ ဘယ်သူမှ အတပ်မသိနိုင်။ အတိတ်နှင့် ပစ္စုပ္ပန်လုပ်ရပ်များက ပြဋ္ဌာန်းသွားမည့် အနာဂတ်သာဖြစ်နေသည်မဟုတ်လား။

မည်မျှကြာအောင် အတွေးတွေ အိုဗာစတေးဖြစ်သွားသည်သိ။ ပခုံးကိုလာပုတ်မှ သတိပြန်ဝင်လာ၏။

'တက်... သွားမယ်'

'ဘယ်ကိုလဲ ဝဏ္ဏ'

'မြောက်ဥက္ကလာ'

နေဝင်နေထွက်ကို မသိနိုင် မမြင်နိုင်တော့သော အလှူဘောကြီးတစ်ခု သွားသယ်ရဦးမည်ပေါ့။ ရှေ့ခန်းတွင်ပင် သက်သောင့်သက်သာထိုင်ရင်း ဝဏ္ဏမောင်းနှင်ရာနောက်သို့ ဆိတ်ငြိမ်စွာလိုက်ပါလာခဲ့၏။ သူ့အတွေးတွေ အမျှင်မပြတ်သေး။ လူတစ်ယောက် တစ်နေ့ရှစ်နာရီအိပ်သည်ဆိုလျှင် အသက်သုံးဆယ်အရွယ်ရှိ လူတစ်ယောက်မှာ ဆယ်နှစ်တိတိ အိပ်နေခဲ့ပြီးဖြစ်မည်ဟု စဉ်းစားမိတော့ သူ လန့်သွား၏။

ဒါဆို အသက်ခြောက်ဆယ်အရွယ်ရှိ လူတစ်ယောက် လူ့ဘဝ၊ လူ့လောကတွင် လှုပ်ရှားသွားလာ လုပ်ကိုင်နေခဲ့သည့်ကာလမှာ နှစ်လေးဆယ်သာ ရှိသည်ပေါ့။ အချိန်တွေ တိုတောင်းလိုက်တာ။ လောကမှာ နေခွင့်ရတာ ဘာမှမကြာပါလား။ ချမ်းအေး တွေးလေလန့်လေဖြစ်လာ၏။ သူသည်ပင်လျှင် ခုနစ်နှစ်ခွန်းခွန်းလောက် အိပ်ခဲ့ပြီးဖြစ်နေတာကို အထိတ်တလန့် သိလိုက်ရ၏။ ကားက တံ့ခနဲရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မာလာတို့အိမ်'

ဝဏ္ဏက လမ်းပေါ်မှ လူတစ်ယောက်ကို လှမ်းမေး၏။ ထိုလူက မလှမ်းမကမ်းသို့ အသေအချာညွှန်ပြရင်း...

'ရှေ့သုံးအိမ်ကျော်မှာဗျ၊ မနက်ဆယ်နာရီလောက်က ဆုံးသွားတာ'

'ဟုတ်ကဲ့... ကျေးဇူးပဲနော်'

ဆယ်ပေအကျယ်လောက်သာရှိမည့် သေးသေးကုပ်ကုပ် အိမ်လေးရှေ့ ကားရပ်လိုက်၏။ ချမ်းအေးနှင့် ဝဏ္ဏ ကားပေါ်မှဆင်းလိုက်ကြသည်။ လူသုံး၊ လေးယောက်တွေ့သော်လည်း အော်ကြီးဟစ်ကျယ် ငိုသံကိုတော့ မကြားရ။ ချမ်းအေးတို့ အိမ်ပေါ်တက်လာခဲ့သည်။

အဝတ်အစားသစ်များနှင့် ပြင်ဆင်ထားသော ဒေါ်မာလာဆိုသည့် အမျိုးသမီးကြီး၏ ရုပ်အလောင်းကို တွေ့ရ၏။ ချမ်းအေးတို့ ထုံးတမ်းစဉ်လာစကားများ ပြောရသည်။

'ကိစ္စအားလုံး နာရေးကူညီမှုအသင်းကို အပ်မှာပါလား ခင်ဗျာ'

အသုဘရှင်ဟု ယူဆရသော မိန်းကလေးငယ်တစ်ဦးက အိပ်ရေးပျက်မျက်နှာ၊ ရီဝေဝေမျက်ဝန်းများနှင့် တိုတိုတုတ်တုတ်ဖြေ၏။

'ဟုတ်ကဲ့ရှင့်'

'ဒါဆို ဒီစာရွက်မှာ လက်မှတ်ထိုးပေးပါ၊ သေစာရင်းမှုရင်းစာရွက် လာပေးပါ'

ဆောင်ရွက်ဖွယ်ကိစ္စများ ပြီးသွားတော့...

'ကျွန်တော်တို့ သယ်သွားလို့ရပြီပေါ့'

'ဟုတ်ကဲ့'

ချမ်းအေးနှင့် ဝဏ္ဏ ကားဆီပြန်လာပြီး အလူမီနီယံနှင့်လုပ်ထားသောအခေါင်းနှင့် အလောင်းတင်ကတ်ကို သယ်လာသည်။ အမျိုးသမီးကြီးနားတွင် ချထားလိုက်သည်။ အလူမီနီယံခေါင်းကို ဖယ်လိုက်





ပြီး အလောင်းကို ကတ်ပေါ်သို့ မရွှေ့လိုက်၏။ ရှိုက်သံသဲ့သဲ့ ကြားရသည်။

အလောင်းပေါ်သို့ အခေါင်းကို ပြန်အုပ်လိုက်၏။ လူငယ်လူရွယ်များ ဝိုင်းဝန်းသယ်မမှုနှင့် ကားဆီရောက်လာခဲ့သည်။ ကားပေါ် နေသားကျအောင် နေရာချထားလိုက်၏။

'ဟို... ဟို... ဘယ်သူလိုက်မှာလဲ'

'ကျွန်မ လိုက်မှာပါ'

'ဒါဆို တက်ပါ'

ကောင်မလေး ကားနောက်ခန်းထဲသို့ ဝင်ထိုင်သည်။ ချမ်းအေးလည်း တက်လိုက်၍ လှန်တင်ထားသော နောက်ခန်းတံခါးကို ဆွဲပိတ်လိုက်ပြီး နောက်သို့လှည့်ကြည့်နေသည့် ဝဏ္ဏအား လက်ပြလိုက်၏။ ကားစက်နှိုးသံ ထွက်လာသည်။

လူတစ်ယောက်၏ နောက်ဆုံးခရီးက စခဲ့ပြီ။ နိဗ္ဗာန်ယာဉ်နောက်ခန်းတွင်...

ချမ်းအေးက ကား၏ညာဘက်ခြမ်းတွင် ထိုင်နေပြီး ကောင်မလေးက ဘယ်ဘက်ခြမ်းတွင် ထိုင်နေသည်။ အလယ်တွင် သက်မဲ့ရုပ်အလောင်းတစ်လောင်း ရှိ၏။ အမှတ်မထင် ကောင်မလေးကိုကြည့်မိတော့ အသံမထွက်ဘဲ မျက်ရည်တွေစီးကျနေတာ တွေ့ရသည်။ သူစိမ်းယောကျ်ားတစ်ယောက်ရှေ့တွင် ငိုရမှာ ရှက်နေပုံမျိုး၊ ချမ်းအေးလည်း အားနာသဖြင့် သေသေချာချာပင်မကြည့်ဘဲ အကြည့်လွှဲလိုက်တော့ အလူမီနီယံခေါင်းမှန်ပေါက်မှ သေသူ၏မျက်နှာကို တွေ့ရသည်။

စောစောက သေစာရင်းထဲမှာ ပါသည့်အတိုင်းသာဆိုလျှင် သေသူ ဒေါ်မာလာမှာ လေးဆယ့်ခြောက်နှစ်သာ ရှိသေး၏။ နေမည်ဆို အများကြီးနေနိုင်သေးသည့်အရွယ်မှာပင် တမလွန်သွားစီတော်ကို သူ ရရှိသွားခဲ့သည်။ အမျိုးသမီးကြီး၏ ရုပ်ရည်က ချောမောခဲ့ပုံရသားလွန်းလှသည်။ အသက်မဲ့နေတာတောင် ကြည့်လို့ကောင်းတုန်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် ငေးမောနေခိုက် ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်၏။ အမျိုးသမီးကြီးမှာ နားကပ်ဝတ်ဆင်လျက်သား။

ပွဲဆွေးသောက ဗျာပါဒတို့ကြောင့် ဖြုတ်ယူထားဖို့ မေ့သွားကြသည်ထင့်။ ဒါကို အသိပေးဖို့ အသုဘရှင်မိန်းကလေးကို ရဲရဲဝံ့ဝံ့ကြည့်လိုက်သည်။ ထိုအခါမှ နွမ်းနွမ်းဖတ်ဖတ်နှင့် ကောင်မလေးအရမ်းလှတာကို သတိပြုမိသွား၏။ ချမ်းအေး ဘာစကားမှမပြောနိုင်လောက်အောင် သူမအလှ၏ ဖမ်းစားခြင်းကို ခံလိုက်ရသည်။ မျက်ရည်တို့ ရစ်သိုင်းနေသည့် မျက်ဝန်းအစုံက ဝိုင်းစက်မည်းနက်ပြီး ကြည်လင်တောက်ပနေ၏။

နှာတံချွန်ချွန်လေးနှင့် နှုတ်ခမ်းဖူးဖူးလေးက ထိုမျက်နှာ၏ အလှကို ထပ်မံအားဖြည့် အထောက်အကူပြုပေးနေကြသည်။ အခြေအနေနှင့်အချိန်အခါကိုပင်အရေးမထားနိုင်လောက်အောင် ရေယဉ်ကြောတွင် နစ်မြောနေမိ၏။ အားနာပါးနာနှင့်ပင် အကြည့်ကိုလွှဲဖယ်၍မရလောက်အောင် ဖြစ်နေသည့်အခိုက် ကောင်မလေးက ချမ်းအေးကိုလှမ်းငေး၏။ သူ့ခိုးကြည့်နေတာကို လှူမိသွား၍ ချမ်းအေး အနေရခက်သွားသည်။

'အဲ… ဟိုဒင်း ညီမလေးရဲ့အမေလား'

'ဟုတ်… ဟုတ်ကဲ့'

'ဟိုလေ နားကပ်မဖြုတ်ရသေးဘူး၊ ဟို… ဟို ပါသွားရင်ဆုံးမှာ'

'ရှင်'

'ညီမလေးအမေရဲ့ နားက နားကပ် မဖြုတ်ရသေးဘူးလို့'

ထိုအခါမှ ကောင်မလေးက သူ့အမေကို သူပြန်ကြည့်ရှာသည်။

'အို… ဟုတ်ပါရဲ့၊ အပူအပင်တွေနဲ့ဆိုတော့ ဘာမှကို သတိမရတော့တာ'





'ဟုတ်တာပေါ့၊ ကျွန်တော် ကူညီရမလားဟင်'

'ဟုတ်ကဲ့… ကူညီပါဦး'

'ဒါဆို ညီမလေးက ဒီအခေါင်းကို ခဏမထားပေး'

'ဟုတ်ကဲ့'

ကောင်မလေး အခေါင်းကို မထားသည့်အခိုက် ချမ်းအေးက အလောင်းနားကပ်ဖြုတ်ဖို့ ကြိုးစားရသည်။ ကားကလည်း တလှုပ်လှုပ် ဘလိမ့်လိမ့်ဆိုတော့ ဖြုတ်ရတာက သိပ်မလွယ်လှ။ အတော့်ကိုကြိုးစားနေရ၏။ ငါးမိနစ်ကျော်မှ နားကပ်နှင့် နောက်ပိတ်ပါ ချမ်းအေးလက်ထဲရောက်လာသည်။

'တစ်ဖက်တော့ ရပြီ ညီမလေး၊ ညီမလေးဘက်က နားကပ်ကတော့ ကိုယ်တိုင်ဖြုတ်မှ ရမှာ'

ချမ်းအေးက နားကပ်လှမ်းပေးရင်းပြောတော့ ကောင်မလေးနည်းနည်းတွေဝေသွား၏။ အမေဆိုပေမယ့် သေနေပြီဆိုတော့ ကြောက်နေပုံရ၏။ အင်းလေ… လူပဲ ကြောက်ရှာပေမပေါ့။ ချမ်းအေးတို့လိုအရေးအတွေ့အကြုံတွေ အများကြီးရှိထားသူတောင်မှ အေးစက်စက်အထိအတွေ့ကြောင့် လက်တွန့်ခဲ့သေးသည်ပဲ။

'ဟိုရောက်ဖို့ သိပ်မလိုတော့ဘူး ညီမလေး၊ ကျွန်တော် ခေါင်းကို မပေးမယ်၊ ညီမလေး ဖြုတ်ယူလိုက်'

'ဟုတ်ကဲ့'

ကောင်မလေးက မဝံ့မရဲနှင့် နားကပ်ကိုဖြုတ်နေ၏။ ဖြုတ်ယူတာ သိပ်ကြာနေသည်မို့ အခေါင်းမထားရသော ချမ်းအေး လက်အံ့သေလာသည်။ ကောင်မလေးလည်း ကြိုးစားပမ်းစား ဖြုတ်ရတာက တစ်ဖက်၊ အသက်မဲ့ အမေ့ခန္ဓာကို ကြောက်ရတာက တစ်ဖက်နှင့် ချွေးစို့နေရှာသည်။ ချမ်းအေးကတော့ အခွင့်အရေးကို အသီးအပြင်အသုံးချနေလေ၏။

လှတပတကောင်မလေးမျက်နှာကို အားပါးတရ ကြည့်စားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အလှက အကြည့်ခံသည့် အလှမျိုး။ ကြည့်လေ ကြည့်လေ လှလာလေလေဖြစ်၏။ သေသေချာချာကြည့်လေ အလှတရားက ပိုပြီး ပေါ်လွင်လာလေဖြစ်သည်။ ချမ်းအေးစိတ်ထဲ ဒီကောင်မလေးသာ သူ့ဘဝ လက်တွဲဖော်ဖြစ်သော် ကောင်းလေစွဟု တောင့်တမိ၏။ အတော်လေးကြာမှ နားကပ်ဖြုတ်လို့ ရသွားသည်။ ချမ်းအေးလည်း အခေါင်းပြန်ချခွင့် ရသွား၏။

'ခုလိုသတိပေးတာ ကျေးဇူးပါပဲရှင်၊ ဒါ ကျွန်မအတွက် အမေ့ရဲ့ နောက်ဆုံးအမွေပါ၊ တန်ဖိုးသိပ်မကြီးပေမယ့် ကျွန်မအမြတ်နိုးဆုံး ရတနာအမွေအနှစ်ပါပဲ'

'ဟုတ်တာပေါ့၊ မိဘအမွေဆိုတာ ထိန်းသိမ်းမြတ်နိုးရမယ့် အရာပဲလေ'

လိုအပ်သလောက်သာ ပြောဆိုကြပြီး စကားသံများ တိတ်သွား၏။ ကောင်မလေးလည်း သူ့အမေကို တစိမ့်စိမ့်ကြည့်ကာ ဝမ်းနည်းကြေကွဲနေရှာသည်။ ချမ်းအေးလည် သက်ရှိသမီးကိုတစ်လှည့်၊ သက်မဲ့အမေကိုတစ်လှည့်ကြည့်ရင်း မလုံမလဲဖြစ်နေသည်။ ဒါဟာ ဖူးစာအမှန်ဆိုလျှင်တော့ ဆုံစည်းမှုက သိပ်ကိုဆန်းကြယ်လွန်းသည်ဟုသာ ဆိုရမည်။ စဉ်းစားကြည့်လေ။ ချမ်းအေး စိတ်ဝင်စားပြီး အသည်းထိအောင် စွဲငြိနေမိသည့် ကောင်မလေးနှင့် သူ့ကြားတွင် မသာရုပ်အလောင်းတစ်ခုက ဆန့်ဆန့်ကြီးရှိနေသည် မဟုတ်လား။

အခြေအနေက ဘယ်လိုမှ 'ရိုမန့်'မဖြစ်၊ သိင်္ဂါရပျိုးခင်းတစ်ခုဖြစ်ပေါ်လာရန် ရေခံ မြေခံမကောင်းသည့် အနေအထားဖြစ်နေသည်။ သို့သော် ကောင်မလေးအလှက ချမ်းအေးမျက်စိထဲမှ လုံးဝမထွက်တော့။ နှလုံးသားထောင့်ထဲ စူးဝင်နေသည့် ဆူးတစ်ပင်လို ခိုင်မြဲနေခဲ့ပြီ။

သို့နှင့် ထိုကောင်မလေး၏ အချစ်ကို မရရအောင် တောင်းခံတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။ သူ၏အချစ်ကို သက်သေထူရန် အသုဘရုပ်အလောင်းကို စူးစိုက်ကြည့်ရင်း တိုင်တည်မိသေး၏။





'အန်တီဒေါ်မာလာ တမလွန်ခရီးသွားဖို့ ပြင်ဆင်နေတဲ့အချိန်ကျမှ ဆုံစည်းရပေမယ့် ကျွန်တော် ကတိပေးပါတယ်၊ အန်တီ စိတ်ဖြောင့်ဖြောင့်နဲ့သာ သွားပါ၊ ကျွန်တော် အန်တီ့သမီးကို မြတ်မြတ်နိုးနိုးနဲ့ တစ်သက်လုံး စောင့်ရှောက်သွားပါ့မယ် ခင်ဗျာ'

ပေါက်တီးပေါက်ရှာ မသာကို တိုင်တည်မိသည့် သူ့အဖြစ်သူ တွေးမိပြီး ပြုံးစိစိဖြစ်သွား၍ ပါးစပ်ကို လက်နှင့်အုပ်ထားလိုက်ရသည်။ ကားက ရေဝေးအအေးတိုက်သို့ ဖင်ဆုတ်ဝင်ရင်း ထိုးဆိုက်လိုက်၏။ အအေးတိုက်ဝန်ထမ်းများ အလောင်းကို လာသယ်သွားကြသည်။ ကောင်မလေးက လိုက်ကြည့်ရင်း အသံထွက်အောင် တသိမ့်သိမ့် ရှိုက်ငိုနေပြီ။

ချမ်းအေးက စိတ်မချ၍ ကောင်မလေးနားမှာ တဝဲလည်လည်နှင့် စောင့်ပေးနေ၏။ ချမ်းအေးက ကောင်မလေးအား သုသာန်မှ စည်ပင်ဝန်ထမ်းထံ ခေါ်သွားပြီး ထုံးစံရှိတာတွေ လုပ်ရ၊ ကိုင်ရ ပုံစံများဖြည့်ရသည်။ နာရေး ကူညီမှုအသင်းမှ တာဝန်ယူနိုင်သည်က ဘော်ဒီကို အခမဲ့သယ်ဆောင် ပေးခြင်းသာ ဖြစ်သည်။ အခေါင်းဖိုးတို့ မသာပြင်စရိတ်တို့၊ အအေး ခန်းခတို့ မပါဝင်ချေ။

သို့သော် ချမ်းအေးက သူ့ယောက္ခမနာရေးဟု သဘောထားပြီး စေတနာသုံးတန်ပြတ်သားစွာနှင့် ကုန်ကျစရိတ်မှန်သမျှ ပေးချေနေ၏။ ကောင်မလေးကတော့ ဒါ နာရေးကူညီမှုအသင်း၏ ထုံးစံဟုသာ ထင်နေရှာသည်။

သင်္ဂြိုဟ်မည့်ရက် အချိန်အတိအကျ သိရသောအခါ ကိစ္စအဝဝပြီးပြတ်သွားပြီဖြစ်၏။ ဝဏ္ဏာက နှိုဗ္ဗာန်ယာဉ်ကိုမှီ၍ရပ်ရင်း ချမ်းအေးလုပ်သမျှ နားမလည်သလို လှမ်းကြည့်နေ၏။

'ကဲ... ညီမရေ၊ ဒီနေ့ ကိစ္စတွေကတော့ ပြီးသွားပါပြီ ဒါနဲ့ ဒီကို တခြားယောကျ်ားသားမရှိလို့ ညီမ လိုက်လာတာလား'

'ဟုတ်ကဲ့... အစ်ကိုတစ်ယောက်တော့ ရှိပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူက နယ်ကတပ်ရင်းတစ်ခုမှာ တာဝန်ထမ်းဆောင်နေတာလေ၊ မနက်ဖြန်မှ ရောက်မှာ'

'သြော်··· မောင်နှမနှစ်ယောက်တည်းပေါ့'

'ဟုတ်ကဲ့··· အဖေလည်း ဆုံးသွားပါပြီ'

'သြော်··· စိတ်မကောင်းပါဘူးဗျာ၊ မေးမိတာတောင် အားနာသွားရပြီ'

'ရပါတယ်ရှင်၊ သွားမယ်နော်'

'ဟုတ်ကဲ့··· ဒါနဲ့ ဘယ်လိုပြန်မလဲ၊ ကားဂိတ်ရောက်ဖို့ဆို အဝေးကြီးရယ်၊ ကျွန်တော် ကားငှားပေးလိုက်မယ်'

ကောင်မလေး ဘာမှပြန်မပြောနိုင်ခင် သုသာန်ထဲအသင့်ရှိနေသည့် တက္ကစီတစ်စီးကို လှမ်းခေါ်လိုက်သည်။ ပို့ရမည့်နေရာနှင့် ဈေးမေးပြီး တစ်ခါတည်း ငွေချေပေးလိုက်၏။

'ဒါရော နာရေးကူညီမှုအသင်းရဲ့ အစီအစဉ်ပဲလား'

'မဟုတ်ပါဘူး၊ ဒါက ကျွန်တော်တစ်ယောက်တည်းရဲ့သီးသန့်စေတနာနဲ့ ကူညီမှုပါ'

'အို··· အားနာစရာရှင်'

'အားမနာပါနဲ့၊ ကျွန်တော်တို့က အဲသလို ကူညီဖို့အခွင့်အရေးကိုပဲ ရှာနေကြတဲ့သူတွေလေ'

'သြော်··· ဟုတ်ကဲ့၊ ကျေးဇူးပဲ၊ သွားမယ်နော်'

'ကောင်းပါပြီဗျာ'

တက္ကစီထွက်သွားတော့ ချမ်းအေးက ထိုကား မြင်ကွင်းမှ ပျောက်သွားသည်အထိ လှမ်းငေးနေမိသည်။

'ဟေ့ကောင် ချမ်းအေး၊ မင်း ဘာဖြစ်နေတာလဲ'

'မင်းတို့ပြောတာ မှားတယ်ဆိုတဲ့အကြောင်း သက်သေပြနေတာလေ'

'ဘာကိုလဲကွ'





'မင်းပြောတော့ နာရေးကူညီရင်း ရည်းစားရှာရင် မသာမပဲတွေ့မှာဆို၊ ခုတော့ နတ်သမီးနဲ့ ပက်ပင်းတိုးတာကွ'

'သြော်··· မင်း ဟိုကောင်မလေးကို ခိုက်သွားပြီပေါ့၊ ဟုတ်လား၊ မကြုံကောင်း မစည်ရာကွာ၊ ဟိုက သူ့အပူနဲ့သူဟာကို'

'အေး··· သူ့အပူတွေကို မျှဝေခံစားပြီး သနားမိတာ၊ ပြီးတော့ ငါ မှန်းဆရည်ရွယ်ထားတဲ့ အိမ်ထောင်ဘက်စတိုင် သူ့မှာ အပြည့်ရှိတယ်ကွ'

'ချမ်းအေး··· ချမ်းအေး··· မင်းကျမှပဲ ရေဝေးမှာဆုံစို့ကွယ် ဆိုတဲ့ အပြောင်အပျက်စကားက တကယ်ဖြစ်လာတော့တာပါလား၊ စိတ်ပိန်လိုက်တာကွာ'

'မတတ်နိုင်ဘူး သူငယ်ချင်း၊ မြင်မြင်ချင်းချစ်မိတဲ့ကိစ္စကသာ အဓိကပါကွာ၊ တက္ကသိုလ်မှာဆုံတာ၊ အလှူမှာဆုံတာ၊ ဝင်တိုက်မိပြီး ဆုံတာ၊ သင်္ချိုင်းမှာဆုံတာ စတဲ့ ဆုံနည်းမျိုးစုံတွေဆိုတာက သာမညကွ'

'ဟား··· သွားပြီ၊ ဒါ ရေဝေးမှာ လေဘေးသင့်တာပဲ၊ နားကလောလိုက်တာကွာ'

* * *

ချမ်းအေး အိမ်ပြန်ရောက်တော့ အမေ့ကို လူတစ်ယောက်နှင့် အတူတွဲထိုင်နေတာ မြင်ရသဖြင့် အံ့သြသွား၏။ သို့နှင့် အိမ်ထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့၏။ အသေအချာမြင်တွေ့လိုက်ရသည့်အခါ အမေနှင့် တွဲထိုင်နေသူမှာ အဖေဖြစ်နေတာ တအံ့တသြသိလိုက်ရသည်။

'ဟာ··· အဖေ ရုပ်အင်္ကျီတွေ ဘာတွေနဲ့ လူလိုဝတ်လို့ ဘယ်လိုဖြစ်လာတာလဲ'

'ဘယ်လိုဖြစ်ရမှာလဲကွ၊ လူလိုဝတ်လာမှတော့ လူထွက်လိုက်လို့ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



‘ဟောဗျာ… သားကဖြင့် အဖေတော့ ကျွတ်တမ်းဝင်သွားပြီ ဆိုပြီး သာစုခေါ်နေတာ၊ ဒုက္ခပါပဲ’

‘ဟေ့ကောင်… ဟေ့ကောင်… သာစုခေါ်ချင်ရင်လည်း နောက်မှသာခေါ်တော့၊ ငါ ဒီနေ့ကစပြီး မင်းအမေရဲ့လင် မင်းအဖေ ပြန်ဖြစ်ပြီကွာ၊ ဒါပဲ’

‘နွားမြောစရာကြီးဗျာ၊ ခြောက်လတောင် ကျင့်ကြံခဲ့တာတွေ သွားပြီပေါ့’

‘အောင်မာ… မင်းကပဲ ငါ့ထက်ပိုနွားမြောနေရသေးလား၊ တော်စမ်းပါကွာ၊ ရဟန်းဘဝဆိုတာ တော်ရုံပါရမီနဲ့ မရဘူးကွ’

‘အင်း… ကောင်းရာမွန်ရာရောက်တာတောင်မှ မနေနိုင်ဘဲ မစင်တွင်းထဲ ပြန်ခုန်ချတဲ့ လောက်လိုပါလား’

‘ဘာ… ဘာကွ ဟေ့ကောင် ပြန်ပြောစမ်း’

‘ဗျာ… အဲ… ဟို… ဟိုဒင်း ငါးပိနဲ့လောက် ရွှေနဲ့ကျောက် လို့ ပြောတာပါ၊ အတော်လိုက်ဖက်တယ်လေ၊ သားကိုလည်း ကျောက် စိမ်းရွှေလောက် အဲ… ရွှေလက်စွပ်လေးတစ်ကွင်းလောက် လုပ်ပေး ပါလို့၊ ဟဲ… ဟဲ… အဲ့ဒါပြောတာ’

‘မင်းနော်… မင်း… ဖအေကိုများ မခန့်လေးစားနဲ့’

သားအဖတစ်တွေ အပြန်အလှန်စကားပြောနေခြင်းကို အမေ က ပြုံးရွှင်စွာငေးကြည့်နေ၏။ အမေ့ပုံစံက ပြုံးပျော်ရွှင်မြူးစွာဖြင့် ပီတိတွေဝေဖြာနေသည်။

‘ဟဲ… ဟဲ… မလေးစားတာ မဟုတ်ပါဘူး၊ သားလည်း ပျော်လို့ပါ ဖေဖေရာ’

‘သား သိပ်နောက်မနေနဲ့နော်၊ တော်ကြာ စိတ်ကောက်ပြီး ဘုန်းကြီးကျောင်းပြန်သွားဦးမယ်’

အမေက ကြည်သာရွှင်ပျနေသော လေသံနှင့် ဝင်ပြော၏။ အဖေက အမေ့ကို ရွန်းရွန်းစားစားကြည့်သည်။ ချမ်းအေးက…





‘ဒီတစ်ခါ ဘုန်းကြီးပြန်ဝတ်တယ်ဆိုရင်တော့ အမေ ညှဲ့လို့ ပေါ့၊ ကိုယ့်ခင်ပွန်း ဘာကြိုက်တယ်ဆိုတာ အမေသိပြီးသား မဟုတ် လား၊ တစ်ခါတည်း ချက်ပြုတ်ကျွေးမွေးပြုစုပေါ့’

‘ဒီမယ် ချမ်းအေး၊ အဖေအကြိုက်ဆုံးက ဒီနေရာက မင်း အမြန်ဆုံးထွက်သွားဖို့ပဲ၊ သဘောပေါက်လား’

‘ဟား… ဟား… ဟား… ကဲ… ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ ကဲ… အမေ၊ အမေ့အိမ်က ဟာကြီးကို အမေပဲ ထိန်း သိမ်းထားပေတော့၊ တာဝန်တော့ ကျေပါစေနော်’

ချမ်းအေးလည်း စိတ်လက်ကြည်သာစွာနှင့် မိဘများကို နောက်ပြောင်ပြီး ထမင်းစားခန်းထဲသို့ ဝင်ခဲ့၏။ အဘွားလေးညိုမြကို ထမင်းပြင်ခိုင်းလိုက်သည်။

အဘွားက အိမ်ဖော်ကောင်မလေးကို ညွှန်ကြားပြီး ပြင်ဆင် ပေး၏။ အဘွားမျက်နှာလည်း တပြုံးပြုံးဖြစ်နေသည်။

‘ဘယ်လိုလဲ၊ ဒီနေ့ အဘွားလေးနဲ့ အမေ အတော်ပျော်နေကြ သလား’

‘ဟဲ့… မပျော်ဘဲနေမလား၊ နင့်အဖေ လူထွက်လာဖို့ နှစ် ယောက် ဘယ်လောက်ကြိုးစားခဲ့ရတယ်မှတ်လဲ’

‘အဖေက သူ့ဟာသူထွက်လာတာ မဟုတ်ဘူးလား’

‘ဟုတ်ပါလိမ့်တော်၊ ဟောဒီက အဘွားရဲ့အိုင်ဒီယာက လန်း သလို မင်းအမေ သရုပ်ဆောင်တာကလည်း ကျွမ်းလို့ဟဲ့၊ ကျွမ်းလို့၊ သိရဲ့လား’

‘ဗျာ… ဘာတွေလဲ အဘွားလေးရာ၊ ရှင်းအောင်လုပ်ဦး’

‘ဟင်း… ဟင်း… ဟင်း… ဒီလိုဟဲ့ ချမ်းအေးရဲ့’

အဘွားက သူကိုယ်တိုင်ဒါရိုက်တာလုပ်ပြီး တူမကို မင်းသမီး ဘင်ကာ ရိုက်ခဲ့သောဇာတ်လမ်းအား ရယ်ဗီရှင်ပြန်ပြ၏။ ချမ်းအေး မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အဘွားလေးတို့ကလည်း ဖွတ်ကြီးပါလား၊ အဲဒါတွေ လုပ်ဓာတ်မှန်းသိသွားရင် အဖေ ဘယ်လောက်ဒေါပွမလဲ'

'မင်းသာ ပြန်မပြောရင် သူ ဘယ်လိုမှမသိဘူး၊ ရှင်းလား၊ ဟိုလူကလည်း နယ်ကိုပြန်သွားပြီ ကျန်တာ သူတို့လင်မယားချင်း ရှင်းလိမ့်မယ်။ မင်းသာ ဝင်မပါပါနဲ့'

အဘွားလေးက အောင်မြင်သူတစ်ယောက်လေသံနှင့် စကားကို လက်စသတ်၏။ ချမ်းအေး အီလည်လည်ကြီးဖြစ်သွားသည်။ အိမ်ပြန်ရောက်သည်နှင့် အသည်းတွင် စွဲထင်လာသည့် ပုရိပ်လေးကို တသသတွေးပြီး စိတ်ကူးတွေယဉ်လိုက်မည်ဟု အားခဲထားသမျှ အဖေ အမေနှင့် အဘွားလေးတို့ ဓာတ်လမ်းကြောင့် ချမ်းအေး အတွေးတွေ အူချာပေါက်သွားခဲ့၏။

* * *



## အခန်း (၄)

သတင်းစာထဲမှ ဒေါ်မာလာ၏ နာရေးကြော်ငြာကို ရှာဖတ်လိုက်သည်။ ထိုအခါမှ သူ့အချစ်လေး၏နာမည်မှာ မာလာသိန်းတန် ဖြစ်ပြီး ယောက်ဖလောင်းနာမည်က နိုင်သိန်းတန်ဆိုတာ သိရ၏။ အသုဘက နှစ်နာရီချမှာဆိုတော့ ယောက္ခမလောင်း မသာကို လိုက်ပို့ဦးမည်ဟု စိတ်ကူးမိသည်။

သတင်းစာကိုင်ပြီး ထမင်းစားခန်းထဲဝင်လာတော့ ကပ်သတ်ဆိုင်ရင်း တွတ်ထိုးနေသော အဖေနှင့် အမေကို တွေ့၏။ သူ့ကိုမြင်မှ ဣန္ဒြေဆည်လိုက်ကြသည်။ ချမ်းအေး မသိချင်ယောင်ဆောင်ရင်း ကြက်ဥဟပ်ဖရိုက်ကြော်နှစ်လုံး ပန်းကန်ထဲခပ်ထည့်ရင်း ကော်ဖီနှင့် မြှောက်ကာ သတင်းစာဖတ်နေ၏။

'တိုင်းရေးပြည်ရေးက သိပ်အရေးကြီးနေလား ငါ့သား'

အဖေ့အမေးကို ကြားလိုက်ရမှ သတင်းစာကိုခေါက်၍ စားပွဲပေါ်တင်လိုက်ရင်း…

'နာရေးဖတ်နေတာပါ အဖေရာ၊ အဖေ မနက်ဖြန် အလုပ်ဆင်းတော့နော်၊ သားလည်း အတော်ရှုံနေပြီဗျ'

'အောင်မာ… မင်းက အလုပ်ရှင်လား၊ ငါက အလုပ်ရှင်လား'



www.burmeseclassic.com

www.burmeseclassic.com



'သားလား၊ သားက သူဌေးသား'

'ဟား… ဟား… ဟား… ဟား… တော်တော်အပြောကောင်းတဲ့ကောင်၊ မင်းကို ငါ ဒီအတိုင်းကြည့်မနေချင်တော့ဘူး မြန်မြန်မိန်းမယူတော့ကွာ၊ မင်းအရွယ်မှာ ငါ လုပ်ငန်းရှင်ဖြစ်နေသလို မိန်းမ်လည်း ရနေပြီကွ'

'အဖေကြီး သားကို မဟုတ်တာတွေ ပြောမနေနဲ့'

'မဟုတ်တာ မဟုတ်ဘူး။ ဟုတ်တာကို ပြောနေတာ၊ သားကို မိန်းမပေးစား လုပ်ငန်းပါလွှဲ၊ တို့လင်မယားက အနားယူရင်း မြန်မာပြည်အနှံ့ ခရီးသွားပြီး ပျော်ပျော်ပါးပါး နေကြတော့မယ်လေကွာ'

'အဖေ တကယ်ပြောနေတာလား'

'တကယ်ပေါ့၊ ဘာလဲ မင်းမှာ ရည်းစားရှိနေပြီလား'

'အဟင်း… မရှိသေးပါဘူးဗျာ၊ အဖေတို့ တိုက်တွန်းတယ်ဆိုရင်တော့ ဖုတ်ပူမီးတိုက် ရှာပေးရမှာပေါ့'

'အမလေးကွာ… ငါ့ကို ခေါင်းစဉ်ပြန်တပ်နေတာပေါ့၊ ဟုတ်လား'

'အဖေကြီးရယ်၊ သားက အိမ်ထောင်မပြုချင်သေးဘူး ထင်ပါတယ်'

'ဟုတ်မလားကွာ၊ အသက်ကြီးမှ သားသမီးရရင် သိပ်ဒုက္ခရောက်တာကွ၊ ဒါကြောင့် မြန်မြန်ယူခိုင်းနေရတာ'

'ကဲပါ… ဖေဖေ စိတ်ချမ်းသာအောင် သား မိန်းမယူဖို့ အခုအချိန်ကစပြီး ကြိုးစားပါတော့မယ်ဗျာ၊ သား မိန်းမရလို့ ဟန်းနီးမွန်းထွက်ရင် ဖေဖေတို့စုံတွဲပါ လိုက်ခဲ့ရမယ်နော်'

'လိုက်စရာလားကွာ၊ တို့ဟာတို့ သတ်သတ်သွားမှာပေါ့ နော် မိန်းမ'

'မနော်ဘူး၊ ဒီတစ်ခါ ကျွန်မအလှည့်ပဲ၊ ရိပ်သာကို တစ်ယောက်တည်းသွားမှာ'





အမေ့ အငေါ်တူးစကားကြောင့် သားအဖ်နှစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြ၏။ ချမ်းအေးက ကော်ဖီနှင့် ကြက်ဥကို လက်စသတ်ပြီး ထမင်းဝိုင်းမှ ထလိုက်သည်။

'ဘယ်လဲကွ'

'ဟောဗျာ၊ ဖေဖေပဲ မိန်းမသွားရှာဆို'

'အဲဒါ ငါသိတယ်၊ ဘယ်မှာသွားရှာမှာလဲလို့ မေးတာ'

'ရေဝေး'

'ဟေ'

ချမ်းအေး ပြောပြောဆိုဆိုနှင့် ထွက်သွားတော့ မိဘများ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ တအံ့တသြဖြစ်ရင်း ကျန်ခဲ့ကြတော့၏။

ရန်ကုန်၏ လူနေထူထပ်မှုပြယုဂ်အဖြစ် ရေဝေးသုသာန်မှ သင်္ဂြိုဟ်စက်၊ မီးခိုးခေါင်းတိုင်က သက်သေပြနေလေသည်။ ဟိုးယခင် ဆယ်စုနှစ်တစ်စု အလွန်ကာလက မွန်းလွဲပိုင်းလောက်မှစ၍ အသုဘချခဲ့ကြသော်လည်း ယခုတော့ မနက်ရှစ်နာရီလောက်ကစပြီး ညနေ ငါးနာရီခန့်ထိ မီးခိုးမစဲတော့။

သေနှုန်းကောင်းလာတာက လူဦးရေသိပ်သည်းမှုကို ထင်ဟပ်ဖော်ပြနေခြင်းပင်မဟုတ်လား။ ဒီနေ့တော့ ချမ်းအေး နာရေးကူညီမှုမှ ကင်းလွတ်ခွင့်ပြုရန် ခွင့်တောင်းထား၏။ ယောက္ခမလောင်း၏ အသုဘပို့ဆောင်ဖို့ဟု အကြောင်းပြတော့ ရာစုတို့တစ်သိုက် ဝါးလုံးကွဲ ရယ်လိုက်ကြသည်။

'ဟား… ဟား… ဟား… ဟား… လူရွှင်တော်စတား ပြိုင်ပွဲကြည့်တာတောင် ဒီလောက်မရယ်ရဘူး ချမ်းအေး သိလား'

'ဟုတ်ပါ့ကွာ၊ မင်း ရူးနေသလား'

'ဒီကောင် ရူးနေတာတော့ သေချာတယ်၊ ငါကိုယ်တိုင် မျက်မြင်တွေ့တာကွ၊ အမေ့အလောင်းကို လာပို့တဲ့ အသုဘရှင်ကောင်မလေးကို ပြစ်မှားနေတာလေ'



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ ဖော်ကောင်လုပ်မှုကြောင့် ရာစုနှင့် မျိုးနွယ် ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ သူတို့မသိလိုက်သောအဖြစ်မို့ ပြုံးပြုံးပျာပျာ စပ်စုစုံစမ်းတော့သည်။

'ဟေ… ဒါ တကယ့်အဖြစ်အပျက်ကြီးပေါ့ ဟုတ်လား၊ မင်း တကယ်ပဲ အချစ်ကိုရှာတွေ့သွားပြီလား ချမ်းအေး'

ချမ်းအေးက နိုင်ငံခြားသွားရတော့မည့် ငါးသလောက်တစ်ကောင်လို ပြုံးပြလိုက်၏။

ပြီးတော့ ဒုတိယကမ္ဘာစစ်အတွင်းက ဗိုလ်ကြီးမက်အာသာကဲ့သို့ ရင်ကော့ကာ…

'သိပ်ဟုတ်တာပေါ့ မျိုးနွယ်ရယ်၊ ငါ့မှာ ရည်မှန်းချက်တွေ မျှော်လင့်ချက်တွေရှိနေသလို အဖေနဲ့ အမေကလည်း မိန်းမယူဖို့ ဖွတ်တိုက်တွန်းနေကြပြီကွ'

ထိုစကားရပ် နောက်ဆုံးဖောင်ပိတ်သတင်းကိုတော့ ဝဏ္ဏတို့သုံးယောက်လုံး မသိကြသေးသဖြင့် တအံ့တသြဖြစ်သွားကြပြန်သည်။

'ဟော့ကောင်… အဲဒါတော့ ငါတောင်မသိသေးပါလား'

'မသိဆို ဒီနေ့မနက်မှ ပြောလိုက်တာကိုးကွ၊ ကဲ… ကဲ… အချိန်ကပ်နေပြီ၊ အချစ်လေး အားငယ်နေမှာစိုးလို့ သွားလိုက်ဦးမယ်နော်'

ချမ်းအေးက တန်ဖိုးကြီး အကောင်းစားပန်းခွေကို ဂရုတစိုက်ကိုင်တွယ်ရင်း ထွက်ခွာသွား၏။ ချမ်းအေးကို မျိုးနွယ်တို့သုံးယောက် တအံ့တသြလှမ်းကြည့် ကျန်ခဲ့ကြသည်။

ချမ်းအေးကတော့ ဘာကိုမှမမှု၊ မာလာသိန်းတန် ရှိနေမည့် သုသာန်မှ ခန်းမဆီသို့ ဦးတည်လာခဲ့၏။ ဒေါ်မာလာ၏ ရုပ်ကလာပ်ပြင်ထားရာသို့အရောက် လွမ်းသူ့ပန်းခွေ လာပို့ပေးသော ချမ်းအေးအား မာလာသိန်းတန်က ခပ်ယဲ့ယဲ့ပြုံး၍ ကျေးဇူးစကား ပြောရှာသည်။

'ကျေးဇူးပါပဲ အစ်ကို၊ အခုလို ဂရုတစိုက်ရှိတဲ့အတွက် သိပ်





ကို အားရကျေနပ်မိပါတယ်။ အစ်ကိုတို့အဖွဲ့အစည်းကိုလည်း ကျေးဇူးတင်ပါတယ်'

မာလာသိန်းတန်က နာရေးကူညီမှုအဖွဲ့၏ အစီအစဉ်ဟုထင်ပြီး ကျေးဇူးစကားတွေ ဆိုနေ၏။ ချမ်းအေး ချော်လဲရောထိုင် ပြန်ပြုံးပြလိုက်သည်။ သင်္ဂြိုဟ်ဖို့အချိန်ကပ်လာနေပြီမို့ အနှောင့်အယှက်မဖြစ်စေရန် ခုံတစ်လုံးတွင် ဝင်ထိုင်ပြီး အသာကြည့်နေလိုက်၏။ ထာဝရခွဲခွာရတော့မည့် အမေ့ကို မောင်နှမနှစ်ယောက် နောက်ဆုံးဂါရဝပြုနေကြသည်။

အငိုမျက်လုံး၊ ကြေကွဲမျက်နှာနှင့်ပင် မာလာသိန်းတန် အရမ်းလှနေသည်ဟု ချမ်းအေး ထင်မိ၏။ အနာဂတ်ကာလတွင် ဤသို့သော ကြေကွဲမှုများ မာလာသိန်းတန့်ထံ ရောက်မလာအောင် မေတ္တာနှင့် စောင့်ရှောက်သွားမည်ဟုလည်း ဆုံးဖြတ်မိသည်။ နောက်ဆုံးအချိန်ကို ရောက်လာပြီဆိုတော့လည်း ဒေါ်မာလာမှာ အားလုံးကိုးထားရစ်ခဲ့ကာ လောကကြီးကို နှုတ်ဆက်သွားခဲ့တော့သည်။

ဂျိုင်းခနဲပိတ်သွားသော သံတံခါးကြီးကိုကြည့်ပြီး မာလာသိန်းတန် ပုံလျက်သားလဲကျသွား၏။ အနီးကပ်လိုက်ကြည့်နေသော ချမ်းအေး ပွေ့ထူကာ နှာနှပ်၍ နှစ်သိမ့်ချော့မော့ပေးလိုစိတ်ကို မနည်းချုပ်တည်းနေရသည်။ မာလာ့ကိုကြည့်ရင်း သူပါ အလိုလိုမျက်ရည်ဝေ့လာ၏။

မာလာ့ကို သူ့အစ်ကိုက ပွေ့ချီကာ ကားတစ်စီးဆီသို့ ခေါ်သွားပြီး သက်သောင့်သက်သာ နားနေစေသည်။ သင်္ဂြိုဟ်ခြင်းကိစ္စအဝဝလည်း ပြီးပြီဆိုတော့ ဒေါ်မာလာ၏ နောက်ဆုံးခရီးကို လာပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟနှင့် သားသမီးများကိုယ်တိုင် သုသာန်ထဲမှ ထွက်ခွာစပြုပြီ။ ဤသို့နှင့်ပင် သေသောသူကို သုသာန်ထဲ၌ခွဲခွာသွားခဲ့ကြလေတော့၏။

ချမ်းအေးလည်း မာလာသိန်းတန်၏ အချစ်ကို ပိုင်ဆိုင်ခွင့်ရဖို့



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်ကို မရေမရာတွေးရင်း ဇဝေဇဝါ ဝေးနေမိလေသည်။ တနင်္ဂနွေ တာဝန်ချိန်များ ပြီးဆုံးသောအခါ သူငယ်ချင်းများနှင့်အတူ ခြောက်ကွေ့ထိပ်တွင် လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။

'ဘယ်ကဘယ်လို စပြီး ငြိသွားတာလဲ ချမ်းအေးရာ'

ရာစု၏အမေးကို ချမ်းအေးက စိတ်အေးလက်အေး ဖြေသည်။

'ရှေးရေစက်နဲ့ သူ့ရဲ့ အလှတရားကြောင့်လို့ပဲ ဆိုပါတော့၊ အမေ ဆုံးသွားလို့ အကြီးအကျယ် ပူဆွေးသောကရောက်နေတဲ့အချိန်မှာတောင် သူ အရမ်းကိုလှနေတာဆိုတော့ ငါငြိသွားတာ အဆန်းမဟုတ်ပါဘူး'

ဝဏ္ဏ၊ ရာစုနှင့် မျိုးနွယ်တို့ အချင်းချင်းကြည့်ရင်း မျက်စပစ်လိုက်ကြ၏။

'သူတို့အိမ်အနေအထား ငါလည်းတွေ့ပါတယ်။ မင်းနဲ့ အခြေအနေက သိပ်ကွာနေတာ မဟုတ်လား၊ အထူးသဖြင့် မင်းအမေကသဘောတူပါ့မလား၊ သက်သက်ဒုက္ခပေးသလို ဖြစ်နေမယ်နော်'

ဒေါ်မာလာ့အလောင်းကို သွားသယ်စဉ်က အတူပါလာသောဝဏ္ဏ၏ သုံးသပ်ချက်ကိုတော့ အလေးထားရမည်ဖြစ်သည်။

'ဒီကိစ္စ ငါလည်း တွေးမိပါတယ်၊ ငါ့မိဘတွေ ချမ်းသာတယ်ဆိုပေမယ့် သူတို့လည်း ခြေဖဝါး လက်ဖဝါးက စခဲ့ရတာပါ၊ စာနာစိတ်ရှိမယ်လို့ ငါယုံတယ်၊ မစခင်ကတည်းက အသေအချာဆွေးနွေးပြီးမှ ရှေ့တိုးမှာ'

'ဒါဆိုရင်တော့ မင်းကောင်မလေးရဲ့ ကုသိုလ်ကံတွေ အရမ်းကောင်းသွားပြီ'

မျိုးနွယ်နှင့် ရာစု အမြင်က တစ်မျိုး။

'မင်းတို့မိသားစု အနေအထားကို ပွင့်ပွင့်လင်းလင်းပြောပြပြီးမှ ချဉ်းကပ်မှာလား ချမ်းအေး'





'အဲလိုဆိုရင်တော့ အရှိန်အဝါကြောင့် စစ်မှန်တဲ့အချစ်ကို ရမယ်မထင်ဘူး၊ ဆိုပါတော့ ချမ်းသာတာကိုမက်ပြီး တုံ့ပြန်လာတာမျိုးပေါ့'

သူတို့နှစ်ယောက်၏ အမြင်ကလည်း အဓိပ္ပာယ်ရှိနေသဖြင့် ချမ်းအေး စဉ်းစားသွားရ၏။

'ဒါဆို ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

ရာစုက တရုတ်ပညာရှိ ကွန်ဖြူးရှပ်စတိုင်ဖမ်းကာ မရှိသောမုတ်ဆိတ်မွေးကို ပွတ်သပ်ရင်း အောက်ပါစကားကို ပြောလေသည်။

'အဟမ်း… အခုလက်ရှိ သူသိနေတဲ့ မင်းအနေအထားက အရေးကူညီမှုအဖွဲ့သားတစ်ယောက်ပဲ၊ ကံကောင်းရင် တကယ့်သူဘောဇာတစ်ယောက်လို့တောင် ထင်သွားဦးမှာ၊ အထင်ကြီးစရာတော့ သုံးဝမရှိဘူး'

'အဲဒီတော့…'

'အဲဒီတော့ ဒီအနေအထားအတိုင်း ဝင်လုံးကွာ၊ အဲဒီအချိန်မှာ ဆုံးလာမယ့် အဖြေဟာ တကယ့်အစစ်ပဲ၊ ပိုင်နိုင်ပြီဆိုတော့မှ မင်းဘဝကို တဖြည်းဖြည်းပြောပြပေါ့'

'လက်ဖက်ရည်ဆိုင်မှာ အလကားပြနေတဲ့ မြန်မာဗီဒီယိုကားတွေထဲကလိုပေါ့၊ ဟုတ်လား ရာစု'

'သိပ်ဟုတ်တာပေါ့ကွာ'

'အဲဒါ အလုပ်ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်ကွာ၊ မယုံရင် စမ်းကြည့်'

ချမ်းအေး စိတ်ထဲမှာလည်း သိပ်ကြွယ်ဝနေသော သူ့အနေအထားကို သိသွားပြီး ငွေအင်အားကြောင့် မချစ်သော်လည်း အောင့်ကာနမ်းသည့်အဖြစ်မျိုး ကြုံမှာစိုးနေသည်။ ဝဏ္ဏက…

'ကြည့်လုပ်နော်၊ ဆေးစားမှားသလို ဖြစ်နေဦးမယ်၊ လိမ်ပြောတယ်ဆိုပြီး တင်းသွားတာမျိုးလည်း ဖြစ်နိုင်တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ရှုံးနိမ့်မှာကို ကြောက်နေရင် ပြိုင်ပွဲဝင်ဖို့ စိတ်မကူးနဲ့ပေါ့'

နှစ်ဖက်အမြင်က သူ့နည်းသူ့ဟန်နှင့် မှန်ကန်နေကြသဖြင့် ကာယကံရှင် ချမ်းအေး ခေါင်းစားနေ၏။ မျိုးနွယ်က ပကတိအရှိတရားကို ထင်ဟပ်ပေါ်လွင်စေသော အဓိကအချက်အား ထောက်ပြသည်။

'မင်းတို့ဟာက ကနစိုးသီးက သီးတောင် မသီးသေးဘဲနဲ့ ဝမ်းသွားမှာစိုးသလို ဖြစ်နေပြီ'

'မုန့်ဆီကြော်နဲ့ နှုတ်ခမ်းနာ လုပ်စမ်းပါကွာ'

'မုန့်ဆီကြော်ကဖြင့် ကြော်တောင် မကြော်ရသေးဘူး။ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုတဲ့စကားက ယောင်းသွားပြီ၊ ဒါကြောင့် သံတူကြောင်းကွဲ နယူးဗားရှင်းလုပ်ထားတာ'

'ကဲပါ··· မင်း ဘာကိုဆိုလိုချင်တာလဲ၊ ရှင်းရှင်းပြော မျိုးနွယ်'

'ဒီလိုကွာ··· အဓိကက မာလာသိန်းတန်နဲ့ မင်းချစ်သူတွေ ဖြစ်ဖို့ပဲ မဟုတ်လား၊ မင်း ဘယ်လိုချဉ်းကပ်မှာလဲ'

ချမ်းအေးကလည်း သူ့အစီအစဉ်ကို ချက်ချင်းတုံ့ပြန်သည်။

'ရက်လည်တဲ့နေ့မှာ ကူငွေသွားပေး၊ မုန့်ဟင်းခါးစားရင်း ငါ့ကို မမေ့အောင် လူလုံးထပ်ပြမယ်ကွာ၊ လလည်ဆွမ်းသွတ်ရင် သင်္ကန်းတစ်စုံ ကုသိုလ်ဝင်ပါမယ်ကွာ၊ သူ့နောက်ကို ထောက်လှမ်းရေးနည်းပညာသုံးပြီး အကဲခတ်မယ်ကွာ၊ သုံးလပြည့်ရင် ရည်းစားစကားပြောမယ်ကွာ၊ ကဲ··· ဒါပဲ'

'ဟား··· ပလင်(န်)တောင် ချပြီးနေပြီကိုး၊ ဟုတ်လှချည်လား ချမ်းအေးရာ'

'ဟုတ်ရမယ်လေ၊ ငါ လူပီသချင်ပြီကွ၊ ဇနီးမယား သမီးသားနဲ့ ကြီးပွားတဲ့ဘဝမှာ ပျော်ပျော်ကြီးနေချင်ပြီ'

'အေးပေါ့ကွာ··· မင်းဘဝက စည်းစိမ်ချမ်းသာအပြည့်နဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့အပြင် ဝင်ငွေကောင်းတဲ့ အလုပ်ကလည်း အဆင်သင့်ကိုးကွ'





ရာစုက ချမ်းအေးဘဝကို အားကျသလိုပြောလာ၏။

'မဆိုင်ပါဘူးကွာ၊ ချမ်းသာမှပဲ မိန်းမယူရတော့မှာလား၊ မင်းတို့လည်း အချစ်ကိုရှာပြီး သာယာတဲ့ဘဝ တည်ဆောက်ခွင့်ရှိနေတာပဲဟာ'

'အင်း··· မင်းလို ပလင်(န်)တွေချ၊ အသေအချာ အချိန်ပေးပြီး တကူးတကလိုက်ရှာတာတော့ မလုပ်နိုင်ပါဘူးကွာ၊ မတော်တဆ ချော်လဲတော့မှပဲ အရှက်ပြေ ရောထိုင်လိုက်တော့မယ်'

'အေး··· ဒါလည်း ကောင်းတာပဲ၊ အလိုက်သင့်လေးပေါ့'

* * *

ထမင်းစားပြီး သစ်သီးစုံနှင့် အချိုတည်းရင်း တီဗီကြည့်နေကြ၏။ လူတိုင်း လူတိုင်း ကိုယ့်မိသားစုအရေးထက် ကိုရီးယားဇာတ်လမ်းတွဲထဲမှ ကိုရီးယားမိသားစုများ၏အရေးကို ပိုပြီးစိတ်ဝင်စားနေကြသည်။ ဆွန်ယောင်းလေး သနားပါတယ်။ အွန်းဂျီလေး သနားပါတယ်နှင့် ကိုယ်ငတ်နေတာကိုတောင် မေ့နေကြ၏။ ဒါက မြန်မာတစ်ပြည်လုံး ဖြစ်နေသည့်ကိစ္စ၊ အနုပညာ၏ ဖမ်းစားမှုကို မရှုမလှ ခံနေကြရခြင်းသာ ဖြစ်သည်။

မြန်မာတို့၏ ကိုယ်ပိုင်အချိန်များကို ကိုရီးယားပညာရှင်များက ဖမ်းစားသိမ်းပိုက်ထားကြသည်။ ထိုလူစားများထဲတွင် အမေနှင့် အဘွားလေးလည်း ထိပ်ဆုံးမှ ပါဝင်နေ၏။ ရုပ်ရှင်ဇာတ်ကားထိုးသတင်းလာမှပင် မိသားစု စကားပြောခွင့်ရသည်။ ချမ်းအေးက စကားဝိုင်းကို စလိုက်၏။

'ကဲ··· အဖေနဲ့ အမေ ကိုရီးယားဇာတ်ကားထဲကလို သားအတွက် အိမ်ထောင်ဖက်ရှာပေးစရာ မလိုဘူး၊ ဒါပေမဲ့ ချွေးမလောင်းရဲ့ အရည်အချင်းကိုတော့ ကြိုပြောနော်၊ ပြီးမှ သဘောမတူဘူး ဘာညာတော့ မလုပ်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေးစကားကြောင့် အဖေက မျက်မှန်ပေါ်မှကျော်၍ ရူးရူးရဲရဲ လှမ်းကြည့်သည်။ အမေကလည်း အဖေပြောမည့်စကားကို စောင့်ရင်း အကဲခတ်နေ၏။

'အင်း… ဒါလည်း ဟုတ်တာပဲ၊ ကဲကွာ… ဒီလိုလေး သတ်မှတ်လိုက်ရအောင်၊ တစ် မိန်းကလေးက ရုပ်ရည်ချောမော လှပ တင့်တယ်ရမယ်၊ နှစ် ဘွဲ့တစ်ခုရဖို့ လိုမယ်၊ သုံး ရိုးသားကြိုးစားပြီး ယဉ်ကျေးသိမ်မွေ့ရမယ်၊ ဒါဆို ရပြီ'

'အို… ဒါပဲလားရှင့်၊ မျိုးရိုးကောင်းဖို့လည်း လိုတယ်လေ'

'အေး… ဟုတ်သားဟ၊ ကဲ… နံပါတ်လေးတစ်ခု ထပ်ဖြည့် လိုက်ရအောင်၊ ယုတ်ညံ့သောမျိုးရိုး မဖြစ်စေရ'

ချမ်းအေး သဘောကျသွားသလို ပြုံးလိုက်သည်။ သူ၏ မာလာသိန်းတန်က အဖေ့သတ်မှတ်ချက်များနှင့် ပြီးပြည့်စုံနေသည် မဟုတ်လား။ သူမသိသေးတာဆိုလို့ ဘွဲ့ရ မရဆိုတာပဲ ရှိတော့သည်။ နာရေးကြော်ငြာတွင် မမာလာသိန်းတန် ရူပါဗိုက်ဇာ(…. အထည်ချုပ် စက်ရုံ)ဟု ပါခဲ့သည်ဆိုတော့ ဘွဲ့ရတစ်ယောက်သာ ဖြစ်လောက်သည်။

'ကောင်ပါပြီဗျာ၊ အဖေ့သတ်မှတ်ချက်တွေ သားလည်း သဘောတူပါတယ်၊ ဆင်းရဲချမ်းသာ ထည့်တွက်စရာ မလိုဘူးနော်'

'မလိုပါဘူးကွာ၊ ယောကျ်ားကပဲ ရှာကျွေးရမှာမဟုတ်လား၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဖြစ်ရင် တော်ပြီ'

'ဟုတ်ကဲ့… ကျေးဇူးပဲ အဖေ'

အမေက ရွှင်လန်းနေသော ချမ်းအေး၏ အမူအရာကိုကြည့် ရင်း…

'ကြေနတော့ အမေ့သား သဘောကျတဲ့ မိန်းကလေး တွေ့နေ ပြီထင်တယ်၊ ဟုတ်လား သား'

'အဟင်း… ဆိုပါတော့၊ အမေ ဒါပေမဲ့ ခုမှစတွေ့တာပါ'

'ဘယ်မှာတွေ့ကြတာလဲကွ'





'နာရေးကိစ္စတစ်ခုသွားရင်းနဲ့ တွေ့တာပါ အဖေ'

'ဟေ…'

ချမ်းအေး အဖြေကြောင့် အဖေနှင့် အမေ ပါးစပ်ဟောင်း လောင်း ပွင့်သွားကြ၏။ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း စိတ် သက်မသာ ဖြစ်သွားကြပုံလည်း ရသည်။

'တစ်နေ့က ရေဝေးမှာ သွားရှာမယ်လို့ မင်းပြောသွားတယ် ဟုတ်လား၊ မင်းကြိုက်နေတာ သုဘရာဇာမျိုးထဲကများလားကွာ'

'ဟာ… အဖေကလည်း ပေါက်ကရတွေ မဟုတ်ပါဘူး အဖေရ၊ သူ့အမေရဲ့ နာရေးကို ကူညီရင်း သူနဲ့စတွေ့တာပါ'

'ဟူး… တော်ပါသေးရဲ့ကွာ'

ထိုအခါမှ အဖေနှင့် အမေ ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားကြ၏။

'ဒါနဲ့ အဖေ သားရဲ့ အင်ဗာတာ ဒီဇိုင်းအသစ်ကို တွေ့ပြီးပြီ လား'

'အင်း… တွေ့ပြီးပါပြီကွာ၊ မဆိုးပါဘူး၊ ဒါပေမဲ့ ကုန်ကျ စရိတ် တွက်ထားတာကြည့်လိုက်တော့ ဈေးများနေတယ်ကွ၊ နည်းနည်း ပြန်လျှော့ဦး'

'မှုတ်ဆေးကို ဈေးပေါတာ သုံးမယ်၊ ပလပ်ပေါက်တွေ ဈေး ပေါတာသုံးမယ်၊ ကွိုင်ကို လျှော့ပတ်မယ်ဆိုရင် နည်းနည်းဈေးလျှော့ သွားမယ် အဖေ'

'အဲဒီတော့လည်း ကွာလတီကျသွားမှာပေါ့၊ နေပါဦးကွာ… ဈေးကွက်ထဲက တခြားပစ္စည်းတွေရဲ့ ဈေးနှုန်းကို အရင်စုံစမ်းလိုက် ဦးမယ်၊ လောလောဆယ်မှာ အင်ဗာတာထက်စာရင် ထရန်စဖော်မာကို ဦးစားပေးလိုက်'

'ဟုတ်ကဲ့ အဖေ၊ ဒါဆို သား အလုပ်ရုံသွားတော့မယ်'

'အေး… အေး… ထရပ်ကားမောင်းဖို့ ဒရိုင်ဘာအင်တာဗျူး ရှိတယ်၊ ကြည့်လုပ်လိုက်ဦး'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ အဖေ'

သားထွက်သွားတော့ ဦးအောင်ချမ်းနှင့် ဒေါ်နန်းကြိုင်တို့ လှမ်းကြည့်ကျန်ရစ်ခဲ့ကြ၏။ ဒေါ်နန်းကြိုင်က...

'အင်း... တော်ပါသေးရဲ့၊ ကျွန်မတို့သားလေးက တအားလိမ္မာတာပဲနော်၊ သူ့အရွယ် တခြားကလေးတွေ ပျက်စီးနေကြတာတွေ အများကြီး'

'မျိုးစေ့မှန်လို့ အပင်သန်တာလေ နန်းရဲ့'

'ဟုတ်ပါတယ်ရှင်... ဟုတ်ပါတယ်၊ ဟင်း... ဟင်း... ဟင်း...'

ဇနီးမောင်နှံနှစ်ယောက်သား သဘောတကျ ရယ်လိုက်ကြ၏။

* * *

နံနက်ခင်းသည် မန္တလေးသိမ်းဇော်၏ ဗုဒ္ဓဘုရား ဟောကြားသော ဗျာဒိတ်အတိုင်း တည်ပါစေသော်ဝ်ဆိုသည့် သီချင်းနှင့် ကျက်သရေရှိစွာ နိုးထလာ၏။ စိတ်နှလုံးကြည်သာချမ်းမြနေသောအခါ အရာရာ လှပနေတာ ဓမ္မတာပင်ဖြစ်သည်လေ။

ထိုနံနက်ခင်း၏ နေခြည်နုနုအောက်တွင် မြင်မြင်သမျှ အကုန်လှပနေကြ၏။ အစာရှာထွက်သော ကျေးငှက်တို့ပင် ရိုးရာတေးကို ရက်(ပ်)သံစဉ်ပြောင်း၍ သီဆိုရင်း ပျံသန်းနေကြသည်ဟု ချမ်းအေး စိတ်ထဲ ထင်နေမိသည်။ သူ၏ ရင်တွင်းဖြစ်အိုအေးစစ်တည်ဆောက်ရေး ခရီးစဉ်ကို ဒီနေ့ စတင်အကောင်အထည်ဖော်မည်ဟု ချမ်းအေး စိတ်ပိုင်းဖြတ်လာခဲ့သည် မဟုတ်လား။

ကားကို လမ်းမတန်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့ရပ်ပြီး မာလာလေးတို့ လမ်းသွယ်ထဲ လမ်းလျှောက်ဝင်လာခဲ့၏။ လမ်းကို ပိတ်၍ထိုးထားသည့် မဏ္ဍပ်အတွင်း ခင်းထားသည့် စားပွဲများတွင် ...ပြည့်နေသည်။ မဖိတ်ဘဲနှင့် လာခဲ့သူမို့ သိသူလည်း မရှိသည့်အတွက် နည်းနည်းတော့ ကြောင်စီစီနိုင်လှ၏။ သို့သော် ချမ်းအေးက ...ဖြတ်ပြီးသားဖြစ်နေ၍ နောက်ပြန်လှည့်ဖို့ မစဉ်းစား။ ကူငွေလက်ခံ... စားပွဲသို့သွား၍ ငွေတစ်သောင်းထုတ်ပေးလိုက်သည်။

'နာမည်လေးတစ်ဆိတ်လောက် ပြောပါ ခင်ဗျာ'

'ကိုချမ်းအေး နာရေးကူညီမှုအသင်း'

'သြော်... ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ငွေလက်ခံသူက ဗလာစာအုပ်တွင် စာရင်းသွင်းပြီး သူကိုယ်...ိုင် အိမ်ပေါ်သို့ လိုက်ပို့ပေး၏။

'ကြွ... ဆရာလေး၊ အိမ်ပေါ်ကြွ၊ ဟေ့... မာလာတို့ ...ိန်းတန်တို့ရေ ဒီမှာ ဧည့်သည်ကို နေရာပေးပါဦးဟ'

ထိုအခါမှ မာလာလေး စားပွဲတစ်ခုမှထလာကာ ကြိုဆိုသည်။

'ဟင်... အစ်ကို... တကူးတကကို ရောက်လာတာပါလား'

'ဟုတ်ကဲ့'

'ကဲ... မိတ်ဆွေ ထိုင် အားမနာနဲ့နော်၊ ဒီမှာ မာလာ၊ နာရေး...ကူညီမှုက ငွေတစ်သောင်းလာကူတာ'

'ရှင်... သြော်... ဟုတ်ကဲ့၊ ထိုင်... ထိုင်ပါ အစ်ကို'

မာလာသိမ်းတန်က နေရာပေးပြီး မုန့်ဟင်းခါးတစ်ပွဲ ချက်ချင်း...ပြင်ပေး၏။ ခြေမွထားသော ပဲကြော်ပန်းကန်၊ နံနံပင်၊ ရှောက်သီးမှုန့်၊ ...ငံပြာရည်ပန်းကန်တို့ကို ရှေ့တိုးပေးရင်း...

'စားနော် အစ်ကို၊ အားမနာနဲ့၊ တစ်ယောက်တည်းလာတာ ...ကိုး၊ ဟိုနေ့က ကားမောင်းတဲ့အစ်ကိုကြီးပါ ခေါ်ခဲ့ရောပေါ့'

'သူမအားလို့ပါ မမာလာ'

'ဒါနဲ့ အခုလိုရောက်လာတဲ့အတွက် ကျေးဇူးပဲနော်၊ နာမည် ...သိတော့ ဘယ်လိုခေါ်ရမှန်း...'

'အဲ... ကျွန်တော့်နာမည် ချမ်းအေးပါ မမာလာ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ… ဟုတ်ကဲ့ စားနော် ကိုချမ်းအေး၊ ဟို မရှင်း လေးတစ်ခုလောက် မေးပါရစေ၊ ဒီနေ့ ကူငွေကရော အဖွဲ့ကပဲ ကူညီ တာလား'

'ဟိုလေ အဲလိုတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့အဖွဲ့ ဝါသနာတူသူငယ်ချင်းလေးယောက် ရှိပါတယ်၊ အဲဒီလေးယောက် သီးသန့်အလှူညကျကူညီမှု ဆိုပါတော့'

'ဪ…'

မာလာသိန်းတန် သံသယရှင်းပြီး တစ်စုံတစ်ရာသဘောပေါ သွားဟန်နှင့် ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ ချမ်းအေးက မလုံမလဲ နှင့် မလိုအပ်ဘဲ ထပ်ရှင်းပြနေမိသည်။

'တတ်နိုင်သလောက်စုပြီး အကူအညီပေးတဲ့သဘောပါ'

'ကိုချမ်းအေးတို့က အဖွဲ့ရဲ့ ဝန်ထမ်းတွေလား'

အမှတ်မထင် စပ်စုသောမေးခွန်းဟု ယူဆလိုက်ပြီး က ကတန်း ဖြေရှင်းရ၏။

'မဟုတ်ပါဘူး၊ ကျွန်တော်တို့က စေတနာ့ဝန်ထမ်း လုပ်အား ပေးတွေပါ၊ စနေ တနင်္ဂနွေနှစ်ရက်ပဲ လုပ်အားဒါန ပြုနိုင်တာပါ အားလုံး တခြားအလုပ်ကိုယ်စီ ရှိကြပါတယ်။ ကျွန်တော်ဆို U.A.C လျှပ်စစ်လုပ်ငန်းမှာ အလုပ်လုပ်နေတာပါ မမာလာ'

'ဒီလိုကိုး၊ ဒီကူညီမှုက သိပ်မွန်မြတ်တာပဲနော်၊ တော်ရုံ လုပ်ဝံ့တာမျိုး မဟုတ်ဘူး'

'ဟုတ်ကဲ့'

ချီးကျူးစကားမို့ ဟုတ်ကဲ့သာပြောပြီး မုန့်ဟင်းခါးစားနေလိုက် ၏။ ထိုစဉ် မာလာ့အစ်ကို လှမ်းကြည့်ပြီး လာထိုင်သဖြင့် မာလာက မိတ်ဆက်ပေးသည်။

'ဒါ ကျွန်မအစ်ကို တပ်ကြပ်ကြီး နိုင်သိန်းတန်ပါ၊ အစ်ကို… သူက ကိုချမ်းအေးတဲ့၊ နာရေးကူညီမှုအသင်းက စေတနာ့ဝန်ထမ်း လုပ်အားရှင်တွေ'





'ဪ… ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကူညီ ရှင်တွေအတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ကတော့ မကွေးမှာ တာဝန်ကျပါတယ်'

'ဟုတ်ကဲ့… ဝမ်းသာပါတယ် အစ်ကို'

'ထည့်စား ညီလေး၊ အဝကျိတ်၊ အားမနာနဲ့'

နိုင်သိန်းတန်က ရင်းရင်းနှီးနှီးပြောပြီး မုန့်များ ထပ်ထည့်ပေး နေ၏။ ထိုစဉ် အောက်ဝိုင်းမှ သူငယ်ချင်းများ လှမ်းခေါ်သဖြင့် နိုင်သိန်းတန် နှုတ်ဆက်ပြီး ထသွားသည်။ ချမ်းအေးပန်းကန်ထဲ မာလာက ဟင်းရည်ဖြည့်ပေးနေစဉ် အိမ်ပေါ်သို့ ကောင်မလေးနှစ်ယောက် လာ၏။

'မာလာ'

'ဟယ်… ဝတ်ရည်နဲ့ နုသွေး၊ စောစောလာပါဆိုမှ နောက်ကျ လိုက်တာ၊ ဒီမှာပဲ တစ်ခါတည်းဝင်လိုက်'

မာလာက သူငယ်ချင်းများကို ဖိတ်ခေါ်ရင်း မုန့်ပန်းကန်ထဲ ဟင်းရည်များ ဖြည့်ပေးနေ၏။ အားလုံး နေသားတကျထိုင်ပြီးမှ…

'သူက ကိုချမ်းအေးတဲ့၊ နာရေးကူညီမှုက စေတနာ့လုပ်အား ပေးတစ်ယောက်ပေါ့၊ ကိုချမ်းအေး သူတို့က မာလာတို့စက်ရုံက သူငယ်ချင်းဝန်ထမ်းတွေလေ၊ ဝတ်ရည်နဲ့ နုသွေးတဲ့'

ကောင်မလေးများက ခေါင်းညိတ် ပြုံးပြကြ၏။

'ဟုတ်ကဲ့… ကျွန်တော်က ခင်တတ်ပါတယ်၊ ဒါပေမဲ့ တချို့ ကတော့ ကျွန်တော်တို့နဲ့ ခင်မင်ဖို့ ဝန်လေးတတ်ကြတယ်ဗျ'

'အဲလိုမဟုတ်ပါဘူးရှင်၊ အကူအညီလိုရင် ပြောပါလို့ အပြော ခံရမှာကို ကြောက်တာပါ'

ဝတ်ရည်ပြောသည့်စကားကြောင့် အားလုံး တိုးတိုးသက်သာ ရယ်မိကြ၏။ စကားပြတ်သွားပြီး မာလာက တစ်နေရာသို့ ငေးနေတာ မြင်ရသဖြင့် စူးစမ်းကြည့်တော့ ဘုရားစင်အောက်မှ စားပွဲလေးတွင်



www.burmeseclassic.com

www.burmeseclassic.com



တင်ထားသည့် ဒေါ်မာလာ၏ ဓာတ်ပုံနှင့် မုန့်ပန်းကန်များကို တွေ့ရ၏။ မာလာလေး သူ့အမေကို သတိရတမ်းတနေသည်ကိုး။ လုံးဝတိတ်ဆိတ်နေသဖြင့် လူမှုရေးအရ နုသွေးက စကားစပြန်သည်။

'ကိုချမ်းအေး… ဘယ်မှာအလုပ်လုပ်သလဲဟင်'

'ကျွန်တော် U.A.C မှာ လျှပ်စစ်ပစ္စည်းတွေ တပ်ဆင်ထုတ်လုပ်ပါတယ်၊ အင်ဗာတာတို့၊ မီးမြှင့်စက်တို့၊ ဆော့(ဖ်)ဂဟ်တို့နဲ့ပတ်သက်ရင် ကူညီနိုင်ပါတယ်'

'ဟယ်… နာရေးကူညီတာထက်စာရင် အဲဒါတော့ စိတ်ဝင်စားတယ်'

မုန့်ဟင်းခါးစားပြီးသွားတော့ အချိုပွဲတွေ ရောက်လာပြန်သည်။ ချမ်းအေးက မာလာကိုသာ အခွင့်သာတိုင်း တစိမ့်စိမ့်ကြည့်နေတတ်၏။ ဒါကို ဝတ်ရည်တို့ သတိပြုမိကြသည် ထင်၏။ အချင်းချင်း လက်ကုတ်နေကြသည်။ ကြာတော့ ချမ်းအေး မနေတတ်တော့သဖြင့် နှုတ်ဆက်ရတော့သည်။

'ကျွန်တော် လုပ်သွားရဦးမှာမို့ ခွင့်ပြုပါဦး မမာလာ'

'သြော်… ဟုတ်ကဲ့… ဟို လလည်ဆွမ်းသွတ်လည်း တစ်ခါတည်း ဖိတ်လိုက်ပါရစေ၊ ဆက်ဆက်လာခဲ့ပါဦးနော် ကိုချမ်းအေး'

'ဟုတ်ကဲ့… လာခဲ့ပါ့မယ်၊ ကဲ… ဒီက ညီမတွေလည်း ခွင့်ပြုကြပါဦးနော်'

'ဟုတ်ကဲ့ရှင့်'

ချမ်းအေး ထွက်သွားတာလှမ်းကြည့်ပြီး နုသွေးက…

'မာလာတို့အမြင်မှာတော့ သူကူညီချင်တာ နာရေးတစ်ခုတည်းတော့ ဟုတ်မယ်မထင်ဘူးနော်'

'ဟုတ်တယ် မာလာ၊ သူ့မျက်လုံးတွေမှာ အကုန်ပေါ်နေတာလေ၊ အသိသာကြီး'

'ငါလည်း သတိထားမိပါတယ်၊ သူ့အကူအညီတွေက ထုံးစံ





ထက် ဘောင်ကျော်နေတယ်လေ၊ ဒီအချိန်မှာ ငါ ဘာကိုမှ စိတ်ဝင်စားလို့မရဘူးဟာ'

'ဟုတ်ပါတယ်လေ၊ တို့လည်း သတိထားမိလို့သာ ပြောရတာပါ၊ နှင့်ရင်ထဲက အပူကို တို့နားလည်ပါတယ်'

စကားတွေရပ်ပြီး အစားကို တရစပ်စားနေကြသဖြင့် သူတို့ဝိုင်းလေး တိတ်ဆိတ်ငြိမ်သက်သွားခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒလဘက်ကမ်းတွင် သောက်သုံးရေကန်များ ခန်းခြောက်၍ သောက်ရေပြတ်လပ်ပြီး ပြည်သူများ ဒုက္ခရောက်နေသည်ဆိုသည့် သတင်းကြောင့် တာဝန်ရှိ အစိုးရအဖွဲ့အစည်းများက ရေသယ်ယာဉ်ကြီးများနှင့် ရေများ ဝေငှပေးနေသလို စေတနာရှင်ပြည်သူများကလည်း တစ်နိုင်တစ်ပိုင်ဆိုသလို ကားကြီးကားငယ်များနှင့် သောက်ရေသန့်ဘူးများ လာရောက်ကုသိုလ်ပြုနေကြ၏။

နွေနေအပူအောက်မှ စေတနာချင်းပြိုင်နေကြသော ပြည်သူများကြောင့် ဒလမြေတွင် စည်ကားနေသည်။ နာဂစ်မုန်တိုင်းလွန်ကာလများမှစ၍ တစ်ဦးချင်း စေတနာရှင်များ၊ ဝါသနာတူရာစုထားသော အလှူရှင်များ၊ N.G.O အဖွဲ့အစည်းများ စသည်တို့၏ လှူဒါန်းမှုများက သိသာစွာ တိုးတက်ကြီးထွားလာ၏။

ထိုအဖွဲ့အစည်းများထဲတွင် ချမ်းအေးတို့ သူငယ်ချင်းတစ်သိုက်လည်း ပါသည်။ ချမ်းအေးက မတည်ငွေ ဆယ်သိန်းထည့်ဝင်ထားသလို အခြားစေတနာရှင်များလည်း ပူးပေါင်းပါဝင်လာသဖြင့် အတော်ငွေအားတောင့်သွားခဲ့၏။ ဒီနေ့အဖို့ ဒလမှ မြို့နယ်များအတွက် ရေသန့်နှင့် အခြားအချိုရည်ဘူး စုစုပေါင်း ငါးသိန်းဖိုးလှူဒါန်းမည်ဖြစ်သည်။

သူတို့ မနက်ရှစ်နာရီတွင်ပင် ဒလသို့ စုံညီစွာရောက်ရှိနေခဲ့ကြသည်။ သူတို့ထဲတွင် မျိုးနွယ်က အတာက်ကြွဆုံးဖြစ်နေသည်။ သူက





ဒီတစ်ခါ ရေအလှူထွက်လျှင် ရည်းစားရအောင်ရှာမည်ဟု ကြုံးဝါးထားသည် မဟုတ်လား။ သို့သော် အဖွဲ့ထဲပါလာသည့် မိန်းမအများစုက အိမ်ထောင်သည်တွေ ဖြစ်နေကြသလို ရှားရှားပါးပါး အပျိုနှစ်ယောက်မှာလည်း ပိန်တာရိုးနှင့် ဝတုတ်ပြဲတို့ ဖြစ်နေကြ၏။ မျိုးနွယ်ချက်နှာ မကောင်းတော့ချေ။ ဒါကို ရာစုက ကလိသည်။

'မျိုးနွယ် ပြောစမ်း၊ မင်း ရည်းစားရအောင် ငါကူညီမယ်၊ ငါးဖောင်ရိုးလေး ကြိုက်လား၊ ပေါက်စီ မမကို ကြိုက်လား၊ အောင်သွယ်ပေးချင်လို့'

'သိပ်စေတနာရှိနေလား ရာစု'

'အေး'

'ဒါဆို မင်းအစ်မနဲ့သာ အောင်သွယ်ပေးတော့'

ဒလမြို့တွင်း တစ်အိမ်တက်ဆင်း သောက်ရေသုံးရေ ဖြန့်ဝေရင်း ပျော်ပျော်ပါးပါး နောက်ပြောင်နေကြ၏။ ချမ်းအေး အိမ်တစ်အိမ်ရှေ့ရပ်ရင်း...

'ဒီအိမ်မှာ လူဦးရေဘယ်လောက်ရှိပါသလဲ ခင်ဗျာ'

ချမ်းအေး အော်မေးသည့်အသံကြောင့် အိမ်ထဲမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာ၏။

'ဒီအိမ်မှာ ဟင် ဟို... ဟို... ညီမက နုသွေးမဟုတ်လား'

'ရှင်... ဟယ်... ကို... ကိုဘယ်သူ...'

'ချမ်းအေးပါ'

'သြော်... ကိုချမ်းအေး နာရေးကူညီမှုအသင်းက...'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တော့ ရေအလှူရှင်အဖွဲ့သားဆိုပါတော့ဗျာ၊ အိမ်မှာ လူဘယ်နှယောက်ရှိလဲ နုသွေး'

'အားလုံး ခြောက်ယောက်ပါ ကိုချမ်းအေး'

'ဟုတ်ကဲ့... ဟေ့... မျိုးနွယ်ရေ၊ ဒီမှာ ခြောက်ယောက်'

'အေး... အေး...'



www.burmeseclassic.com

www.burmeseclassic.com


အသံနှင့်အတူ မျိုးနွယ်ရေသန့် ခြောက်ဘူးပိုက်၍ ရောက်လာ၏။ အိမ်ရှင်မိန်းကလေးအား ရေသန့်ဘူးလှမ်းပေးရင်း အကြည့်ချင်းဆုံသွားသည်။ ရေဘူးကိုင်ကာ လှမ်းပေးနေသော မျိုးနွယ်၏လက်များ လေထဲရပ်တန့်သွား၏။ ထို့အတူ နုသွေး၏ လှမ်းယူသောလက်များကလည်း တိုးလိုးတန်းလန်းဖြစ်နေသည်။ ချမ်းအေး တအံ့တဩနှင့် အကဲခတ်မိတော့ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် ကြည့်နေကြတာ တွေ့၏။

'ဟေ့ကောင်... ဘာဖြစ်နေတာလဲ၊ ရေဘူးတွေ ပေးလိုက်လေ'

'သြော်... အေး... အေး... ရော့... ရေဘူးတွေ သိမ်းပါဦး၊ ဒီနှစ်ရော ရေလာလှူတဲ့အဖွဲ့တွေ များလား'

'သိပ်မများဘူးရှင့်'

မျိုးနွယ်က ညာတာပါတေးနှင့် ဝင်ရောနေသည်။ ကောင်မလေးက ချမ်းအေးကိုကြည့်ရင်း...

'ကိုချမ်းအေးတို့ အဖွဲ့အားလုံး ဘယ်နှယောက်လဲ'

'များတယ်၊ ဆယ်ယောက်ကောင်၊ ဘာလုပ်မလို့လဲ နုသွေး'

'ဟိုဒင်း... ကော်ဖီနဲ့ ဧည့်ခံမလို့'

'ဟာ... မလုပ်ပါနဲ့၊ အားနာစရာကြီး'

'ဟင်... ဟာ... ချမ်းအေး... တို့အဖွဲ့လည်း တော်တော်ပင်ပန်းနေပြီ၊ ခဏနားလိုက်ကြရအောင်'

'ဟုတ်သားပဲ ကိုချမ်းအေးရယ်၊ ခဏနားပါဦး၊ အဖွဲ့သားတွေ ခေါ်လိုက်ပါ၊ ကော်ဖီသောက်တာပဲ ဘာကြာတာမှတ်လို့၊ ခေါ်လိုက် ခေါ်လိုက်၊ ကျွန်မ ပြင်ဆင်ထားလိုက်မယ်'

ပြောပြောဆိုဆို နုသွေးက အိမ်ထဲဝင်သွားရာ မျိုးနွယ်က ချမ်းအေးအား တံတောင်နှင့်တွက်ရင်း...

'ဟေ့ကောင်... မင်းနဲ့ အသိတွေလား၊ နာမည်က နုသွေးတဲ့လား၊ စောစောက မပြောဘူးကွာ'





'ပြောစရာလား'

'လုပ်စမ်းပါကွာ၊ မင်းတို့ ဘယ်လိုလုပ်သိကြတာလဲ'

'သူက မာလာရဲ့ သူငယ်ချင်းကွ၊ အထည်ချုပ်စက်ရုံမှာ အတူတူလုပ်ကြတာ၊ အဲဒါ အသာထား၊ အဖွဲ့သားတွေ သွားခေါ်ဦး'

'အေးပါ... အေးပါ... ပျော့ကွက်တွေ သွားပြီဆိုတော့ သွင်းဦးပေါ့'

မျိုးနွယ် ပွစိပွစိပြောပြီး ထွက်သွားသဖြင့် ချမ်းအေး သဘောတကျ ရယ်မောမိ၏။ ပုံစံကြည့်ရုံနှင့် နုသွေးကို သဘောကျသွားတာ သိသာနေသဖြင့် ဘာပဲဖြစ်ဖြစ် ကြော်ဖော်ကြောင်ဖက်ရသွား၍ အားရှိသွားသည်။ ခဏနေတော့ ရေအလှူအဖွဲ့သားများ အိမ်ရှေ့ခုံတန်းတွေမှာ ဝင်ထိုင်လာကြသည်။ နုသွေးက ကော်ဖီပန်းကန်များကို ဗန်းနှင့် ထည့်ယူလာ၏။

မျိုးနွယ် ကမန်းကတန်းနှင့် ကော်ဖီဗန်းကို ဆွဲယူကာ အဖွဲ့သားများအား ဝေပေးလိုက်သည်။ ဒီကောင် အတော်သွက်နေပါလားဟု တွေးပြီး ချမ်းအေးပြုံးမိ၏။ အချစ်ကို ရှာဖွေတွေ့ရှိလျှင် ယောကျ်ားအားလုံး ထိုသို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတတ်ပါလားဟုလည်း မျက်မြင်သိလိုက်ရသည်။

ကော်ဖီပန်းကန်များ လူစေ့တက်စေ့ ဝေငှပြီးမှ အာလာပသလ္လာပ ပြောဆိုကြ၏။ မျိုးနွယ်က လူရော စကားတွေပါ သွက်နေသလို နေရာလည်း ယူတတ်သည်။ နုသွေးနှင့် အနီးဆုံးတွင် ကပ်ထိုင်နေ၏။

'အခု အဖွဲ့တော်တော်များများ သောက်ရေလာလှူနေကြတော့ သောက်ရေ အဆင်ပြေပြီလား၊ သုံးရေရော အခြေအနေဘယ်လိုရှိလဲ မနုသွေး'

'ဒီလိုပဲ ချိုးခြံသုံးနေရတာပေါ့ရှင်၊ သုံးရေရဖို့ကလည်း လွယ်တာမှမဟုတ်တာ'


www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ အလုပ်ပိတ်ရက်မို့ မနုသွေး အိမ်မှာရှိနေတာပေါ့'

'ဟုတ်တယ် ကိုချမ်းအေး၊ နို့မို့ဆို ခုလိုဆုံကြမှာ မဟုတ်ဘူး'

'မာလာနဲ့ပတ်သက်ပြီးမှ သိကြရတာဆိုပေမယ့် ခင်ခင်မင်မင် ဆက်ဆံနိုင်ပါတယ် ခင်ဗျာ'

'ဟုတ်ကဲ့ပါ၊ ကျွန်မကလည်း လူမှုရေးစိတ်ဓာတ်အပြည့်ရှိတဲ့ ကိုချမ်းအေးတို့အဖွဲ့နဲ့ ခင်ရလို့ ဝမ်းသာပါတယ်'

'ဟုတ်ကဲ့...ဒါ ကျွန်တော့်သူငယ်ချင်း မျိုးနွယ်ပါ၊ (--- ယူနိုက်တက်ဘောလုံး)အသင်းရဲ့ သိပ္ပံနည်းကျ အာဟာရပညာရှင် စားဖိုမှူးတစ်ယောက်ပေါ့'

'စားဖိုမှူး ဟုတ်လား၊ တွေ့ရတာ သိပ်ဝမ်းသာသွားပြီ ကိုမျိုးနွယ်၊ ကျွန်မက အချက်အပြုတ်ညံ့တော့ အဲလို ချက်တတ်ပြုတ်တတ်တဲ့သူတွေနဲ့ တွေ့ရင် သိပ်ခင်ချင်တာ'

'ဟဲ.. ဟဲ... ရပါတယ်ဗျာ၊ နောက် အချိန်ရမှ လက်စွမ်းပြ ချက်ကျွေးရဦးမယ်၊ ဟဲ... ဟဲ...'

စကားဝိုင်းက သုံးယောက်တည်းနှင့် ရွှန်းရွှန်းဝေနေသဖြင့် ဝဏ္ဏနှင့် ရာစု အစာမကြေဖြစ်နေကြသည်။

'လာမယ့် တစ်လပြည့်ဆွမ်းသွတ်ကို မနုသွေးတို့ သွားမှာလား'

'သွားရမှာပေါ့ ကိုချမ်းအေးရဲ့၊ စက်ရုံက ကျွန်မတို့ ဆက်ရှင်စုပြီး သင်္ကန်းတစ်စုံတောင် လှူဦးမှာ'

'ကောင်းတယ်ဗျာ၊ ကျွန်တော်တို့အဖွဲ့လည်း သင်္ကန်းတစ်စုံလောက်တော့ လာလှူဦးမှပဲ၊ ချမ်းအေး အဲဒီကိစ္စလည်း မမေ့နဲ့၊ ငါတို့ဝိုင်းပြီး ပိုက်ဆံစုရအောင်'

'အေးပါ... မျိုးနွယ်ရာ၊ ငါက မေ့မလား'

နာရီဝက်လောက် စကားပြောပြီးတော့ ရေအလှူကိစ္စ ခရီးဆက်ဖို့ရှိသေး၍ နှုတ်ဆက်ထွက်ခွာလာခဲ့ကြ၏။ မျိုးနွယ်က သမင်





ညည်ပြန်အကြည့်နှင့် ဘက်ဂီယာထိုးချင်နေသဖြင့် ရှေ့ဆက်အောင် ဆွဲခေါ်ရသေးသည်။

* * *

ဦးအောင်ချမ်းက တရုတ်နှင့် အိန္ဒိယမှဝင်လာသော ဆိုလာစစ်စတမ် နေရောင်သိုလှောင်သည့် ချစ်(ပ်)အပြားလေးများကို ယှဉ်၍ လေ့လာနေ၏။ ဒေါ်နန်းကြိုင်က လင်တော်မောင်အနားမှာ ရေပူရေချမ်းတမ်းလုမ်းဖို့ အသင့်ရှိနေလေသည်။ ချမ်းအေး သူ့မိဘများကိုကြည့်ရင်း အတွေးတွေ ပြေးလွှားနေကြ၏။ အဖေ လူထွက်လာပြီးမှ အမေက အဖေ့နားမှ မခွာတော့။ အမြဲလို နှစ်ယောက်အတူ ရှိနေကြသည်။

နောင်အနာဂတ်ကာလတွင် ချမ်းအေး အလုပ်လုပ်နေသည့်အခါ မာလာလေးလည်း သူ့အနားမှာ ဤသို့ရှိနေလိမ့်မည်ဟု စိတ်ကူးယဉ်မိတော့ ချမ်းအေးရင်ထဲ နွေးထွေးသွား၏။

'ဘယ်လိုလဲ အဖေ၊ ဒီမှာ ထုတ်လုပ်ဖို့ လွယ်ပါ့မလား'

'အင်း... ဘယ်လွယ်ပါ့မလဲ သားရယ်၊ ဒီမှာ တပ်ဆင်တာလောက်ပဲ လုပ်လို့ရမှာ၊ တစ်ခါလောက်တော့ တမူးကနေ အိန္ဒိယဘက်သွားပြီး ဆိုလာပြားစက်ရုံကို လေ့လာချင်တယ်ကွာ'

'ကောင်းသားပဲ အဖေရဲ့၊ ဒါမှမဟုတ်ရင်လည်း ဒီတစ်ခါစက်မှုလုပ်ငန်းရှင် အစည်းအဝေးမှာ အိန္ဒိယလုပ်ငန်းရှင်တွေရဲ့ အကျိုးတူလုပ်လို့ ရ၊ မရ မေးကြည့်ပါလား'

'အင်း... အဲဒီနည်းက ပိုကောင်းမယ်ထင်တယ်၊ ဘာလိုလို့နဲ့ ငါ့သားတောင် အတော်တွေးခေါ်နိုင်စွမ်းရှိနေပြီပဲ'

'ဟဲ... ဟဲ... လူကြီးဖြစ်လာတာလေ အဖေရ'

'သွားစမ်းပါကွာ၊ မိန်းမရမှ လူကြီးဖြစ်တာ'

'အို... အဖေကြီးကလည်း ဒါပဲပြောနေတော့တာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဟ... မပြောလို့ဖြစ်မလားကွ၊ ကျုပ်လည်း မြေးချီချင်
ထိန်းချင်ပြီလေ၊ ဒါမှမဟုတ် မင်း တစ်ယောက်လောက် ထပ်မွေး
မလား'

'သားရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ'

အဖေနှင့် အမေ သူ့အတွက်နှင့် စကားများကြမှာတော့ ချမ်း
အေး မလိုလားပါ။

'ကဲပါ... အဖေ့ဆန္ဒတွေ ပြည့်ဝအောင် သား အကောင်
အထည်ဖော်နေပါပြီ၊ တစ်နှစ်ပဲ အချိန်ပေး၊ အားလုံးအိုကေသွားစေ
ရမယ်'

'တကယ်ပြောတာလား သား'

'တကယ်ပေါ့ အမေရ'

'ကဲ... ပြောစမ်းပါဦး၊ နမူနာတွေလာလေး ဘာလေး ထိုးစမ်း
ပါဦး'

'အဟင်း... နာမည်က မာလာသိန်းတန်တဲ့၊ သူ့အမေဆုံးတာ
မကြာသေးဘူး၊ ဘွဲ့ရတစ်ယောက်ပဲ အထည်ချုပ်စက်ရုံမှာ စူပါဗိုက်ဇာ
လုပ်နေတယ် မေမေ၊ အစ်ကိုတစ်ယောက်ပဲ ရှိတယ်၊ အစ်ကိုက
တပ်ကြပ်ကြီး၊ အဖေရော အမေပါ မရှိတော့တာ၊ နည်းနည်းတော့
ချို့တဲ့တယ်၊ ရုပ်ကတော့ မဟာဆန်ဆန် အတော်ချောတာ'

'အမလေး... ရှမ်းကြိုက်လို့ နွားချောနေတာပါကွာ၊ မင်း
အမေလောက်များ ချောဦးမလား'

'ကိုအောင်... ရှင် ဘယ်လိုဖြစ်နေလဲ'

'အဟဲ... မှန်တာပြောတာလေ နန်းရဲ့'

'တော်ပါ... ကလေးကလား၊ ကဲ... ပြောပါဦး သားရဲ့၊
ဘယ်လိုတွေ့ကြတာလဲ၊ အခြေအနေရော ကောင်းပြီလား၊ အိမ်ကို
ဘယ်တော့ခေါ်လာပြီး မိတ်ဆက်ပေးမှာလဲ'

'ဟာ... အမေကလည်းဗျာ၊ အခွေကို NEXT နဲ့ကျော်ကြည့်





သလိုလုပ်လို့ ရမလား၊ မင်းသားနဲ့ မင်းသမီးက အခုမှစပြီးတော့
တွေ့ရုံရှိသေးတဲ့ဟာကို'

'မင်းကလည်းကွာ၊ ခိုးချင်တာကလည်း ဟုတ်လို့ လက်နှေးတာ
ကလည်း ချာလို့ဆိုသလို ဖြစ်နေပါပြီ'

'ဖြည်းဖြည်းပေါ့ အဖေရာ၊ အခုမှ နှစ်ခါပဲဆုံရသေးတဲ့ဥစ္စာ'

'ဒီခေတ်ကြီးထဲမှာကွာ၊ ခဏခဏဖုန်းဆက်ပြီး နှူးပေါ့ကွ'

'အဖေကလည်း သူ့မှာ ဖုန်းမှမရှိတာ'

'ကဲပါ ကိုအောင်ရယ်၊ သားကိစ္စ သားဘာသာ ကြည့်လုပ်ပါ
လိမ့်မယ်၊ ဒါမျိုးက သင်ပေးစရာမှ မလိုတဲ့ဟာ'

'ဘယ်ဟုတ်မလဲကွ၊ ဆရာမပြရင် ကျွိုင်းပတ်တာတောင် စနစ်
မကျဘူးလေ၊ မင့်သားကို လျှပ်စစ်နဲ့ပတ်သက်တာတွေ ငါပဲအကုန်သင်
ပေးလို့ ဒီလောက်တော်နေတာ မဟုတ်လား၊ ဟိုကိစ္စလည်း ဒီလိုပဲ
ငါသင်ပေးမှ ဖြစ်မှာပေါ့'

'ဟား... ဟား... ဟား... မလိုပါဘူး အဖေရာ၊ အဖေ့ဟာ
အဖေ မိန်းမပိုးနည်းပညာမှာ ဒီပလိုမာပဲရရ ဘွဲ့ပဲရရ မလိုဘူး၊ သား
က ကိုယ့်သမိုင်းကိုယ် အင်တာနက်မှာရေးမှာ၊ ဟဲ... ဟဲ... အခုပဲ
သွားရေးလိုက်ဦးမယ်၊ တာ့တာ'

အဖေနှင့် အမေ့ကို နောက်သလို ပြောင်သလိုနှင့် နှုတ်ဆက်
ပြီး အသာလစ်ထွက်လာခဲ့၏။ ဦးတည်ရာက မာလာလေးတို့ စက်ရုံသို့။
စက်ရုံနှင့်မလှမ်းမကမ်း အပင်ရိပ်တွင် ကားရပ်ထားပြီး လိုင်းကား
မှတ်တိုင်သို့သွား၍ စောင့်နေလိုက်သည်။ ငါးနာရီခွဲလောက်တွင် ထမင်း
ချိုင့်များ၊ ခြင်းများ ကိုယ်စီကိုင်ထားကြသော မိန်းကလေးများ တစ်
သုတ်ပြီးတစ်သုတ် ထွက်လာကြတာ လှမ်းမြင်ရ၏။

ဒီလောက်များပြားသော မိန်းမအုပ်ကြီးကို တစ်ခါမှ မတွေ့
ဖူးသဖြင့် ချမ်းအေး ခြေဖျားလက်ဖျားတွေ အေးလာသည်။ ထိုအုပ်ထဲမှ
ကိုယ်နှင့်သက်ဆိုင်သူကိုရှာရတာ မျက်လုံးပင် ပြာဝေလာ၏။ ချမ်းအေး
ခြေဖျားထောက် ခေါင်းမော့ပြီး လူအုပ်ထဲ ပြူးပြဲကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုချမ်းအေး… ဘယ်သူ့ကို ရှာနေတာလဲ'

ရုတ်တရက် အနားကပ်ပြောလိုက်သည့် စကားသံကြော… ချမ်းအေး လန့်ပြီးကြည့်လိုက်တော့ မာလာ၊ ဝတ်ရည်နှင့် နုသွေး… သုံးယောက်ကို တွေ့လိုက်ရသဖြင့် သူခိုးလူမိသလို ဖြစ်သွားရ…

'ဗျာ… အဲ… ဟိုဒင်း'

'မာလာ့ကို လာစောင့်တာတော့ မဟုတ်ပါဘူးနော်'

'ဟုတ်တယ်ဗျ၊ အာ… မ… မဟုတ်ဘူး၊ ဒီနားမှာ… သူငယ်ချင်းတစ်ယောက်ဆီ အလည်လာရင်း ကားစောင့်နေတာ၊ ဟဲ… ဟဲ… တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ကြုံတုန်း တစ်ခုခုစားကြ… မလား၊ ကျွန်တော် ကျွေးပါ့မယ်'

'တကယ်ပြောတာလား ကိုချမ်းအေး၊ အားလုံး ဗိုက်ဆာ… ကြတာနော်'

ဒလတွင် တစ်ခါထပ်ဆုံပြီး အတော်ရင်းနှီးနေပြီဖြစ်သည့် နုသွေးကပင် ဦးဆောင်၍ ဒရစပ်ပြောနေလေ၏။

'တကယ်ပါဗျာ၊ ကျွန်တော်တို့က ကူညီဖို့ ကျွေးမွေးဖို့ လှူဒါန်းဖို့ပဲ အမြဲတွေးနေကြတာပဲဟာ'

'အဆင်ပြေလိုက်တာရှင်၊ ညနေတိုင်း လာခဲ့ပါလား ကိုချမ်းအေးရယ်'

'အို… နုသွေးရယ်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ တကယ်ပါပဲ'

မာလာက အားနာရုက်ရွံ့ဟန်နှင့် နုသွေးကို ဟန့်လိုက်သော်လည်း နုသွေးက ဦးဆောင်ပြီး ချမ်းအေးကို ဆွဲခေါ်ကာ အနီးဆုံး စားသောက်ဆိုင်သို့ ဦးတည်သွားနေသဖြင့် ဝတ်ရည်နှင့် မာလာလည်း လိုက်သွားရတော့သည်။ စားသောက်ဆိုင်ထဲ နေရာယူပြီးသည်နှင့် မုန့်ဟင်းခါး၊ မုန့်တီနှင့် မုန့်တီအသုပ်ဟူသော အသံများကလည်း စီစီညံညံ ထွက်ပေါ်လာလေ၏။





'ကိုချမ်းအေးရော ဘာမှာမလဲ၊ မှာလေ'

'ဟုတ်ကဲ့… လက်ဖက်ရည် ပေါ့ဆိမ့်ရှယ်တစ်ခွက်'

မာလာသိန်းတန်ကတော့ မှာထားသော စားစရာများ ရောက်မလာမချင်း ခေါင်းကြီးငုံ့နေလေသည်။ တစ်ဝိုင်းလုံးကို နုသွေးကသာ ထိန်းထား၏။

'ကိုမျိုးနွယ်ကြီးကို ခေါ်ခဲ့ရောပေါ့၊ သူက ခင်ဖို့ကောင်းတယ်'

'သူ မအားဘူး မနုသွေးရဲ့၊ ဘောလုံးပွဲတွေ ဆက်တိုက်ရှိနေတာလေ'

'ဪ… ဟုတ်သားပဲ၊ အင်း… ဘောလုံးသမားတွေကို သူချက်ကျွေးတဲ့ ထမင်းတစ်နပ်လောက် စားကြည့်ချင်လိုက်တာရှင်'

'တစ်ခါလောက် တစ်နေရာမှာချိန်းပြီး ဒီအကောင်ကြီးကို ချက်ခိုင်းရင် ရပါတယ် မနုသွေး'

'အဲဒါဆို စီစဉ်ပေးပါဦးရှင်၊ ဟဲ့… မာလာ၊ ညည်းသည်ကို စကားလေး ဘာလေး ပြောဦးလေ'

'အဲ… နင်ပြောနေတာပဲ မဟုတ်လား၊ ပြီးရောပေါ့'

'ဟယ်… ဘယ်လိုပြောလိုက်တာလဲ မာလာရယ်၊ ကိုချမ်းအေးက နင်နဲ့ အရင်ဆုံးခင်တာလေ၊ တို့က နင့်မျက်နှာနဲ့ အခုလို ကပ်တီးခွင့်ရနေတာ၊ အဟဲ…'

ထိုစဉ် စားစရာများ ရောက်လာသဖြင့် ခေတ္တခဏ စကားပြတ်သွားကြ၏။ ဆာနေသည်ဆိုသော အုပ်စု တကယ်ပင် ခေါင်းမဖော်တမ်း စားနေကြတာကို ကြည့်ပြီး ပီတိဖြစ်နေလေသည်။ စားစရာကုန်တော့မှ နုသွေးက…

'အဟမ်း… ကိုချမ်းအေးကြီးတော့ ကုသိုလ်တွေ တစ်ပုံတစ်ခေါင်းကြီးရပြီသာမှတ်၊ သိလား'

'ဘာဖြစ်လို့လဲ မနုသွေးရဲ့'

'အားလုံး အရမ်းဆာနေတဲ့အချိန်မှာ ကျွေးလို့ရလို့ ပြီး ကုသိုလ်ထူးတယ်လို့ ပြောတာ ကိုချမ်းအေးရဲ့'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

‘ဒါဆိုရင်တော့ ဝမ်းသာစရာကြီးပေါ့ဗျာ၊ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို ဖြစ်ပြီပေါ့’

‘ဟင်… ကိုချမ်းအေး ဘာမှလည်းမစားဘဲနဲ့ ဘယ်လိုလုပ် မိုက်ဝတာလဲ’

‘ဩော်… မမာလာရဲ့ မျက်နှာလေးကို မြင်နေရတော့ အဲလို မိုက်… မိုက်…’

‘ဟယ်… ကိုချမ်းအေးက ဒီလိုကြီးကိုး’

‘မထင်ရဘူးနော်’

နုသွေးနှင့် ဝတ်ရည်တို့ တစ်ယောက်တစ်ပေါက် ဝိုင်းနောက်ကြမှ ချမ်းအေး စကားမှားမှန်းသိပြီး အားတုံ့အားနာဖြစ်သွား၏။

‘အဲ… ဟို… ဟို… ဟိုဒင်း လက်ဖက်ရည်သောက်ပြီး မိုက်… မိုက်ဝသွားတာလို့ပြောတာပါဗျာ’

မာလာမှာတော့ မျက်နှာကြီးရဲပြီး ခေါင်းငုံ့နေလိုက်တာ ပြန်ကို မော့မလာတော့ချေ။

‘ဟင်း… ဟင်း… ကိုချမ်းအေးကြီး လူလည်ကျချက်ကတော့ မိုက်သလား မမေးနဲ့၊ တစ်ချက်တည်း ပွဲသိမ်းပဲ’

‘ဟွဲ… နုသွေး၊ တော်တော့၊ ဒီမှာ မာလာ တအားရှက်နေပြီ’

‘အဟဲ… အေးပါဟယ်၊ ကဲ… ကိုချမ်းအေးကြီး၊ နောက်မှ ဆက်တော့နော်၊ အခုတော့ တခြားအကြောင်း ပြောရအောင်’

‘ဖြစ်ပါတယ်၊ ဘာပြောရမလဲ’

‘လူချင်းခင်ပေမယ့် တစ်ယောက်အကြောင်းတစ်ယောက် မသိကြသေးဘူးလေ၊ ကိုချမ်းအေးအကြောင်း ပြောပြပေါ့’

နုသွေး စကားကြောင့် အားလုံးက ချမ်းအေးကို ဝိုင်းကြည့်ကြ၏။ ထိုအထဲ မာလာလေးလည်း ပါသည်။ သို့သော် တစ်ချက်သာ ဝင့်ကြည့်၏။ ချမ်းအေးလည်း သူ၏ ကာဗာစတိုရီကို ပိပိရိရိတင်ပြလိုက်သည်။





‘ကျွန်တော်က U.A.C ကုမ္ပဏီမှာ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ဘယ်ဆင်ရေးဌာနမှာ အလုပ်လုပ်ပါတယ်၊ တစ်ဦးတည်းသောသားပါ၊ အဖေနဲ့ အမေက နယ်မှာပါ၊ လောလောဆယ်တော့ အဲဒီကုမ္ပဏီက အလုပ်သမားဆောင်မှာပဲ နေပါတယ်’

‘ဩော်… ဒါနဲ့ အဲဒီမှာ လခကောင်းလား၊ ကောင်းရင် ကျွန်မတို့လည်း လုပ်ချင်လို့’

‘လခကောင်းပေမယ့် သူက လျှပ်စစ်ပစ္စည်းအကြောင်း ကျွမ်းမှ၊ သိပ်လည်း ပင်ပန်းတာ၊ ပြီးတော့ ယောကျ်ားလေးပဲ ခန့်တာဗျ’

‘အမလေး… ခွဲခြားခွဲခြားနဲ့’

‘အဟဲ… ခွဲခြားတာတော့ မဟုတ်ပါဘူး၊ ကျွမ်းကျင်လုပ်သားပဲ ခန့်တဲ့သဘောပါ’

‘အဲ… ဟိုဒင်း ကိုချမ်းအေးတို့အုပ်စုက လူမှုရေးကိစ္စတွေလည်း တအားလုပ်တာပဲနော်၊ အိမ်ကို ပိုက်ဆံပြန်မပို့ဘူးလား’

‘ဟိုဒင်း အဖေနဲ့ အမေက စားနိုင်သောက်နိုင်နဲ့ အသင့်အတင့်ရှိလို့ပါ’

‘ကုသိုလ်ကောင်းလိုက်တာရှင်’

‘ကဲ… နုသွေး လေဖောမ၊ နာရီလည်း ကြည့်ဦး၊ တို့တွေ အပြန်တအားနောက်ကျနေလိမ့်မယ်’

‘အဲ… ဟုတ်ပါရဲ့၊ ကဲ… အလျှင်ကြီး သွားကြရအောင်၊ ကားတွေက တအားကျပ်တာ’

‘ဟုတ်တာပေါ့၊ သွားကြမယ်လေ၊ ဟော့… ပိုက်ဆံရှင်းမယ်’

ချမ်းအေး ပိုက်ဆံရှင်းပြီး မာလာတို့တစ်သိုက်နှင့်အတူ ထွက်လာခဲ့ကြ၏။ ကားမှတ်တိုင်ရောက်တော့ နုသွေးက ဒလထိပြန်ရမှာမို့ မြို့ထဲရောက်သည့်ကားပေါ် ကမန်းကတန်းပြေးတက်သွားသည်။ မာလာ၊ ဝတ်ရည်နှင့် ချမ်းအေးတို့သာ ကျန်ခဲ့၏။

ခဏနေတော့ ၄၉ အစိမ်းတစ်စီး ဆိုက်လာ၍ ဝတ်ရည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက်လိုက်သွားပြန်ရာ ချမ်းအေးနှင့် မာလာသာ ကျန်ခဲ့တော့သည်။

'မမာလာ... ကျွန်တော် လိုက်ပို့ပေးရမလား'

'ရပါတယ်ရှင်၊ ကျွန်မ ပြန်နေကျပဲဟာ'

'သြော်... ဟုတ်ကဲ့... ဒါနဲ့ မမာလာ အခု အိမ်မှာတစ်ယောက်တည်းလား'

'ညီမဝမ်းကွဲတစ်ယောက် လာအိပ်ပါတယ်၊ အစ်ကိုက တစ်ကိုပြန်သွားပြီလေ'

'မမာလာ အားငယ်နေမှာပဲနော်'

'ဒီလိုပဲပေါ့၊ လောကဓံဆိုတာ ရှောင်လွှဲနေလို့မှ မရတာ'

'လေးစားပါတယ်ဗျာ၊ ဖြစ်နိုင်ရင်လေ ကျွန်တော် မမာလာကို ဟို...'

ထိုစဉ် ကားတစ်စီးထိုးဆိုက်လာသဖြင့် မာလာ တက်ဖို့ဟန်ပြင်ရင်း...

'ကားလာပြီ၊ သွားမယ်နော်၊ ဟို လလည်ဆွမ်းသွတ်တဲ့နေ့လာခဲ့'

'ဟုတ်ကဲ့'

မာလာ ကားပေါ်ပြေးတက်သွားတော့ ချမ်းအေး လမ်းဘေးမှာ လွမ်းတေးသီရင်း ကျန်ခဲ့လေတော့၏။

* * *

ရေဝေးမှ ဆန်းဒေးတော့လ်(ခ်) စကားဝိုင်းက အားကောင်းမောင်းသန် ဖြစ်ထွန်းလျက်ရှိ၏။ ဝဏ္ဏနှင့် ရာစုက တစ်ဖက်၊ ချမ်းအေးနှင့် မျိုးနွယ်က တစ်ဖက် အားပြိုင်နေကြသည်။

'မင်းတို့ကို သနားတယ်ကွာ၊ တကယ်'

'ဘာကိစ္စ သနားရတာလဲ'





'သြော်... မင်းတို့နှစ်ယောက်က လောကထဲက လူပိုတွေဖြစ်နေလို့လေ'

'ဘာဆိုင်လဲ'

'ဆိုင်တာပေါ့၊ ဒီကမ္ဘာမှာ မင်းတို့ကို စိတ်ဝင်စားတဲ့ မိန်းကလေး ရှိဖို့မပြောနဲ့၊ မင်းတို့ မျက်စိကျတဲ့ မိန်းကလေးတောင် မရှိဘူးမဟုတ်လား၊ ဒီလိုဘဝနဲ့ ရှင်သန်နေမယ့်အစား ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ပါလားကွာ၊ မင်းတို့ မသာဖြစ်သွားရင် ငါတို့ကူညီမှာပေါ့၊ လူရင်းတွေပဲဟာ'

မျိုးနွယ်၏ တော်ကီတွေက ချွန်ချွန်မြမြရှိလှသဖြင့် ဝဏ္ဏနှင့် ရာစုတို့ မခံချိ မခံသာ ဖြစ်သွားကြသည်။ ချမ်းအေးကတော့ သူတို့ကိုကြည့်ရင်း ရယ်နေလိုက်၏။ သို့သော် ဝဏ္ဏတို့လည်း အနေကြတာမှ မဟုတ်ဘဲ။

'နေစမ်းပါဦး၊ မင်းတို့က ဒီလောက်မာန်တက်နေရအောင် ကောင်မလေးတွေနဲ့ ရည်းစားဖြစ်ဖို့နေနေသာသာ နှစ်ကောင်လုံး ဖွင့်တောင်မပြောရသေးဘူး မဟုတ်လား'

'အင်တာနက်ခေတ်မှာ ဒီလောက်မဝေးစမ်းပါနဲ့ကွာ၊ မိန်းကလေးတစ်ယောက်ဆီကို ယောကျ်ားလေးတစ်ယောက် ချဉ်းကပ်လာတာ ပိုက်ဆံချေးဖို့မှ မဟုတ်တာ၊ ဘာကြောင့်ဆိုတာ သူတို့လည်း သိပြီးသား၊ အဲလို သိသိကြီးနဲ့ လက်ခံနေတာကိုက အိုကေဖို့ ကိုးဆယ်ရာနှုန်းရှိလို့ပေါ့ကွ ဝတုံးတွေရ'

'ဒီလောက်လည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေစမ်းပါနဲ့ကွာ၊ အားနာလို့ ဆက်ဆံတာမျိုး ဖြစ်မှာပေါ့'

'ဟုတ်မလားကွ၊ သူတို့တစ်ဘဝလုံး ပုံအပ်ဖို့အတွက် အသင့်ပြင်နေတာ'

'ကြားရတာ နားဝမှာ မိုးကွဲသလိုပါပဲလား မျိုးနွယ်ရာ၊ သောက်စရာရေတောင်မရှိတဲ့ ဒလဘက်ကမ်းက မင်းကောင်မလေးကို


www.burmeseclassic.com

www.burmeseclassic.com

ယူရင် ရေမွေးဖိုးနဲ့ မွဲမှာပေါ့၊ ရေမချိုးရလို့ ထွက်နေတဲ့ အနံ့ဆိုးတွေ ပျောက်အောင်လေ'

'အချစ်ကိစ္စနဲ့ပတ်သက်ပြီး နိုင်အောင်ပြောလေကွာ၊ ရေရှားတာ မပါကြေးပေါ့'

'ရမလား၊ ဘက်ပေါင်းစုံ ပြန်ပြီးတိုက်ခိုက်ရမှာပေါ့'

'ကဲပါ… ရာစုရာ၊ အိမ်ထောင်ကျပြီး ဒုက္ခရောက်မှာကို ဒီလောက်ဝမ်းသာနေတဲ့ကောင်တွေ၊ ဆေးမီးမှာမဟုတ်လို့ လွှတ်ထားလိုက်စမ်းပါ၊ ဒါနဲ့ ချမ်းအေး မင်းက ဘာလို့ငြိမ်နေတာလဲ'

ဝဏ္ဏ၏အမေးကို ချမ်းအေးက…

'ငြိမ်နေတာ မဟုတ်ပါဘူးကွာ၊ ငါ့တပည့် မျိုးနွယ်တစ်ယောက်နဲ့တင် မင်းတို့ နာလန်မထူတာ၊ ငါဝင်စရာမလိုလို့ပေါ့'

အားလုံး ခြုံငုံထိုးနှက်လိုက်သဖြင့် မကျေမနပ် ဆဲရေးသံများ ပွစိပွစိနှင့် ကြားလိုက်ရသည်။ ချမ်းအေး ရယ်၍သာနေလိုက်၏။ ရာစုက ချမ်းအေးကို မလိုတမာကြည့်ရင်း…

'ချမ်းအေး… မင်း မာလာကို မင်းဘဝအကြောင်း ဘယ်လိုမိတ်ဆက်ထားသလဲ'

ချမ်းအေးက သူပြောခဲ့သော ကာဗာစတိုရီအား သူငယ်ချင်းများကို ပြန်ပြောပြလိုက်၏။ အားလုံး စဉ်းစားခန်း ဝင်သွားကြသည်။ မျိုးနွယ်က…

'တစ်ချိန်ချိန်မှာ မင်းရဲ့ကြွယ်ဝမှုကြောင့် မင်းတို့ဆက်ဆံရေး အံချော်သွားရင်ရော'

ချမ်းအေး ဘာမှပြန်မဖြေသဖြင့် ရာစုက…

'သိပ်ဆိုးဆိုးဝါးဝါးတော့ ဖြစ်မယ်မထင်ပါဘူး၊ ချမ်းသာကြွယ်ဝမှုကို မကြိုက်တဲ့လူမှ မရှိတာ'

'အင်း… အဲလိုပဲ ယူဆရတာပဲကွာ၊ သိပ်တော့ ပြဿနာရှိမယ် မထင်ပါဘူး'





ခွေးနွေးပွဲ အရှိန်ရခိုက်မှာပင် တာဝန်ခံ၏ ညွှန်ကြားမှုကြောင့် နှစ်ဖွဲ့ခွဲကာ အလောင်းသယ် အကူအညီပေးရန် ထွက်ခွာလာခဲ့ကြရသည်။

* * *

သက်န်းဒွိစုံတစ်စုံ ယူဆောင်ရင်း ချမ်းအေးနှင့် မျိုးနွယ် မာလာသိန်းတန်းတို့အိမ်သို့ ရောက်လာကြ၏။ အိမ်နီးနားချင်းများ ဖြစ်ပုံရသော အမျိုးသမီးတစ်စု ချက်ပြုတ်ဖို့ ပြင်ဆင်နေတာ တွေ့ရသည်။ အိမ်ရှေ့မှာ မယောင်မလည်ရပ်မိတော့…

'မာလာရေ… ဧည့်သည်တွေ လာတယ်ဟေ့'

ထိုအသံနှင့်အတူ မရှေးမနှောင်းမှာပင် အိမ်ထဲမှ မာလာနှင့် နုသွေး ထွက်လာကြ၏။ မမျှော်လင့်ဘဲ နုသွေးကို တွေ့လိုက်ရ၍ မျိုးနွယ် ပါးစပ်က နားရွက်သို့တက်ချိတ်သွားတော့သည်။

'ဟယ်… ကိုချမ်းအေးတို့ ကိုမျိုးနွယ်တို့ပါလား၊ လာပါ… ကြွပါရှင်၊ အိမ်ပေါ်ကို တက်ကြပါ'

နုသွေး၏ သွက်သွက်လက်လက် ဖိတ်ခေါ်မှုနှင့် ချမ်းအေးတို့ အိမ်ပေါ်တက်လာခဲ့ကြ၏။ ထိုင်မိကြသည်နှင့်…

'မမာလာ… အန်တီ့တစ်လပြည့်အတွက် ကျွန်တော်တို့ သူငယ်ချင်းတစ်စုရဲ့ စုငွေနဲ့ ဝယ်လာတဲ့ သက်န်းတစ်စုံကို လက်ခံပေးပါ၊ ကုသိုလ်ပါဝင်ချင်လို့ပါဗျာ'

'ဟုတ်ကဲ့ရှင့်… ကျေးဇူးတင်ပါတယ်'

နုသွေးက သွက်သွက်လက်လက်နှင့် ကော်ဖီဖျော်၍ မုန့်များပါ ချပေး၏။

'နုသွေးကို တွေ့လိမ့်မယ်လို့ မထင်ဘူး'

'ချက်ရေး ပြုတ်ရေး ကူညီဖို့ စက်ရုံက သုံးယောက်နဲ့အတူ ဒီမှာအိပ်မှာလေ ကိုမျိုးနွယ်ရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဟုတ်တာပေါ့၊ သူငယ်ချင်းကိစ္စကိုး'

'မနက်လျှုက အရုဏ်ဆွမ်းလား၊ နေ့ဆွမ်းလား'

'သံဃာတွေက အရုဏ်ဆွမ်း၊ လူတွေကတော့ ရှစ်နာရီက ဆယ့်တစ်နာရီအထိပေါ့၊ ကိုချမ်းအေးတို့အဖွဲ့ လာခဲ့နော်'

'ဟုတ်ကဲ့… အားတဲ့လူတွေနဲ့ လာခဲ့ပါ့မယ်'

'ကိုမျိုးနွယ်ရော လာမှာမဟုတ်လား'

'ဟုတ်ကဲ့… လာခဲ့ပါ့မယ် မနုသွေး'

အခြေအနေနှင့် အချိန်အခါက တခြားစကားများပြောဖို့ အခွင့်မပြေသဖြင့် ဝိုင်းက မစိုမပြည်ဖြစ်နေသည်။ ထိုအခိုက် အမျိုးသမီး တစ်ယောက် အိမ်ပေါ်တက်လာပြီး…

'မာလာရေ… ဆီပုံးပေး၊ ကြက်သွန်ဆီသတ်ရအောင်'

'ဟုတ်ကဲ့ ဒေါ်လေး'

မာလာ အိမ်ထဲဝင်သွားပြီး ဆီပုံးနှင့် ပြန်ထွက်လာ၏။ အိမ်ရှင်တွေ အလုပ်ရှုပ်နေ၍ ဧည့်သည်တွေ အနေခက်ကုန်သည်။ မာလာ အိမ်ရှေ့ဝိုင်းမှာ ပြန်ထိုင်တော့ ချမ်းအေးက…

'မအားတဲ့ကြားက ဧည့်ခံနေရတာ အားနာစရာကြီး၊ မနက်မှပဲ လာခဲ့ပါတော့မယ်၊ ခွင့်ပြုပါဦး မမာလာ၊ ကဲ… မျိုးနွယ် ပြန်ရအောင်'

'အေး… အေး…'

'အားနာလိုက်တာရှင်၊ ကောင်းကောင်းဧည့်မခံရလို့'

'ရပါတယ်ဗျာ၊ ကျွန်တော်တို့က အလိုက်မသိတာပါ၊ သွားမယ်နော်'

'ဟုတ်ကဲ့'

ချမ်းအေးက မျိုးနွယ်ကို ဆွဲခေါ်လာခဲ့၏။ မျိုးနွယ်မှာ မြက်ခင်းစိမ်းကို အာသာမပြေသလို လှမ်းမော့ကြည့်နေသည့် နွားသိုး တစ်ကောင်ကဲ့သို့ ဖြစ်နေလေသည်။

* * *



## အခန်း (၆)

ဒေါ်မာလာအတွက် လလည်ဆွမ်းသွတ်သည့်နေ့က မာလာ သိန်းတန်၏ အလှူသို့ ချမ်းအေးနှင့် မျိုးနွယ်တို့ ရောက်ခဲ့ကြသည်။ အိမ်ရှင်ဖြစ်သည့် မာလာက လာသမျှလူကို ဧည့်ခံနေရသည်မို့ ချမ်းအေး တို့အတွက် သီးသန့်အချိန်မပေးနိုင်။ ဝမ်းသာကြောင်း၊ ကျေးဇူးတင် ကြောင်းလောက်သာ ပြောဖို့ အချိန်ရသည်။

နုသွေးကတော့ ကူညီလုပ်ကိုင်ပေးလိုက်လာပြီး ဧည့်ခံလိုက်ပြီး တာဝန်ကျေရှာသည်မို့ ကြားထဲက အမြတ်ထွက်သွားတာက မျိုးနွယ် နှင့် နုသွေးတို့သာ ဖြစ်သည်။ သူတို့နှစ်ယောက် ပြောစရာအကြောင်း အရာက မကုန်နိုင်။ မျိုးနွယ်က ဘောလုံးပွဲအကြောင်း အစားအသောက် နှင့် ချက်နည်းပြုတ်နည်းများအကြောင်းပြောသလို နုသွေးက အထည် ချုပ်အတွေ့အကြုံများနှင့် ရေရှားသည့်အကြောင်း ပြောဖြစ်သည်။ အားလပ်ရက်မှာ အပ်စုလိုက် လျှောက်လည်ကြဖို့ ချိန်းကြသလို ဖုန်း ဆက်ဖို့ နံပါတ်တွေလည်း အပြန်အလှန်ပေးကြ၏။ ချမ်းအေးမှာ စာပေ ဟောပြောပွဲတက်သည့် ပရိသတ်တစ်ယောက်လို နားထောင်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရ၏။

နှုတ်ဆက်ပြီး ပြန်လာသည်အထိ မာလာနှင့် ချမ်းအေး စကား သုံးခွန်းလောက်သာ ပြောဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေကလည်း လူထွက်လာပြီးမှ လုပ်ငန်းကို သိပ်အာရုံမစိုက်တော့ဘဲ ကြီးကြပ်ကွပ်ကဲရုံလောက်သာ ဝင်ပါတော့သဖြင့် အရာရာ ချမ်းအေးတာဝန်သာဖြစ်နေပြီး အလုပ်ပိ၍ မအားမလပ်ဖြစ်နေရသည်။

နာရေးကူညီမှုအသင်းသို့ မရောက်ဖြစ်သလို မာလာနှင့်လည်း မတွေ့ဖြစ်ခဲ့တာ နှစ်ပတ်ကျော်ရှိခဲ့ပြီ။ စိတ်ထဲကတော့ တစ်ရုံမလပ် သတိရနေခဲ့သည်။ ဒီနေ့တော့ တွေ့လိုစိတ်ကို ဘယ်လိုမှ ချုန်းအုပ်လို့ မရတော့သဖြင့် ညနေငါးနာရီတွင် တာဝန်များ အဖေ့လက်လွှဲအပ်ပြီး ကားမောင်းထွက်လာခဲ့၏။

ထုံးစံအတိုင်း ကားကို တစ်နေရာမှာထားပြီး စက်ရုံအနီးမှ မှတ်တိုင်တွင် စောင့်နေလိုက်သည်။ သိပ်မကြာခင် စက်ရုံလွှတ်လိုက်၍ အမျိုးသမီးအုပ်ကြီးနှင့် ဆုံရသော်လည်း ပထမဆုံးအကြိမ်လောက်တော့ သွေးမပျက်တော့။ မာလာတို့၊ နုသွေးတို့ကို ရှာရတာလည်း သိပ်မခက်ခဲတော့။ သုံးယောက်တွဲကာ ထွက်လာသည့် မာလာတို့အုပ်စုကို သူမြင်သလို မာလာကလည်း သူ့ကို မြင်၏။ သို့သော် ဖော်ဖော်ရွေရွေ စကားစတာကတော့ နုသွေးသာဖြစ်သည်။

'ဟယ်… ကိုချမ်းအေး ပေါ်တော်မူကြီး၊ ပျောက်ချက်သားကောင်းနေလိုက်တာ၊ သိပ်ရက်စက်တာပဲ'

'ဗျာ… ရက်စက်တယ်၊ ဘာကိုလဲ နုသွေးရဲ့'

'မျှော်တဲ့သူက မျှော်နေတာလေ၊ ကိုချမ်းအေးက ပေါ်မှ ပေါ် မလာဘဲ'

နုသွေး စကားအဆုံးမှာ မာလာက နုသွေးကို ဆွဲဆိတ်လိုက်သဖြင့် ချမ်းအေး သဘောပေါက်သွားပြီး ရင်ထဲ နွေးသွားရသည်။

'ကျွန်တော် အလုပ်တွေများနေလို့ပါဗျာ၊ အခုတောင် ကုသိုလ်လိုချင်လို့ မဖြစ်မနေ အရောက်လာခဲ့ရတာ'

'ဟောတော်… ဒါ အထည်ချုပ်စက်ရုံလေ၊ ဘုန်းကြီးကျောင်းမှ မဟုတ်တာ၊ နေရာမှားလာပြီထင်တယ် ကိုချမ်းအေး'





'နေရာမမှားပါဘူးဗျာ၊ ဆာနေတဲ့သူတွေကို အာဟာရဒါနပြုပြီး ကုသိုလ်ယူမလို့ပါ၊ နုသွေးတို့ ဗိုက်မဆာကြဘူးလား'

'ဩော်… ဒီလိုကိုး၊ ဆာနေတာဖြင့် ကြာလှပေါ့ရှင်'

နားလည်မှုရသွားကြတော့ လေးယောက်သား ထိုင်နေကျ ဘားသောက်ဆိုင်ဆီ ရောက်လာခဲ့တော့၏။ နှစ်သက်ရာများ မှာယူကြပြီးနောက်…

'မတွေ့တာကြာလို့လား မသိဘူး၊ ပိုလှလာကြသလိုပဲ'

'အံမယ်… ပြောချင်တာက တစ်ယောက်တည်းကိုမဟုတ်လား၊ ဒဲ့ပြောလည်း ရပါတယ်'

'ဟဲ… ဟဲ… နုသွေးကတော့ လုပ်ပြီဗျာ၊ ဒါနဲ့ နုသွေးရော ချိုးနွယ်နဲ့ ဆုံဖြစ်တယ်မဟုတ်လား'

'အဟင်း… ဆုံဖြစ်ပါတယ်၊ ရှင့်သူငယ်ချင်းက သိပ်ဆိုးတာပဲ'

'ဗျာ… ဘာဖြစ်လို့လဲ'

'ကျွန်မကို ရည်းစားစကားပြောတယ်လေ'

'ဟာ… ဒါဆိုးတာမှမဟုတ်ဘဲ၊ သူ့ရဲ့ တာဝန်ယူလိုမှုကို ပြရုံသတ်တာပါ'

'အမယ်… အတိုင်အဖောက်တွေ ညီနေလိုက်တာ၊ ကိုချမ်းအေးလည်း မရိုးတော့ဘူးပေါ့၊ နှစ်ယောက်စလုံး တိုင်ပင်ထားပြီးသား ထင်တယ်'

'ဟဲ… ဟဲ…'

ချမ်းအေး မလုံမလဲနှင့် ရှက်ရယ်ရယ်နေလိုက်၏။ မာလာက စကားတစ်ခွန်းမှ မပြောသေး။

'မမာလာတို့အစ်ကို မကြာခဏပြန်လာသေးလား'

'ဟင့်အင်း… သူက အိမ်ထောင်သည်လေ၊ ဘယ်လာနိုင်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဒါဆို တစ်ယောက်တည်း'

'သိပ်စိတ်မပူပါနဲ့ ကိုချမ်းအေးရယ်၊ နှစ်အိမ်ကျော်မှာ အဒေါ်တွေရှိပါတယ်၊ ဝမ်းကွဲညီမလည်း ရှိတယ်'

'ဗျာ… ဟုတ်ကဲ့… ဟဲ… ဟဲ… ဒါဆို ကောင်းတာပေါ့ မနုသွေးရဲ့၊ ဟဲ… ဟဲ…'

စားစရာများရောက်လာ၍ ခဏစကားပြတ်သွားကြ၏။ အားလုံး မြိန်ရေရှက်ရေ စားနေကြသည်။ ချမ်းအေးက လက်ဖက်ရည်ကို ခိမ်ခံသောက်ရင်း မာလာ့အား တစိမ့်စိမ့်ငေးကြည့်နေသည်။ ဗိုက်ပြည့်သွားမှ နုသွေးက…

'ကိုမျိုးနွယ်တို့ မိသားစုအကြောင်း ကိုချမ်းအေး သိလား'

'အဲ… သိပါတယ် နုသွေး၊ မိသားစုငါးယောက်ရှိတယ် ညီအစ်ကိုချည်းပဲ သုံးယောက်၊ နှစ်ယောက်က အိမ်ထောင်သည် ဒီကောင်တစ်ယောက်ပဲ ကျန်တော့တာ၊ ဘွဲ့ရပြီး စားဖိုမှူးသင်တန်း တက်ခဲ့တာလေ၊ ဘောလုံးအဖွဲ့မှာ အလုပ်ရလို့ သဘောမလိုက်ဖြစ်တာ ဒီမှာ လခကောင်းတာလည်း ပါတာပေါ့၊ သူ့အဖေက ကိုယ်ပိုင်တက္ကစီ မောင်းနေတုန်းပဲ၊ လူလတ်တန်းစား ဆိုပါတော့'

'သြော်… ဒါကြောင့် မပူမပင်ရတဲ့သူတွေ အတွဲမိနေကြတယ် ဆိုပါတော့'

'အဟင်း… ဝတ္ထုနဲ့ ရာဇဝင်တို့ အခြေအနေတွေကလည်း မတိမ်းမယိမ်းပါပဲ၊ ဟို ဝတ်ရည်များ စိတ်ဝင်စားမလားလို့'

'ဟောတော့… ကျွန်မကို ဘာလို့ဆွဲထည့်ရတာတုန်း၊ အေးအေးနေပါရစေ'

'ဘက်ပဲ့သွားမှာစိုးလို့ပါဗျာ၊ ကြုံတုန်းလေး ကြော်ငြာဝင်ရတာ'

နာရီဝက်လောက် စကားပြောပြီးတော့ ပြန်ဖို့ပြင်ကြသည်။ ချမ်းအေးက မှတ်တိုင်ထိ လိုက်ပို့၏။ နောက်ဆုံးမှာ ချမ်းအေးနှင့်





မာလာပဲ ကျန်ရစ်သည်။ ချမ်းအေးက မာလာ့ကို မြတ်မြတ်နိုးနိုးကြည့်ရင်း စကားစလိုက်သည်။

'မမာလာ'

'ရှင်'

'ကျွန်တော်လေ မမာလာကို စတွေ့ကတည်းက စိတ်ဝင်စားမိခဲ့တာပါ၊ တဖြည်းဖြည်း ကြာလာတာနဲ့အမျှ မြတ်နိုးမှုတွေ၊ တာဝန်ယူလိုမှုတွေ ပြင်းပြနိုင်မာလာလို့ ဘဝလက်တွဲဖော်အဖြစ် သတ်မှတ်ပြီး ချစ်ရေးဆိုပါရစေ၊ ကျွန်တော် မမာလာကို သိပ်ချစ်နေမိပါပြီဗျာ'

'ရှင်'

ရည်ရွယ်ထားပြီးဖြစ်သော်လည်း သေချာပြင်ဆင်ထားခြင်း မရှိပါဘဲနှင့် ဤမျှလောက် ချောချောမောမော အဆင်ပြေပြေ ပြောလိုက်နိုင်သည့်အတွက် ချမ်းအေး ကိုယ့်စကားကိုယ် သဘောကျ ကျေနပ်သွား၏။ မာလာမှာတော့ နတ်ဝင်သည် အဖျားတက်သလို ဖြစ်နေ၏။ ချမ်းအေးက ပြောပြီးသွားပြီမို့ လုံးဝနောက်ဆုတ်ဖို့ မစဉ်းစားတော့။ လမ်းစည်းကမ်းဖောက်ဖျက်သော ကားကို ချောင်းနေသည့် ယာဉ်ထိန်းရဲကဲ့သို့လည်းကောင်း၊ ဗန်းခင်းမည့်ဈေးသည်ကို စောင့်နေသော ဈေးကောက်ကဲ့သို့လည်းကောင်း တစ်စက်လေးမှ အလွတ်မပေးဘဲ မာလာ့အား ချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းများနှင့် မမှိတ်မသုန် ကြည့်နေလေတော့သည်။

'မမာလာ တစ်ခုခုပြန်ပြောပါဦးလားဗျာ'

'ကျွန်… ကျွန်မ ဘာပြောရမှာလဲ'

'ရင်ထဲရှိတဲ့အတိုင်း ဒါမှမဟုတ် စိတ်ထဲတွေးထားတဲ့အတိုင်းပဲ ပြောပါ၊ ဒါမှမဟုတ် ကျွန်မမှာ ချစ်သူရှိပြီးသားပါဆိုပြီး ငြင်းပယ်တဲ့စကားမျိုးပဲဖြစ်ဖြစ်ပေါ့'

ချမ်းအေးတောင်းဆိုမှုအပြီးမှာ မာလာက အဝေးသို့ငေးရင်း ခေတ္တမျှ နှုတ်ဆိတ်နေလေ၏။ ပလတ်စတစ်ဆွဲခြင်း၏ လက်ကိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ပွတ်သပ်နေသေးသည်။ ဒါကို စိတ်လှုပ်ရှားမှု၏ ပြယုဂ် အဖြစ်ယူဆပြီး ချမ်းအေး ကျေနပ်သွား၏။

'ဟို… ဟိုလေ ကျွန်မမှာ ချစ်သူတော့ မရှိသေးပါဘူး'

'ဝမ်းသာလိုက်တာ မမာလာရယ်'

မာလာ့မှာ ချစ်သူမရှိတာကို ချမ်းအေး သိပြီးသားဖြစ်သည်။ မာလာတွင် ချစ်သူသာရှိခဲ့မည်ဆိုပါက ဒေါ်မာလာ၏ နာရေးကိစ္စကို မာလာ့ချစ်သူက ဘယ်လိုမှ လက်လွှတ်ခံမည်မဟုတ်။ ဤမျှလောက် ကောင်းသောအခွင့်အရေးကို အသုံးချကာ အနားက တစ်စက်မျှခွာမည် မဟုတ်တာ သေချာသည်လေ။ အခုတော့ နာရေးကာလတစ်လျှောက် လုံး မာလာ့နားတွင် သူ့အစ်ကို၊ ညီမဝမ်းကွဲနှင့် နုသွေးတို့သူငယ်ချင်း တစ်သိုက်သာ ရှိခဲ့သည်မဟုတ်လား။

'နည်းနည်းတော့ စိတ်အေးရပြီပေါ့၊ ကျွန်တော့်ရဲ့ ခွင့်ပန်မှု အပေါ် မမာလာ ဘယ်လိုစဉ်းစားသလဲဆိုတာပဲ သိပါရစေဗျာ'

'ကိုချမ်းအေးရယ်၊ ဆုံတာလည်း ဘာမှမကြာသေးသလို တစ် ယောက်အကြောင်းလည်းတစ်ယောက် ထဲထဲဝင်ဝင်မသိကြသေးဘူး လေ'

'ဒါတော့ ကျွန်တော် သဘောမတူဘူး မမာလာ၊ ကျွန်တော်တို့ က ပြည့်စုံနေကြပြီဖြစ်သလို နှစ်ယောက်စလုံးလည်း ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်နေနိုင်ကြပြီပဲ၊ ဒီအချိန်မှာ အနာဂတ်ဘဝတည်ဆောက်ဖို့ လက်တွဲဖော်ရွေးချယ်တဲ့ကိစ္စဟာ တကယ့်ကို စဉ်းစားသင့်တဲ့အချိန်အခါ ကောင်းပါ'

'အဟင်း… အပြောကောင်းလိုက်တာရှင်၊ ကိုမျိုးနွယ်က လည်း နုသွေးကို ဒီလိုပဲပြောသတဲ့၊ သူပြောသလိုပဲ ရှင်တို့နှစ်ယောက် တိုင်ပင်ထားကြတာများလား'

'မတိုင်ပင်ပါဘူး မမာလာ၊ မျိုးနွယ်နဲ့ နုသွေးဆုံကြတာ ကျွန်တော်တို့နောက်မှ၊ ဒါတောင် သူတို့က ခြေတစ်လှမ်းစောနေပြီလေ'





'ဟင်း… ဟင်း… ဟင်း… ယောက်ျားလေးက ယောက်ျား လေးအလုပ် လုပ်လာပြီဆိုတော့ ကျွန်မလည်း မိန်းမပီပီ စဉ်းစားပေးရ မှာပေါ့ရှင်၊ သိပ်အကြာကြီး ရက်ချိန်းမပေးချင်ပါဘူး၊ တစ်လပေါ့၊ ဒီနေ့ကစပြီး တစ်လပြည့်တဲ့နေ့မှာ ကိုချမ်းအေးရဲ့ ခွင့်ပန်မှုအတွက် ပြောစရာတစ်ခုခု ကျွန်မှာ ရှိနေမှာပါ'

'ကျေးဇူးတင်ပါတယ် မမာလာ'

'ဟုတ်ကဲ့… ကဲ… ကားလည်းလာနေပြီ၊ ခွင့်ပြုပါဦးနော်'

'ဟုတ်ကဲ့'

ချစ်သူက ကားပေါ်သို့ ကြွရောက်ရလှမ်းအတက် ကားစပယ် ယာက ခပ်သွက်သွက်နှင့် ချစ်သူ၏လက်မောင်းကို မိမိရရဆုပ်ကိုင် ကာ ဆွဲတင်လိုက်တာ မြင်ရသည်။ ချမ်းအေး စိတ်ထဲကကျိတ်၍ စပယ်ယာကို မေတ္တာပို့မိလိုက်တော့၏။

* * *

နိဗ္ဗာန်ယာဉ်ကို မှီ၍ရပ်ရင်း မျိုးနွယ်က ဖုန်းကို ဟန်ပါပါပြော နေ၏။ ချမ်းအေး၊ ဝဏ္ဏနှင့် ရာစုတို့က မျောက်ပွဲကြည့်သလို မျိုးနွယ် ကို ဝိုင်းကြည့်နေကြသည်။ မျိုးနွယ်က စက်ရုံမှ နုသွေးနှင့် ဖုန်းပြော နေခြင်းဖြစ်၏။

'နုသွေး အခုဖုန်းပြောရတာ လွတ်လပ်လား၊ အနားမှာ ဘယ် သူရှိလဲ'

'မရှိပါဘူး၊ လွတ်လပ်ပါတယ်၊ ဘာဖြစ်လို့လဲ'

'လွတ်လပ်တယ်ဆို ပြီးရော၊ အဖြေတောင်းမလို့၊ ကိုယ့်ကို အဖြေပေးတော့လေ'

'ဟောတော်… ဘယ်လိုကြီးလဲ၊ အခု အလုပ်ချိန်ရှင့်၊ ပြီးတော့ လည်း စက်ရုံမှူးရဲ့ဖုန်းနဲ့ ပြောနေရတာ'



www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်လဲ နှုတ်ဆေးရယ်၊ အချစ်ရေးမှာ ဘယ်သူ့မှ အားနာစရာမလိုဘူး၊ အဖြေပေးချင်စိတ်ရှိရင် ပေးသာပေးလိုက်၊ ကျွန်တော်စိတ်မဆိုးဘူး'

'ဟင်း… ဟင်း… လိပ်တောင်မှ ကမ္ဘာလိပ်ကြီးပါလား'

'ကိုယ့်ဘက်ကိုယ်ယက်တဲ့သတ္တဝါဆိုပေမယ့် ကြမ်းပိုးထက် နည်းနည်းပဲကြီးတာပါ'

မျိုးနွယ်၏ တော်ကီနှင့် အိုက်တင်ကိုကြည့်ရင်း ချမ်းအေးတို့အုပ်စု မြင်ပြင်းကတ်ခြင်းနှင့် နားကြားပြင်းကတ်ခြင်းကို ပူးတွဲခံစားနေကြရသည်။

'စကားတတ်တိုင်း လျှောက်ပြောမနေပါနဲ့ရှင်'

'ကျွန်တော် ဖုန်းကိုင်ရင်း တစ်နေရာတည်းမှာ ရပ်ပြောနေတာပါ၊ လျှောက်မပြောပါဘူး၊ ကဲပါဗျာ… ဈေးကိုင်လိုက်တာ၊ အဖြေပေးပါတော့၊ မပေးရင် ဟိုကောင်တွေ ကျော်တက်သွားလိမ့်မယ်နော်၊ ချမ်းအေးလည်း မာလာ့ကို ဖွင့်ပြောလိုက်ပြီတဲ့'

'သိသားပဲ၊ မာလာပြောတယ်'

'အဲဒါဆို ကျွန်တော့်ကို အဖြေပေး'

'အို… ဘာဆိုင်လို့လဲ'

'ဒါဆို ညနေ စက်ရုံနားက မှတ်တိုင်မှာ လာစောင့်နေမယ်၊ အဖြေမပေးရင် လုံးဝပြန်မလွှတ်တော့ဘူး'

မျိုးနွယ်က တစ်ဖက်မှစကားကို ဆက်နားမထောင်တော့ဘဲ အနိုင်နှင့်ပိုင်းသလို ဖုန်းပိတ်လိုက်၏။ ပြီးတော့ ပိုင်ရှင်ချမ်းအေးကို လှမ်းပေးသည်။ ရာစုက…

'မင်းဖုန်းပြောနေတာကို မြင်ရ ကြားရတာ မျောက်ကို ငါးဝိ သုတ်ထားတဲ့ Lap top နဲ့ ဆော့ခိုင်းရသလိုပဲ'

'ဟဲ… ဟဲ… ဟဲ… ဒိုင်တွေ တော်ကီတွေ အရမ်းလန်းလို့ အားကျပြီး မနာလိုတွေဖြစ်နေတယ်ပေါ့၊ ဟုတ်လား'





'ဟုတ်မလားကွာ၊ ယိုသူမရှက် မြင်သူရှက်ဆိုသလို ဖြစ်နေတာကွ'

'မေတ္တာထားစမ်းပါ ဝဏ္ဏရာ၊ ညနေခြောက်နာရီလောက်ဆို ကမ္ဘာပေါ်မှာ သမီးရည်းစားစုံတွဲအသစ်တစ်တွဲ တိုးလာတော့မှာကွ ဟင်း… ဟင်း… ဟင်း…'

မျိုးနွယ်က မရှော့ဆီလိမ်းထားမိသလို လုံးဝကို မလျှော့တော့မျှော်လင့်ချက်များနှင့် မာန်ဝင့်လို့နေသည်။

'ချမ်းအေး… ညနေကျ စက်ရုံမှာ နှုတ်ဆေးကို သွားတွေ့မလို့ မင်းရောလိုက်ဦးမလား၊ မာလာနဲ့ တွေ့လို့ရတာပေါ့'

'လိုက်ချင်တာပေါ့ကွာ၊ ဒါပေမဲ့ အဘွားလေးကို ဆေးခန်းပို့ပေးရဦးမှာကွ၊ တိုကင်တောင် ယူပြီးပြီ'

'အဲဒါတော့ မတတ်နိုင်ဘူး'

'မင်း လျှောက်ဖောမနေနဲ့နော်၊ စကားတွေလွဲကုန်မယ်၊ ငါ့မိဘတွေက နယ်မှာလို့ပြောထားတာ၊ ပြီးတော့ အဘွားတွေ ဘာတွေလည်း ရှိတယ်ဘာညာ ပြောမနေနဲ့ဦး'

'စိတ်ချ ချမ်းအေး'

'အင်း… ဒီနှစ်ကောင် ခုလို တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်နေတာ မြင်ရတော့ စဏ္ဍာလနဲ့ ယာစကာ ညီညွတ်စွာပေါင်းစည်းသွားတယ်လို့တောင် ထင်မိရဲ့'

'ဟား… ဟား… ဟား… ရာစု၊ ရာစု၊ မနာလိုမှုကလည်း မြင်သာထင်သာ ရှိလှချည်လား၊ ငါတို့တွေ ချစ်သူကိုယ်စီနဲ့ ကောင်းစားလာတော့မှာဆိုတော့ ရာစု နာနုဖြတ်အရိုက်ခံရသလို မခံချိမခံသာဖြစ်နေတယ်ပေါ့လေ၊ ဟုတ်လား'

ပျစ်ပျစ်နှစ်နှစ် တိုက်ခိုက်မှုများကို တာဝန်ခံ၏ စားပွဲပေါ်မှ ဖုန်းသံက ဖြတ်တောက်ပစ်လိုက်၏။ ချမ်းအေး တာဝန်ခံစားပွဲနားသို့ သွား၍ နားစွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကဲ… ကိုချမ်းအေးရေ၊ ဝေဘာဂီသေးရုံတဲ့'

'ဟုတ်ကဲ့… ကျွန်တော်တို့ သွားလိုက်မယ်လေ'

'ကျေးဇူးပဲ'

ချမ်းအေးက ဝဏ္ဏကိုခေါ်ပြီး ကားနှင့်ထွက်လာခဲ့ကြ၏။ မျိုးနွယ်နှင့် ရာစ တိုက်ပွဲဆက်ဖြစ်ပြီး ကျန်ခဲ့တော့သည်။

* * *

တနင်္ဂနွေမနက်ခင်းတစ်ခုမှ ရပ်ကွက်မြင်ကွင်းသည် ရုတ်ရုတ်သဲသဲနှင့် စည်ကားနေ၏။ ချမ်းအေးတစ်ယောက် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မလုပ်ဖူးသောအလုပ်ကို လုပ်မိသည်။ မနက်စောစောကတည်းက မာလာတို့လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်သို့ သူရောက်နေ၏။

အလုပ်နားရက်မို့ မာလာ အပြင်သွားမလား၊ ဈေးသွားမလား မျှော်လင့်ချက်နှင့် လာစောင့်နေခြင်းဖြစ်သည်။ ဘယ်ကိုသွားသွား သူလိုက်ဖို့ ဆုံးဖြတ်ထား၏။

သူ့မှန်းဆထားချက်တို့ မလွဲ၊ မာလာ ဈေးခြင်းတောင်းလေးနှင့် ထွက်လာတာ မြင်လိုက်ရသည်။ အနီးအနားတွင် ဈေးရှိ မရှိတော့မသိ။ ချမ်းအေး ပိုက်ဆံရှင်းပြီး ခပ်လှမ်းလှမ်းမှခွာ၍ လိုက်သွား၏။ မာလာကတော့ သူ့အတွေးနှင့်သူ ဘာမှမသိရှာ။ ချမ်းအေး ရှေ့သို့ လှမ်းမျှော်ကြည့်မိတော့ တစ်မှတ်တိုင်မရှိတရှိလောက်တွင် ဈေးကို မြင်နေရသည်။ ဈေးမရောက်ခင် အနားကပ်စကားပြောဖို့သာဖြစ်သော်လည်း အနားမကပ်ရဲအောင် တွန့်နေ၍ သတ္တိမွေးနေရတာနှင့် ခြေလှမ်းသုံး၊ လေးဆယ်လောက် အလဟဿဖြစ်ခဲ့ပြီ။

နောက်ဆုံးတော့ ကြောက်ရင်လွဲ ရဲမှ မင်းဖြစ်ဆိုသည့်စကားအတိုင်း အရှက်အကြောက်ကို ဘေးဖယ်၍ ခပ်သွက်သွက်လျှောက်ရင်း လှမ်းခေါ်လိုက်သည်။





'မမာလာ၊ မမာလာ'

မာလာ တုံ့ခနဲရပ်ပြီး တအံ့တသြ လှည့်ကြည့်၏။ ချမ်းအေးကို မြင်တော့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဟင်… ကို… ကိုချမ်းအေး'

'ဟုတ်ပါတယ် မမာလာ၊ အရမ်းသတိရပြီး မတွေ့ရရင် မနေနိုင်လို့ လာစောင့်နေမိတာ၊ ကျွန်တော့်လုပ်ရပ်ကြောင့် မမာလာ စိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုရင်လည်း ပြောပါ၊ ကျွန်တော် ချက်ချင်းလှည့်ပြန်သွားပါ့မယ်'

သူတို့နှစ်ယောက် ရပ်စကားပြောနေသည့်နေရာသည် ဈေးနှင့်တော်တော်နီးနေပြီမို့ လူသွားလူလာ မပြတ်လှ။ ချမ်းအေးက မာလာ၏ သိက္ခာကို ငဲ့ပြီးပြောလိုက်တာဖြစ်သလို မာလာလည်း ရိပ်မိပုံရ၏။

'အဲ… ဟို… ဟို ရ… ရပါတယ်၊ ဒါပေမဲ့ လမ်းပေါ်မှာဆိုတော့…'

မာလာဆိုလိုတာကို သဘောပေါက်သော ချမ်းအေးက အနီးအနားကို မျက်စိဝေ့ကြည့်လိုက်သည်။ လူရှင်းသော မုန့်ဟင်းခါးဆိုင်တစ်ဆိုင်တွေ့၍…

'လာ… မမာလာ၊ မုန့်ဟင်းခါးစားရင်း စကားပြောကြတာပေါ့'

ချမ်းအေး ဦးဆောင်ရာသို့ မာလာ မငြင်းမဆန်လိုက်လာသည်။ ဆိုင်ထဲအရောက် ဘူးသီးကြော်နှင့် မုန့်နှစ်ပွဲ မှာလိုက်၏။

'မနေ့ညနေက စက်ရုံရှေ့မှာ ကိုမျိုးနွယ် လာစောင့်နေသေးတယ်လေ'

'ဟုတ်လား၊ ဒီကောင်ကြီးလည်း ဖွဲ့ဆုလိုချင်လို့ ထင်တယ်'

'ဟင်း… ဟင်း… ရသွားပါပြီ'

'ဗျာ…'

'ဟုတ်တယ်၊ နှုတ်သွေး အဖြေပေးလိုက်ပြီလေ'


www.burmeseclassic.com

www.burmeseclassic.com



'ဟင်... ဟုတ်လား၊ ဒါဆို သူတို့ အိုကေသွားကြပြီပေါ့၊ ဟာ... ဝမ်းသာလိုက်တာဗျာ၊ အားကျစရာကြီး'

မုန့်ဟင်းခါးလာချပေးသဖြင့် ခေတ္တစကားပြတ်သွား၏။ ချမ်းအေးက အကြမ်းပန်းကန်နှစ်လုံးကို ရေနွေးနှင့်ဆေးရင်း စကားဆက်သည်။

'မျိုးနွယ်တော့ တော်တော်ပျော်နေမှာပဲ၊ ကျွန်တော့်မှာသာ...'

'အောင်မယ်... ကျွန်မက ညှင်းထားတာကျနေတာပဲ၊ ကိုယ်ပြောတဲ့စကား ကိုယ်မမေ့သလို ကတိလည်းတည်တယ်၊ အခု တစ်လမှ မပြည့်သေးတာ'

ဓာတ်ဘူးထဲက ရေနွေးကြမ်းကိုငှဲ့ရင်း မာလာ့အား ငေးမိသဖြင့် ရေနွေးတွေ လျှံကျသွား၏။

'အယ်... ကိုချမ်းအေး၊ လျှံကျကုန်ပြီ'

'ဟာ... ဟုတ်ပါရဲ့၊ ဆောရီး၊ ကဲ... စားပါဦး မမာလာ၊ ပွကုန်လိမ့်မယ်'

မာလာက ခေါင်းညိတ်ပြပြီး မုန့်ဟင်းခါးကို လုလုပပစားနေ၏။ ဇွန်းထဲမှ မုန့်ဖတ်များ တန်းလန်းကျပြီး မေးစေ့မှာ ညစ်ပတ်ပေရေကုန်သော စားနည်းမျိုး မဟုတ်။ ပန်းကန်ထဲမှာပင် မုန့်ဖတ်ကို ဇွန်းနှင့်လှီးဖြတ်ပြီးမှ ခပ်ယူကာ ပါးစပ်ထဲသို့ လုပစွာသွင်းလိုက်ခြင်းဖြစ်၏။ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိတာ အတော်ပင်ကြာသွားခဲ့သည်။ မာလာ မုန့်ဟင်းခါးဟင်းရည်တောင်းသည်အထိ သူ့ပန်းကန်က တစ်ဝက်ပင်မကျိုးသေး။

'ဟင်... ကိုချမ်းအေး၊ မစားဘူးလား'

'အဲ... စားရမှာ မေ့သွားလို့'

'ရှင်...'

'မမာလာ စားနေတာကြည့်ပြီး ကျွန်တော် စားဖို့မေ့သွားလို့'

'ရှင်... ဖြစ်မှဖြစ်ရလေ ရှင်ရယ်'





'အဟဲ... ခဏလေးနော်၊ ကျွန်တော်က မြန်ပါတယ်'

အပြောနှင့်ညီအောင် မုန့်တစ်ပန်းကန်ကို လေးဇွန်းနှန်းနှင့် အပြတ်ဖြတ်လိုက်၏။ စားလို့သောက်လို့ပြီးသွားတော့...

'မမာလာ တစ်ယောက်တည်းလည်း ချက်စားတာပဲလား'

'ဟုတ်ကဲ့... အလုပ်ဆင်းရမယ့်နေ့အတွက်လည်း ပြုတ်ကြော်လေး ဘာလေး လုပ်တန်တာ လုပ်ထားတော့ အချိန်သိပ်မကုန်တော့ဘူးပေါ့၊ ပြီးတော့ တစ်ပတ်စာအဝတ်တွေလည်း လျှော်ရသေးတာ'

'ဟား... ပင်ပန်းနေမှာပဲနော်'

'ယောကျ်ားရရင် ဒီထက်ပိုပင်ပန်းဦးမှာ၊ စက်ရုံလည်းသွားရ၊ အိမ်မှုကိစ္စလည်း လုပ်ရနဲ့၊ တစ်ခါ ကလေးတွေဘာတွေ ရလာရင်လည်း မိန်းမသားတာဝန်ပဲ မဟုတ်လား၊ တွေးကြည့်ရုံနဲ့တင် ကြောက်လွန်းလို့ ယောကျ်ားယူဖို့မပြောနဲ့၊ ရည်းစားတောင် ထားချင်စိတ်မရှိဘူး'

'အမလေးဗျာ... ပြောသွားလိုက်တာများ ဘာကိုရည်ရွယ်ချင်ပါလိမ့်လို့ ကမန်းကတန်း တွေးနေမိတာ လက်စသတ်တော့ ရည်းစားတောင်မထားချင်ဘူးဆိုပြီး အဖြေတောင်းမှာကို ကြိုကန်လိုက်တာပေါ့လေ၊ ဟုတ်လား'

'ဟင်း... ဟင်း... ဟင်း... အဲဒီလို မရည်ရွယ်ပါဘူး၊ ဒီလိုပဲ စိတ်ထဲရှိတာလေး ပြောမိလိုက်တာပါ'

'မမာလာ ပြောသလောက်လည်း မဟုတ်ပါဘူးဗျာ၊ အိမ်ထောင်တစ်ခုမှာ မိသားစုတာဝန်ကို ယောကျ်ား မိန်းမ မျှမျှတတခွဲဝေလုပ်ကိုင်ရင်း ပျော်ပျော်ရွှင်ရွှင်နေကြရတာလည်း ရှိပါတယ်ဗျာ'

'အနည်းစုလောက်ပဲ ဖြစ်မယ်ထင်ပါတယ်'

'အဲဒီအနည်းစုထဲမှာ မမာလာ ပါစေရမယ်ဆိုရင်ရောဗျာ'

'အဟင်း... ကတိပေးတာ ရဲလှချည်လား'

'အချစ်နဲ့ပတ်သက်လာရင် နှလုံးသွေးကလည်း ရဲပါတယ်ဗျာ'

'ကျွန်မတော့ ကြောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့မိဘတွေသာ အဲလိုကြောက်တတ်ခဲ့ရင် ကျွန်တော်တို့ လူတောင်ဖြစ်လာမှာ မဟုတ်ဘူး၊ ကျွန်တော်က ချစ်တဲ့သူကိုဖေးမပြီး အိမ်ထောင်ကို ဦးဆောင်နိုင်တဲ့သူဖြစ်အောင် ကြိုးစားမှာပါ'

'အပြောတွေကောင်းပြီး အကောင်းတွေချည်းပြောနေပါလား ကိုချမ်းအေး'

'ကျွန်တော်က ပြောသလိုလုပ်ပြီး လုပ်သလိုပဲ ပြောတတ်လို့ပါ'

'အဟင်း... ကောင်းပါပြီရှင်၊ ကျွန်မကလည်း ကတိတည်ပါတယ်၊ တစ်လပြည့်တော့ တွေ့ကြသေးတာပေါ့'

'အင်း... ဒါဆို ဆယ်ရက်ကြီးများတောင် လိုသေးတာပေါ့နော်'

'ဒီလောက်တော့ အချိန်ပေးသင့်ပါတယ်ရှင်'

'ကောင်းပါပြီ မမာလာ၊ ခုလို လက်ခံတွေ့ဆုံတဲ့အတွက် ကျေးဇူးပါပဲ'

'ဒါဆို သွားမယ်၊ မလိုက်ခဲ့နဲ့နော်'

'ဟုတ်ကဲ့'

ကြွကြွရွရွလေးထွက်ခွာသွားသည့် မာလာ့ကို တမ်းတမ်းတတငေးမောရင်း ချမ်းအေး လွမ်းလွမ်းမောမော ကျန်ခဲ့တော့၏။

* * *



## အခန်း (၇)

မျိုးနွယ် ရည်းစားတစ်ယောက်ရလိုက်တာ သတ္တဝါ အတော်များများ အသက်ထွက်သွားခဲ့သည်။

ကြည့်လေ။ စားပွဲပေါ်မှာတင် အကောင်မပျက် ငါးတစ်ကောင်၊ ကဏန်းတစ်ကောင်နှင့် ကျော်စကေးဆယ်ကောင် ရှိနေ၏။ ဒါတောင် တခြားအကောင်ကြီးအသား၏ အစိတ်အပိုင်းများ မပါသေး။ လူဆိုသည်မှာ ပုရွက်ဆိတ်မှစ၍ ဝေလငါးအထိ အကုန်စားသော အရိုင်းစိုင်းဆုံးသတ္တဝါသာဖြစ်ရာ ဒီလောက်လေး စားတာလောက်ကတော့ စာဖွဲ့စရာပင် ရှိမည်မထင်ချေ။ ရာစုက...

'ဒီဝိုင်းမှာ ငါးအကြောက်ဆုံးနဲ့ အမြင်ကတ်ဆုံးအရာ နှစ်ခုရှိနေတယ်'

အဖွင့်မိန့်ခွန်းက ဆန်းပြားနေသဖြင့် အားလုံး၏စိတ်ကို ဖမ်းစားသွားနိုင်ခဲ့သည်။ ကျန်သုံးယောက်၏ မျက်လုံးခြောက်လုံးက မလှမပ ရာစု၏မျက်နှာပေါ်သို့ စုပုံကျရောက်နေ၏။

'ဟော့ကောင်... လမ်းဘေး မျက်လှည့်ဝိုင်းလို အစွယ်ချိုးအဆိပ်ထုတ်ထားတဲ့ မြွေကြီး လည်ပင်းပတ်ပြပြီးမှ ဝဲဆေးတော့မရောင်းနဲ့နော်'

'ဟဲ... ဟဲ... ဟဲ... ဝဲဆေး မဟုတ်ပါဘူး၊ ဝမ်းနုတ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ပါကွ၊ ဒီလိုကွာ… ငါအကြောက်ဆုံးက ကျော်စံကေးဆိုတဲ့ ဖားကြော် အမြင်အကတ်ဆုံးက မျိုးနွယ်ဆိုတဲ့ မသာပဲ'

ရာစု၏ ကစ်ချက်က အားပါလှသည်မို့ တသောသော ရယ်လိုက်ကြ၏။ မရယ်နိုင်တာ မျိုးနွယ်တစ်ယောက်သာ ရှိသည်။ မျိုးနွယ်က မချိုပြုံးလေးပြုံးရင်း…

'ရာစု ဒီဝိုင်းက ငါပြုစုတာနော်၊ ဘီယာတိုက်ပြီး အမြည်းကျွေးတဲ့လက်ကို မကိုက်ရဘူးလေကွာ၊ ဘာလို့ ဘလိုင်းကြီးဖွဲ့ရတာလဲ'

မျိုးနွယ်က ပညာသားပါပါနှင့် ရာစုအား ခွေးဓာတ်သွင်းလိုက်သည်။ ဝဏ္ဏက ချွန်တွန်းလုပ်၏။

'ဘာကြောင့်လဲဆိုတာ ရှင်းဦးမှပေါ့ကွ ရာစုရ'

'အဟင်း… ကျော်စံကေးကို ပုံစံမြင်တာနဲ့ အသည်းယားလို့ ပါးစပ်ထဲကို မထည့်ရဲတာ၊ ဟိုကောင်ကျတော့ ရည်းစားလေးတစ်ယောက်ရတာကိုပဲ အကယ်ဒမီရသလို ပုံဖမ်းနေလို့ အမြင်ကတ်တာ'

'ဟား… ဟား… ရှိစေတော့၊ ရှိစေတော့၊ ပစ္စည်းမဲ့ဒေါသတွေ ပေါက်ကွဲနေတာဆိုတော့ ခွင့်လွှတ်ပေးရမှာပေါ့ကွာ၊ အဟင်း… တကယ်တော့ ရည်းစားထားတယ်ဆိုတာ အိမ်ထောင်ရေးအဆောက်အအုံကြီးဆောက်ဖို့အတွက် ဖောင်ဒေးရှင်းစကိုင်လိုက်တာပဲ၊ ဖောင်ဒေးရှင်းကောင်းရင် ကောင်းသလို အပေါ်ထပ်အဆောက်အအုံလည်း ခိုင်မြဲတာပေါ့ကွာ၊ မဟုတ်ဘူးလား'

'ထားပါတော့၊ ထားပါတော့၊ ဒါနဲ့ နုသွေးနဲ့ မင်း ဘယ်အခြေအနေရောက်ပြီလဲ၊ လုပ်စမ်းပါဦး'

'ဟာကွာ… ဝဏ္ဏကလည်း ရည်းစားဖြစ်တာမှ ရက်ပိုင်းရှိသေးတာ၊ ဘယ်လိုလုပ် ဘာဖြစ်ရမှာလဲ'

'မသိဘူးလေကွာ၊ ဒီလောက်မြန်မြန်ဆန်ဆန် အိုကေသွားတော့ ဆရာကြီးထင်ပြီး မေးမိတာပေါ့ဟ'

'လာမည် ကြာမည် မျှော်ဆိုတာလိုပဲ ဖြည်းဖြည်းပေါ့'





ချမ်းအေးက ဘာမှဝင်မပြောဘဲ ကျော်စံကေး ဝါးလိုက်၊ ငါးကင်ဖွဲ့လိုက်၊ ဘီယာသောက်လိုက် လုပ်နေသည်မို့…

'ဟိုကောင်ကရော ဘာဖြစ်နေတာလဲ၊ မင်းရဲ့မာလာက အခြေအနေမကောင်းလို့လား၊ မပူပါနဲ့ကွာ၊ ဒီမှာလည်း မာလာငါးဟင်းမှာလို့ ရပါတယ်ကွ'

မျိုးနွယ် အပြောကြောင့် ရယ်သံတွေ ပွက်လောညံသွား၏။ ချမ်းအေးက အပြုံးမပျက် အသောက်မပျက်ဘဲ…

'လာမယ့်တနင်္ဂနွေနေ့ မင်း အားလား မျိုးနွယ်'

'တနင်္ဂနွေ၊ အင်း… အားတယ်၊ ဘာကိစ္စရှိလဲ'

'ဒီလိုကွာ၊ မင်းရဲ့နုသွေးက ခဏခဏပြောဖူးတယ်၊ မင်းရဲ့လက်ရာ ဟင်းမျိုးစုံ စားကြည့်ချင်လို့တဲ့၊ ဒီတော့ သူတို့တွေနဲ့ တို့အုပ်စုဆန်းဒေးမှာဆုံမယ်၊ မင်းက ရှယ်ချက်ပေါ့၊ ငါ စပွန်ဆာလုပ်မယ်ကွာ'

'ဟာ… လာပြန်ပြီ တစ်ယောက်၊ မင်းတို့ မိန်းမတွေမပါဘဲ နေလို့ထိုင်လို့ မရဘူးလား၊ စကားပြောလို့ရော မရတော့ဘူးလား'

'ရာစု… မင်း အခြောက်ဖြစ်နေပြီလား၊ ဒါဆိုလည်း မိတ်ကပ် ဆံပင်သင်တန်း သွားတက်လိုက်တော့၊ ဘယ့်နှယ်ကွာ… ယောကျ်ားမို့ မိန်းမအကြောင်းပြောတာပေါ့'

ဒီတစ်ခါတော့ ဝဏ္ဏပါ ရာစုကို တင်းပြီး ဝင်ကောတော့၏။ ချမ်းအေးက ပြန်ဖြေရင်း…

'ကဲပါကွာ… အဲဒါတွေ ထားလိုက်၊ ငါက မျိုးနွယ်နဲ့ နုသွေးပိုပြီးရင်းနှီးသွားအောင်၊ ပြီးတော့ ငါနဲ့ မာလာလည်း ဆွေးနွေးလို့ရအောင် စီစဉ်ချင်တာပါ'

'ရတယ်လေ လုပ်လိုက်၊ ဘယ်မှာဆုံမလဲ'

'လွတ်လွတ်လပ်လပ်ရှိတဲ့ အိမ်တစ်အိမ်ပေါ့'

နေရာရွေးချယ်စဉ်းစားဟန်နှင့် ခေတ္တမျှငြိမ်သက်သွားကြပြီး ကိုယ်စီ သောက်စားနေလိုက်ကြသည်။ ကျော်စံကေး၊ ငါးနှင့် ကဇွန်းတို့ ပုံပျက်ပန်းပျက်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

'ကဲ… သိပ်ခေါင်းစားမနေနဲ့၊ ငါ့အိမ်ကိုသာ ချိန်းလိုက်ကြ Sunday ဆို ငါ့အိမ်မှာ ဘယ်သူမှမရှိဘူး'

ရာစုက ပြောလိုက်တော့ သူတို့အားလုံး ဝိုင်းကြည့်ကြသည်။ မျိုးနွယ်က…

'ဘာလဲ ရာစု၊ မင်းလည်း စိတ်ပါသွားပြီပေါ့၊ ဟုတ်လား'

'ဝေးပါသေးတယ်ကွာ၊ မင်းတို့ အခက်အခဲဖြစ်နေလို့ ကူညီတာ၊ အမေတို့အားလုံး တနင်္ဂနွေဆို ငါ့အစ်မတွေအိမ် သွားလည်နေကျလေ'

'ကောင်းတယ်ကွာ… ကဲ… မျိုးနွယ်၊ နုသွေးတို့ မာလာတို့ကိုချိန်းဖို့ မင်းပဲ တာဝန်ယူလိုက်တော့၊ ချက်ဖို့ပြုတ်ဖို့ လိုအပ်တဲ့စာရင်း ငါ့ကို ရေးပေးခဲ့'

'အိုကေ…'

* * *

မျိုးနွယ်က ကြက်ကို အကောင်မပျက်စေဘဲ အတွင်းမှကလီစာများကို စနစ်တကျ ကျွမ်းကျင်စွာ ထုတ်ယူနေသည်။ ဒီနေ့ပွဲမှာတော့ မျိုးနွယ်က မင်းသားသာဖြစ်သည်။ အားလုံး သူ့ကိုဝိုင်းကူရင်း သူလုပ်သမျှ ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်ကြသည်။

ဟင်းတွေက စုံသည်။ ကြက်ကို ကောက်ညှင်းဌာပနာသွပ်၍ အကောင်လိုက်ပေါင်းမည်။ ကဏန်းလက်မနှင့် ကိုက်လံကြော်မည်။ ငါးခေါင်းဟင်းချို ချက်မည်။ ခရုဆီနှင့် သုံးထပ်သားကြော်မည်ဟု စီစဉ်ထား၏။ မျိုးနွယ်ပုံစံက တီဗီမှလာသော ဟင်းချက်နည်းအစီအစဉ်မှ တကယ့်ဝါရင့်စားဖိုမှူးကြီးအတိုင်း။

မျိုးနွယ်တို့လေးယောက်နှင့် နုသွေးတို့ သုံးယောက်ဆုံပြီး ရာစုတို့အိမ်တွင် အပျော်ချက်ပြုတ်စားသောက်နေကြခြင်း ဖြစ်၏။ နုသွေးက အပျော်ဆုံး အတက်ကြွဆုံး ဖြစ်နေသည်။ ဝတ်ရည်က…





'နုသွေး… နင် ကံကောင်းတယ်၊ သိလား'

'ဘာလို့လဲ ဝတ်ရည်'

'ကိုမျိုးနွယ်လို အိမ်ထောင်ဘက်ရွေးခွင့်ရလို့လေ'

'ဟဲ… ဟဲ… ငါက ထမင်းဟင်း သိပ်မချက်တတ်ဘူးလေ၊ ချက်ရမှာလည်း ပျင်းတယ်ဟ၊ ဒါကြောင့် ဟဲ… ဟဲ…'

'အဲဒါတော့ မဟုတ်သေးပါဘူး နုသွေးရယ်၊ ကိုမျိုးနွယ်သာ ချက်ခိုင်းနေရင် နင်တို့ရတဲ့လခက ဆယ်ရက်လောက်နဲ့ ကုန်သွားမှာပေါ့၊ သူတတ်တဲ့ပညာက အိမ်မှာ နေ့စဉ်ချက်စားဖို့မှ မဟုတ်တာ'

'အေးနော်… လွယ်လွယ်ကူကူ ပေါပေါလောလောရတာတွေ သူ ချက်တတ်မှာမဟုတ်ဘူး'

'သေချာတာပေါ့၊ ဒီတော့ နင် ပျင်းလို့မရဘူး၊ မချက်တတ်လည်း ချက်တတ်အောင် ချက်ပေတော့'

မာလာက ကျိုးကြောင်းသင့် ဝင်ပြော၏။ မာလာ့စကားက အနှစ်ဖိုးရှိသည်မို့ ချမ်းအေး သဘောကျသွားသည်။ သို့နှင့်…

'မမာလာလည်း အတော်တွေးခေါ်စဉ်းစားတတ်တာပဲ'

'ဖြစ်သင့်တာကို ပြောကြည့်တာပါ'

'အမလေး… ကိုချမ်းအေး မသိလို့၊ မာလာက ဆရာကြီး၊ ဘယ်လိုခြိုးခြံချွေတာရမလဲဆိုတာ ကျွမ်းပြီးသား၊ သူ့အသားတောင် သုံ့ဖုံ့ပြီး မာလာငါးဟင်းချက်စားမယ်ဆိုတဲ့ လူစားမျိုး'

နုသွေး၏ ညစ်ကျယ်ကျယ်အပြောကြောင့် အားလုံးပွဲကျသွား၏။ မျိုးနွယ်က နုသွေးအား…

'နုသွေး… ဆီလေးတစ်ပန်းကန်လောက် ငှဲ့ပေးထားပါလား'

'ရတယ် ကိုမျိုး'

နုသွေးက မျိုးနွယ်နားကပ်ပြီး ကူညီပြင်ဆင်ပေးနေသည်။ ဝတ်ရည်က…

'အင်း… ဒီလိုကျတော့လည်း နုသွေးတို့ အပိုးကိုကျိုးလို့'


www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ… ပါရမီဖြည့်ဖက်လေ'

နုသွေးက အတော်မျက်နှာပြောင်၏။ ဟာသများလုပ် ဝိုင်းကို စိုပြည်အောင် ဦးဆောင်နေသည်။ ရာစုက အိမ်ရှင်ပီပီ အရော ဝင်ပါနေရ၏။ သို့သော် ဝတ်ရည်ကို ဝဏ္ဏနှင့် ရာစုတို့ စိတ်ဝင်စား မပြ။ ဣန္ဒြေတွေ ရနေသည်။ ချမ်းအေးကတော့ အကြံသမားဖြစ် မာလာတစ်ယောက်တည်း သင်းကွဲလာမည့်အချိန်ကို စောင့်နေသ

ချက်တာ ပြုတ်တာပြီးကာနီးမှာ မာလာ ခြံထဲဆင်းပြီး ခုံတ မှာ ထိုင်နေတာ လှမ်းမြင်လိုက်သည်။ ချမ်းအေး မယောင်မလည် လိုက်သွားပြီး…

'မမာလာ ပျင်းနေပြီလား'

'မပျင်းပါဘူး ကိုချမ်းအေး၊ ကိုမျိုးနွယ်ဆီက အချက်အပြု ဗဟုသုတတွေ ရပါတယ်'

'တော်သေးတာပေါ့၊ သြော်… ဒါနဲ့ ဒီနေ့ တစ်လပြည့်ပြီ မမာလာ'

ချမ်းအေး၏ သတိပေးစကားကြောင့် မာလာ လှပစွာပြုံး

'ကျွန်မ မမေ့ပါဘူး ကိုချမ်းအေး၊ အဟင်း… ကျွန်မ ဒီနေ့မှာ ဒီလို ချက်ပြုတ်စားသောက်ကြမယ်ဆိုတော့ နည်းနည်းအံ့ နေတာ၊ ဒါတွေက ကိုချမ်းအေး အစီအစဉ်တွေပေါ့'

'အဟင်း… ဆိုပါတော့၊ မမာလာ ဘယ်လိုပဲအဖြေပေး အမှတ်တရဖြစ်သွားအောင် ရည်ရွယ်တဲ့သဘောပါ'

မာလာ နှစ်ခြိုက်စွာပြုံးသည်။ ချမ်းအေးမှာတော့ ရင်တထိတ် ထိတ်ခုန်နေတော့၏။ မာတ်ခွဲခန်းတွင် သွေးစစ်ထားခိုက် ရောဂါ မရှိ အဖြေစောင့်နေရသလိုမျိုး ခံစားနေရသည်။

'ကျွန်မ အသေအချာစဉ်းစားခဲ့ပြီးပါပြီ၊ ဒီအသက် ဒီအရွယ် အခုလို ချစ်ရေးဆိုတာ ခဏခဏကြုံရပါတယ်'

'ဟုတ်ကဲ့'





'ပြောရရင် စက်ရုံပိုင်ရှင်ရဲ့သားတောင် ပါသေးတယ်၊ အဲဒီတုန်းက ကျွန်မကို စက်ရုံတစ်ရုံလုံးက မိန်းကလေးတွေ ဝိုင်းအားကျခဲ့တာပေါ့၊ ဒါပေမဲ့ ကျွန်မ ငြင်းပစ်လိုက်တယ်၊ သိပ်ကွာဟတဲ့ ဘဝနှစ်ခု ပေါင်းစပ်ဖို့ အဆင်မပြေလောက်ဘူးလို့ပဲ ယူဆခဲ့တာလေ'

ထိုစကားကြောင့် ချမ်းအေး မျက်ခုံးလှုပ်သွား၏။ မျက်နှာမပျက်အောင် ဣန္ဒြေထိန်းရင်း…

'ဟုတ်ကဲ့ ပြောပါဦး မမာလာ'

'ပြီးတော့ ကျွန်မတို့အသက်အရွယ်အရ ရင်ခုန်တာကို အဓိပြုပြီး ချစ်တမ်းကစားဖို့လည်း လိုမှမလိုတော့တာ၊ ဘဝအတွက် ရွေးချယ်ရမယ့်အပိုင်းရောက်နေပြီ မဟုတ်လား'

'ဟုတ်ပါတယ် မမာလာ'

'ကျွန်မ ရွေးချယ်ပုံအဆင့်မှာ ရင်ခုန်မှု ရှိ၊ မရှိ၊ ဥပဓိရုပ်ကောင်း မကောင်း၊ အကျင့်စာရိတ္တနဲ့ အလုပ်အကိုင်၊ ပြီးတော့ နှစ်ဖက်အသိုင်းအဝိုင်းဆိုတာတွေ ချိန်ထိုးကြည့်တယ်လေ'

'ပြီးပြည့်စုံအောင်ကို စဉ်းစားခဲ့တာပဲ'

'အဟင်း… ကိုချမ်းအေးက ဘွဲ့ရ အလုပ်ရှိဆိုတာလည်း ပါတာပေါ့လေ၊ အခြေအနေတွေထဲက အပြည့်အစုံမဟုတ်ပေမယ့် ကျွန်မ စိတ်နဲ့တွေ့တာ တော်တော်များပါတယ်၊ ဒါမျိုးက သိပ်လောဘကြီးလို့လည်း မဖြစ်ဘူးလေ၊ သူ့အိုးနဲ့ သူ့ဆန် တန်သလောက်ပဲ ရမှာပေါ့'

'ပြောပါဦး မမာလာ'

'မရှက်တမ်းပြောရရင် ကျွန်မ ကိုချမ်းအေးအပေါ် ရင်ခုန်မိပါတယ်၊ စာရိတ္တပိုင်းအနေနဲ့လည်း အလှူအတန်းရက်ရောတာကအစ တော်ရုံလူ မလုပ်နိုင်တဲ့ နာရေးကိုပါ အကူအညီပေးနေတဲ့သူဆိုတော့ ကိုချမ်းအေးသာ စိတ်မပြောင်းဘူးဆိုရင် အတူလက်တွဲပြီး ဘဝကို ရင်ဆိုင်ကြည့်ချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com


'ဗျာ… ဟာ… ကျွန်တော် စိတ်မပြောင်းဘူး၊ ဘာလို့ပြောင်းရမှာလဲ၊ ကျွန်တော်က မမာလာကို တအားမြတ်နိုးနေတာ၊ ဝမ်းသာလိုက်တာ မမာလာရာ၊ ကျွန်တော်… ကျွန်တော် အလုပ်တွေကြိုးစားပြီး ငွေစုမယ်၊ တင့်တင့်တယ်တယ် လက်ထပ်နိုင်အောင် ပြင်ဆင်တော့မယ်ဗျာ'

'ကျွန်မလည်း ဝမ်းသာပါတယ် ကိုချမ်းအေးရယ်၊ ကြားဖူးသလောက် ပြောရရင် အဖြေရတဲ့တစ်နေ့မှာ လက်ထပ်ဖို့ စိတ်အားထက်သန်စွာနဲ့ ပြင်ဆင်မယ်ဆိုတဲ့ ယောကျ်ား အတော်ရှားသားပဲ'

'ကျွန်တော်က ဘာလုပ်လုပ် ဘဝအတွက်ပဲ စဉ်းစားချင်နေတာ'

'ကောင်းတာပေါ့ရှင်'

'ဟဲ့… တကယ်ကောင်းတာ မာလာရေ၊ ငါးခေါင်းဟင်းချိုက ရှယ်ပဲ၊ လာမြည်းကြည့်ဦး၊ ဟိုတယ်မှာ စားရသလိုမျိုးပဲ၊ ကိုမျိုးလက်ရာက တကယ်ကောင်းတာဟ'

ရုတ်တရက်ရောက်လာသော နုသွေးက နားစွန်နားဖျားကြားပြီး အားပါးတရ ဝင်ပြောကာ မာလာ့ကို ဆွဲခေါ်နေ၏။ ချမ်းအေးမှာတော့ ပန်းဝင်ကာနီးမှ ခလုတ်တိုက်လဲသည့် အားကစားသမားလို ဖြစ်သွားခဲ့သည်။ အေးလေ… အနေအထားသစ်တစ်ခု စတင်ခဲ့ပြီပဲ။ အချိန်တွေ အများကြီးရှိပါသေးတယ်။ ဒီနေ့အဖို့ မာလာဆီမှ အဖြေရခဲ့တာနှင့်ပင် ကြည်နူးမှုပြင်းအား မြင့်မားစွာနှင့် ရင်ခုန်ခွင့်ရခဲ့ပြီမဟုတ်လား။

'အေးပါဟဲ့ နုသွေးရဲ့၊ ဘာလဲ နင် မိုက်ဆာနေပြီလား'

'ဆာတာပေါ့၊ ဟင်းတွေက အကုန်မွှေးကြိုင်နေတာပဲဥစ္စာ၊ နင် လျှာလည်ပြီး ဆွေမျိုးတွေရော ကိုချမ်းအေးကိုပါ မေ့သွားလိမ့်မယ်'

နုသွေးပြောတာ အမှန်ပင်ဖြစ်သည်။ အိမ်ထဲဝင်လိုက်သည်





နှင့် ဟိုတယ်စားသောက်ခန်းမ ရောက်သွားသလို ဟင်းနံ့တို့ကြိုင်လှိုင်ပြီး ဗိုက်ဆာလာ၏။ မျိုးနွယ်တို့၊ ဝဏ္ဏတို့ကလည်း စားဖို့သောက်ဖို့ ပြင်ဆင်နေကြပြီဆိုတော့ ချမ်းအေးလည်း ကူညီညာဝိုင်း၍ မှိုင်းမလိုက်သည်။ တစ်ယောက်တစ်လက် ကျောင်းသားလက်ဆိုသလို ခဏအတွင်းမှာပင် ပြင်ဆင်မှုပြီးသွား၏။

ဝတ်ရည်က ထမင်းအိုးဖွင့်ပြီး ပန်းကန်များထဲ ထမင်းထည့်ပေးနေသည်။

'ဟောဗျာ… ဝတ်ရည် ထမင်းကို ဘယ်လိုထည့်နေတာလဲ'

'ထမင်းထည့်တာပဲ နည်းစနစ်ရှိသေးလို့လား ကိုမျိုးနွယ်ရဲ့'

'ဟာ… အဲဒါကိုပြောတာမဟုတ်ဘူး၊ ဒီနေ့က ကိုရီးယားကားတွေထဲကလို ဟင်းတွေချည်းပဲ အသားပေးပြီး စားကြမှာလေ၊ ထမင်းကို နည်းနည်းပဲထည့်'

'သြော်… ဒီလိုကိုး၊ ဆောရီး၊ ဆောရီး'

'အင်း… မဝတ်ရည်က ဗမာလိုတွေးပြီး ဗမာစားစားဖို့ ပြင်ဆင်လိုက်တာကိုး၊ ဒီနေ့ကတော့ အလှူရှင် ကျွန်တော်တို့အားလုံးရဲ့ ကောင်းမှုနဲ့ ဟင်းပဲများများစားကြပါ'

'ခဏနေပါဦး၊ ဟိုလေ… ကိုရာစုအမေအတွက် ဟင်းတွေဦးချထားလိုက်ဦးလေ'

'ဟော… ကြည့်၊ မမာလာတို့များ အသေးစိတ်ကအစ မလွတ်အောင် စီမံကွပ်ကဲနိုင်တာကိုး၊ ကဲ… ရာစုရေ မင်းအမေအတွက် ဦးချထားရအောင် ပန်းကန်စောက်သုံးလုံးလောက် လုပ်ပါဦး'

ဝဏ္ဏက ချီးကျူးပြီး ရာစုက သွက်သွက်လက်လက် ပန်းကန်ထယူသည်။ နုသွေးက မှတ်ချက်ဝင်ပေး၏။

'အဲဒါကြောင့်လည်း စက်ရုံမှာ စူပါဗိုက်ဇာဖြစ်နေတာပေါ့၊ အရာရာကို အသေးစိတ်မြင်တတ်လွန်းလို့လေ၊ ကိုချမ်းအေးလည်း သတိထားပြီး လုံလုံခြုံခြုံသာနေပေတော့၊ အသေးစိတ်တွေ သူသိသွားဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



နှသွေး၏ အသောစကားကြောင့် အားလုံး အားပါးတရ ရယ်မောလိုက်ကြ၏။ မျိုးနွယ်က ပန်းကန်လုံးလေးများထဲတွင် ငါးခေါင်းဟင်းချိုကို ဖြည့်ပေးသည်။ တခြားဟင်းများကိုတော့ ထမင်းနည်းနည်းသာရှိသည့် ပန်းကန်ပြားထဲ ခပ်ထည့်ပေးသည်။ အားလုံး ခေါင်းမဖော်တမ်းစားလိုက်ကြ၏။

မျိုးနွယ်က ခပ်သည်းသည်း။ အကောင်းဆုံးဆိုတာတွေရွေးပြီး နှသွေးပန်းကန်ထဲ ထည့်ပေးနေသည်။ ဒါကို ဝဏ္ဏက မြင်ပြင်းကတ်ဟန်နှင့်…

'မျိုးနွယ်… ဒါ တို့တွေရဲ့ အိကွဲရှယ်ယာ ဒိုနေးတစ် (အချိုးကျထည့်ဝင်သော အလှူဒါန)နော်။ အားလုံးမှာ ပါးစပ်ပေါက်တွေနဲ့ မင်းရဲ့ နှသွေးတစ်ယောက်တည်း စားတတ်သောက်တတ်တာ မဟုတ်ဘူး၊ သိလား'

'ဟား… ဟား… ဟား… ကဲ… နှသွေး၊ မနာလိုသူတွေ ပြောကုန်ကြပြီ၊ နှသွေးကြိုက်တာသာ ထည့်စားတော့၊ ဟင်း… ဟင်း…'

'ရပါတယ် ကိုမျိုးရယ်၊ အချစ်မရှိတဲ့သူတွေမှာ ကိုယ်ချင်းစာစိတ်တို့ လေဒီဖတ်(စ်)တို့ ဘယ်ရှိပါ့မလဲ၊ ဟုတ်ဘူးလား'

'ဟုတ်တာပေါ့ နှသွေးရယ်၊ စား… အချစ်လေး စား'

'ဒါ ဒိုင်လူကြီး မျက်စိနောက်အောင် တမင်လုပ်နေတာ၊ အိန္ဒိယနဲ့ ခြေစစ်ပွဲကစားတုန်းက ဂိုးသွင်းတဲ့ မြန်မာဘောမားလို အလွန်အကျံအောင်ပွဲခံမိပြီး မာန်တက်တာ လွန်သွားလို့ တိုက်ရိုက်အနီကတ်နဲ့ ထွက်သွားရမယ်၊ သိလား'

'အေးပါကွာ… ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ငါတို့က အေးဆေးပါ၊ အခုလောလောဆယ် မသက်ဆိုင်တဲ့သူတွေ သက်ဆိုင်သွားအောင် လုပ်ကြမယ်'

မျိုးနွယ်၏ စကားကို နားမရှင်းသဖြင့် ချမ်းအေးက လှမ်းမေး၏။





'ဘာတွေမသက်ဆိုင်နေတာလဲ မျိုးနွယ်'

'တို့အဖွဲ့မှာ ငေါင်းစင်းစင်းဖြစ်နေတာ ဝတ်ရည်၊ ဝဏ္ဏနဲ့ ရာစုပဲ မဟုတ်လား၊ သူတို့သုံးယောက်က နာမည်ထိပ်စီးစာလုံးအရ ဗုဒ္ဓဟူးနေ့ဖွားတွေချည်းပဲ ဖြစ်နေတာကလည်း ထူးခြားတယ်၊ ဒီတော့ အဆင်ပြေသွားအောင် ဝတ်ရည်ကို ကံစမ်းမဲဖောက်ပြီး ဟိုနှစ်ကောင်ထဲက တစ်ယောက်ယောက်နဲ့ တွဲပေးလိုက်ရအောင်'

'ဟယ်… ကောင်းတယ် ကိုမျိုး၊ ကောင်းတယ်'

'ဘာကောင်းရမှာလဲ၊ ငါ့ကိုများ ဆပ်ပြာမှုန့်တို့ ကော်ဖီမစ်တို့ မှတ်နေလား၊ ဒါမျိုးတွေ တွဲရမယ့်အစား ကိုယ့်ဟာကိုယ် သွားတိုက်ဆေးဝယ်ပြီး ခဲခြစ်ကံစမ်းမဲခြစ်ပစ်လိုက်မယ်'

'အမယ်… အမယ်… သူကပဲ သွားတိုက်ဆေးဝယ်မယ် ဘာမယ်ပြောရတယ်ရှိသေး၊ ဒီလောက်တောင် အကောင်းစားယောကျ်ားတွေကိုများ၊ နေပါစေ မျိုးနွယ်၊ ငါတို့ကလည်း အရက်ပုလင်းဝယ်သောက်ပြီး သိန်းသုံးဆယ်ကံစမ်းမဲပေါက်မှ ကြိုက်တဲ့မိန်းမ ခေါင်းခေါက်ယူလိုက်မယ်'

'သောက်… သောက်၊ ကြိုက်သလောက်ဝယ်သောက်၊ ကံစမ်းမဲမပေါက်ခင် ရေဝေးကို ဆန့်ဆန့်ကြီးရောက်ပြီးမှ သင်္ချိုင်းကသရဲမကို ခေါင်းခေါက်ယူ'

ဝတ်ရည်က ကက်ကက်လန်အပြောကြောင့် အားလုံး တသိမ့်သိမ့်ရယ်လိုက်ကြ၏။ ခုလို သိုက်သိုက်ဝန်းဝန်းဆိုတော့လည်း ပျော်စရာအကောင်းသား။ မာလာက သူသိချင်တာကို မေး၏။

'ကိုချမ်းအေးတို့ ဒီနေ့ဝယ်တာခြမ်းတာ ဘယ်လောက်ကုန်လဲ'

'မမာလာရေ… သုံးသောင်းကို တစ်ထောင်ပဲပိုတာ'

'ကဲ… နှသွေးရေ၊ ကြားတယ်နော်၊ အဲလိုသာ ချက်စားရရင် ကြွေးတင် ကျွန်ဖြစ်သွားလိမ့်မယ်၊ သိလား'

'အလုပ်များတဲ့ရက်မှာ ကိုယ်ချက်ကျွေးမှာပေါ့ နှသွေးရာ၊ မပူနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လှချည်လား မျိုးနွယ်ရာ၊ ခုတော့ စေတနာတွေ အားကောင်းနေတယ်ပေါ့လေ'

'မင်းရော ဘာထူးလို့လဲ ချမ်းအေး၊ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေတာပဲ မဟုတ်လား၊ ဒါနဲ့ နေပါဦး၊ မင်းတို့ရော အဆင်ပြေသွားပြီလား၊ တိတိကျကျပတ်သက်သွားပြီလား'

မျိုးနွယ်အမေးကို ချမ်းအေးက မဖြေသေးဘဲ မာလာကို လှမ်းကြည့်၏။ မာလာ့မျက်နှာက ချက်ချင်းဆိုသလို ရဲတက်လာသည်။ ချမ်းအေး ဘာပြောရမှန်းမသိ။ ဝတ်ရည်က နှစ်ယောက်လုံးကို အကဲခတ်ရင်း...

'မေးမနေနဲ့တော့၊ မာလာ ရှက်နေတာ ကြည့်ပါလား၊ သူတို့ တိတိကျကျပတ်သက်နေပြီဆိုတာ အသိသာကြီး'

'ဟယ်... မာလာ၊ အဟုတ်ကြီးလား'

နုသွေးက မာလာ့လက်မောင်းကို လှမ်းဆွဲရင်း ကြည်ကြည်နူးနူး မေး၏။ မာလာက ရှက်ရက်ရွံ့ရွံ့ ခေါင်းညိတ်ပြသည်။ ထိုအခါမှ ချမ်းအေးလည်း ပေါ့ပေါ့ပါးပါးဖြစ်သွားပြီး...

'အဟင်း... မမာလာက စောစောကပဲ အဖြေပေးခဲ့တာလေ၊ အခုလို အစားကောင်းစားရတဲ့နေ့မှာ ကြားကောင်းတဲ့စကားပါ ကြားရတော့ မင်္ဂလာနှစ်ထပ်ကွမ်းဖြစ်သွားတာပေါ့၊ တကယ့်ကို မှတ်မှတ်ရရပါပဲ'

'ဟား... ဟား... ဟား... ငါပေါက်သွားပြီ၊ ဒီနေ့ မင်းတို့ ဒိတ်လုပ်ထားတာ မဟုတ်လား၊ ဒါကြောင့် ငါ့ကို ဖွတ်ချက်ခိုင်းပြီး အမှတ်တရဖြစ်အောင် စီစဉ်တာ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုအဖြေမျိုးရမလဲဆိုတာ ကြို မသိခဲ့ပါဘူး၊ ခုမှ လွတ်လွတ်ကျွတ်ကျွတ် ပျော်ခွင့်ရတာပါ'

ချမ်းအေးအပြောကြောင့် အားလုံးရင်ကို ထိသွားကြ၏။ ပိုပြီး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသူက နုသွေး။





'ကဲ... ကြည့်စမ်း၊ သူများတွေ တစ်သက်လုံး အမှတ်တရဖြစ်နေအောင် အကွက်ချစီစဉ်တတ်တယ်၊ ကိုမျိုးတို့နဲ့များ ကွာပ'

'ဟော... ဒါက ဘာလဲ၊ ငြိုငြင်တာလား'

'ငြိုငြင်တာမဟုတ်ဘူး။ အားကျတာ'

မျိုးနွယ်နှင့် နုသွေး အပြန်အလှန်ပြောပုံကို ရှုစားနားဆင်ရင်း ချမ်းအေးနှင့် မာလာက ကြည်ကြည်နူးနူး ရယ်မိ၏။

'ကဲ... ချမ်းအေး၊ မင်း အမှတ်ရချင်တာက အကြောင်းမဟုတ်ဘူး၊ ဒီမှာ ငါ အကောခံနေရပြီ'

'ဟဲ... ဟဲ... မရည်ရွယ်ပါဘူး မျိုးနွယ်ရာ၊ ဆောရီးပဲ'

'အဲဒါ နှိုင်းစရာလား နုသွေးရဲ့၊ နင်တို့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ အမှတ်တရဖြစ်အောင်လုပ်ပေါ့'

'ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'အဲ... ပါးသာပိတ်ရိုက်လိုက်တော့ဟေ့'

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဦးအောင်ချမ်းက ဒေါ်နန်းကြိုင်ကို နှိပ်ပေးနေ၏။ ဇက်ကြော ဆွဲပေးလိုက်၊ ပခုံးကြောလျှော့ပေးလိုက်နှင့် သူ့ကိုယ်သူ မာဆတ်က ဝန်ထမ်းများ ထင်နေသလား မသိ။ အားပါးတရ စိတ်ပါလက်ပါနှင့် နှိပ်ပေးနေသည်။ ဒေါ်နန်းကြိုင်၏ မျက်နှာကလည်း ဝေဒနာကြောင့် ရှုံ့တွနေလေ၏။ အိပ်ရာမှနိုးလာသော ချမ်းအေး ထိုအဖြစ်ကိုမြင်ပြီး ပြုံးစိစိဖြစ်သွားသည်။

'အမေ အဖေ့ကို ဘာလို့နှိပ်စက်နေရတာလဲ၊ တော်ကြာ ဘုန်းကြီးပြန်ဝတ်သွားဦးမယ်နော်'

'ဟော့ကောင်... ဟော့ကောင်... မင်းအမေ သွေးတက်နေလို့ တယုတယပြုစုနေတာကွ၊ နှိပ်စက်တာ မဟုတ်ဘူး၊ ငါ့သဘောနဲ့ ငါ စေတနာပါပါ လုပ်ပေးနေတာ'

'သြော်... ဒီလိုလား၊ အင်း... ရှေ့က အဖေ အဲသလို ကျပ်ကျပ်လုပ်ပြနေနော်၊ သားအလှည့်ကျမှ မိန်းမရှိခိုး သွားမကျိုးဖြစ်နေရင် အဖေတရားခံပဲ'

'အောင်မယ်... ကြီးကြီးကျယ်ကျယ်နဲ့၊ မင်းက ဘယ်လောက် အဖြစ်ရှိလို့လဲ'

'ဟင်း... ဟင်း... အဖေကလည်း သားဆို သိပ်အထင်သေး





တာကိုး၊ ဖိုးလမင်းလည်း သူ့အဆင်းနဲ့ အလင်းနဲ့၊ ဖယောင်းတိုင်လည်း သူ့အရွယ်နှင့် အစွယ်နှင့်ဆိုလိုပေါ့ဗျာ'

ချမ်းအေးအပြောကြောင့် အဖေနှင့် အမေ စိတ်ဝင်စားသွားပြီး နှိပ်တာကို လက်စသတ်၍ ဆိုဖာတွင် အလိုက်သင့်ထိုင်လိုက်ကြသည်။ အချင်းချင်း မျက်စပစ်ရင်း သားမျက်နှာကို အသေးစိတ်ဖတ်ရှုလို့ နေလေ၏။

'ကိုင်း... ပြောစမ်းပါဦး ဖယောင်းတိုင်အကြောင်း'

'ဘယ်ဖယောင်းတိုင်လဲ အဖေ၊ ဝါဆိုဖယောင်းတိုင်လား'

'ချမ်းအေး... အရှိမ်းဝေးမနေနဲ့၊ မင်းတင်စားသလို ဖယောင်းတိုင်ရဲ့ အစွယ်နဲ့ အရွယ်ကို မေးနေတာကွ၊ မေးနေတာ'

'သြော်... ဒါလား'

'အော်ဒါမဟုတ်ဘူးဟေ့၊ ဈေးချုပ်၊ ဈေးချုပ်၊ တကတဲကွာ၊ သိချင်တယ်ဆိုမှ ဈေးကိုင်တာက လွန်ရော'

'ဟဲ... ဟဲ... စိတ်မဆိုးပါနဲ့ အဖေရာ၊ ဒီလို အဖေ၊ ဟိုးတစ်လောက သားပြောတဲ့ မာလာသိန်းတန်ဆိုတဲ့ မိန်းကလေးလေ'

'ဘာလဲ... လင်နောက်လိုက်သွားပြီ ဆိုပါတော့'

'ဟာ... အဖေကလည်း မဦးမချွတ် ဘယ်ကလင်နောက်လိုက်ရမှာလဲ၊ သူ သားကို မေတ္တာတုံ့ပြန်လို့ သမီးရည်းစားတွေဖြစ်နေပြီ၊ သိရဲ့လား၊ သားကို လျှော့မတွက်နဲ့၊ ဟင်း... ဟင်း...'

'အမလေးကွာ... ရည်းစားလေးတစ်ယောက်ရတာများ ဖြစ်နေလိုက်တာ'

အမေကတော့ အဖေ့လို မဟုတ်။ နောက်ပြောင်မနေ။ အမှန်တကယ် အံ့သြဝမ်းသာဟန်နှင့် နွေးနွေးထွေးထွေး မေးသည်။

'သား တကယ်လားဟင်၊ အဲဒီကလေးမနဲ့ အမေ တွေ့ချင်တယ်ကွယ်၊ ငါ့သားရဲ့ အိမ်ထောင်ဘက်ကို အကဲခတ်ချင်လို့၊ ဘယ်တော့ ခေါ်ခဲ့မလဲ'



www.burmeseclassic.com

www.burmeseclassic.com

'အဲ… ခေါ်လာလို့ မရဘူး အမေ၊ ခေါ်လာရင် ပြဿနာတက်မှာ'

'ဟား… ဟား… ဟား… ချမ်းအေးရာ၊ အဲဒါကိုကြည့်ရင် တကယ်မဟုတ်ဘဲ သက်သက်လာကြွားနေတယ်ဆိုတာ အသိသာကြီး'

'မဟုတ်ပါဘူး အမေရာ၊ သား တကယ်ပြောနေတာပါ'

'မယုံဘူး ဟေ့ကောင်'

သားအမိနှစ်ယောက် အချီအချ ငြင်းနေကြသဖြင့် အမေ့မျက်နှာမှာ စိုးရိမ်စိတ်တွေ ထင်ဟပ်လာသည်။

'သား အမေပြောတာ ဟုတ်သလား'

'မဟုတ်ပါဘူး အမေရယ်၊ တကယ်နားလည်မှု ရခဲ့တာပါ၊ ဘာလို့ခေါ်လာလို့မရလဲဆိုတော့ သားတို့အခြေအနေကို မရှိမရှားလို့ပဲ ပြောထားတာ၊ ခုလိုချမ်းသာတယ်ဆိုတာ သိသွားရင် စိတ်ဆိုးမှာ'

'ဟယ်… သားရယ်'

မေမေ စိတ်ပျက်သွားသလို အမေက ဒေါ်ပွသွား၏။

'မင်းက မဟုတ်တာတွေ ဘာလို့လျှောက်ပြောထားတာလဲ၊ ပြဿနာမရှုပ်ရှုပ်အောင်လို့'

'ဒီလို အမေရ၊ သူ့အမေအလောင်းကို ရေဝေးအပို့မှာ ကူညီရင်း သားတို့ ဆုံခဲ့ကြတာလေ၊ ပြီးတော့ သူ့အခြေအနေကလည်း ချို့တဲ့တော့ သားရဲ့အခြေအနေမှန်ကို သိလိုက်ရင် အချစ်စစ်ဖြစ်လာပါ့မလား တွေးမိတာနဲ့ အဲလိုဖြစ်သွားတာပါ'

'ကဲ… သိပြီလား အမေကြီး၊ သားက ပညာရှိ စည်းစိမ်မက်လို့ ချစ်တာမျိုးမဖြစ်အောင် စမ်းသပ်ခဲ့တာ၊ ဒါ လုပ်သင့်တယ်လေ'

'အမှန်အတိုင်းပြောလည်း ဖြစ်ပါတယ်ကွာ၊ အမိကက မင်းသဘောကျဖို့ပဲ မဟုတ်လား၊ ကဲ… ရှေ့လျှောက် ဘယ်လိုဆက်လုပ်မှာလဲ၊ ပြောပါဦး'





'သားတို့ လက်ထပ်ဖို့ တစ်နှစ်တော့ အချိန်ယူထားတယ် အမေ၊ ဒီကြားထဲ တဖြည်းဖြည်းနဲ့ အသိပေးသွားရမှာပေါ့'

'ဒါဆို အမေတို့နဲ့ ဘယ်လိုတွေ့ရမှာလဲ'

'ဒါလည်း ဖြည်းဖြည်းတော့ စီစဉ်ပေးမှာပေါ့၊ ခုမှ သမီးရည်းစားဖြစ်တာ၊ ချက်ချင်းကြီး အိမ်ခေါ်လာလို့ ရမလား အမေကလည်း'

'အင်း…ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ အမေတို့မျိုးဆက်ဖြစ်လာမယ့်သူကို တွေ့ချင်တာပေါ့၊ အကဲခတ်ချင်တာပေါ့ သားရဲ့'

'ဟုတ်ကဲ့ပါ အမေရာ၊ သား အားလုံးစီစဉ်ပေးပါ့မယ်၊ ခဏပဲ သည်းခံ'

'အမလေးကွာ… ချွေးမလောင်းတွေ့ရဖို့အရေး ဒီလောက်ပဲ ခက်ခဲသလား'

'ဟဲ… ဟဲ… အမေကလည်းဗျာ၊ ပလိ(စ)ဝိတ်၊ ပလိ(စ) ဝိတ်၊ ကဲ… စားပြီးသောက်ပြီး အလုပ်လုပ်ရဦးမှာ၊ ဒီနေ့ ကုန်တွေ ကားသုံးစီးနဲ့ ပို့ဖို့ရှိတယ် အမေရဲ့'

ချမ်းအေး စကားဖြတ်ပြီး မနက်စာစားရန် ထမင်းစားခန်းထဲသို့ ဝင်သွား၏။ သားကို မိဘများ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိကြသည်။ သွက်လက်ဖျတ်လတ်နေသော အမူအရာကိုလည်း သတိပြုမိသည်။

'သားလေး… လန်းပြီးတက်ကြွနေလိုက်တာနော် အမေကြီး'

'အဟင်း… ဒါပေါ့ကွာ၊ ကျုပ်လည်း ခင်ဗျားဆီက အဖြေရတော့ နေ့မအား ညမနား ကြိုးစားခဲ့တာပဲ မဟုတ်လား၊ ယောကျ်ားဆိုတာ ဒီလိုပါပဲ၊ ကဲပါ… လာ၊ တစ်ခုခုစားရအောင်၊ ပြီးရင် ဆေးသောက်ရမယ်'

ဦးအောင်ချမ်းက ချစ်ဇနီးလက်ကိုဆွဲ၍ ထမင်းစားခန်းသို့ ဦးတည်လိုက်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း ကောင်းကင်က တိမ်တောက်ပြီး အလှကြီးလှနေ၏။ တစ်နေကုန် လူးလာပုံသန်း ပျားပန်းခတ်သလို အစာရှာခဲ့ကြသော ငှက်များလည်း အိပ်တန်းပြန်ဖို့ ဦးတည်နေခဲ့ကြပြီ။ လူတွေကရော လူတွေကတော့ လောဘသားများဖြစ်သည်နှင့်အညီ ဝမ်းအပြင် အိတ်နှင့် ထည့်ဖို့ မနေမနားရှာဖွေသူတွေက ရှာဖွေနေကြဆဲပင်။ သို့သော်လည်း လခစားအလုပ်သမားများအတွက်တော့ အလုပ်ဆင်းချိန်ဖြစ်နေ၍ လမ်းပေါ်တွင် လူတွေ ပင်လယ်လှိုင်းတံပိုးပမာ ထကြွစီးမြောနေကြ၏။

ထိုညနေခင်းတွင် ကားမှတ်တိုင်တစ်ခုအနီး ထိုးရပ်လိုက်သော တက္ကစီတစ်စီးပေါ်မှ ချမ်းအေး ဆင်းလာ၏။ လက်မှနာရီကိုကြည့်ရင်း မှတ်တိုင်တဲအောက်ဝင်ကာ မာလာတို့ စက်ရုံအလွှတ်ကို စောင့်နေလိုက်သည်။ မျိုးနွယ်များ လာစောင့်နေဦးမလားတွေးကာ မျက်စိဝေ့ကြည့်သော်လည်း မတွေ့မိ။

ငါးနာရီခွဲတွင် စက်ရုံလွှတ်၏။ ကောင်မလေးတွေ လှိုင်းလုံးကြီးသဖွယ် လိမ့်ဆင်းလာတာ တွေ့ရသည်။ လှိုင်းလုံးတစ်ခုထိပ်တွင် လန်းလန်းစွင့်စွင့် ပေဒါပန်းတစ်ပွင့်ကို တွေ့မိသည်။ ဒါ ချမ်းအေးနှင့်သာ သက်ဆိုင်သော ချမ်းအေး၏ မူပိုင်ပေဒါပန်းလေး မာလာသာဖြစ်သည်။

'မာလာ... တစ်ယောက်တည်းလား၊ ဝတ်ရည်နဲ့ နုသွေးရော'

'သူတို့ ဒီနေ့ အိုဗာတိုင်ဆင်းရတယ် ကိုချမ်းအေး'

'ဪ... ဟုတ်လား၊ ဒါကြောင့် မျိုးနွယ်ကို မတွေ့တာကိုး၊ ကောင်းပါတယ်၊ ကိုယ်တို့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောရတာပေါ့'

ချမ်းအေး ဦးဆောင်၍ လူရှင်းသော ခပ်သန့်သန့်စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လာခဲ့ကြ၏။ မာလာကြိုက်သော အိုက်စကရင်တစ်ပွဲနှင့် နာနတ်ဖျော်ရည်တစ်ခွက် မှာလိုက်သည်။ လာချပေးသော အအေးများကို ကြည့်ရင်း...





'ကိုချမ်းအေးရယ်၊ တစ်ညနေမှာတင် နှစ်ထောင်လောက်ကုန်နေတော့ ဘယ်လိုလုပ်ကြမလဲ၊ စုထားရင် အများကြီးရမှာ၊ ဒီလောက်သုံးနေရအောင် ကိုချမ်းအေးက တစ်လ ဘယ်လောက်ရနေလို့လဲ'

မာလာနှင့် သမီးရည်းစားဖြစ်ပြီး စက်ရုံလွှတ်ချိန်မှာ ခုလိုတွေ့ခဲ့ကြတာ တစ်ပတ်ခန့်သာရှိသေးသည့်အချိန်တွင် မာလာက ဈေးတွက်တွက်ပြလာခဲ့၏။ ဒီလောက်အထိတော့ ချမ်းအေး သတိမပြုမိ။ ဒီအသုံးစရိတ်လောက်က သူ့အတွက် အသေးအဖွဲ။ သူသတိထားမိတာက ကိုယ်ပိုင်ကားနှင့် မလာမိဖို့လောက်သာ ဖြစ်၏။ သို့သော် မာလာသိထားသည်က ချမ်းအေးလည်း သူ့လို စက်ရုံဝန်ထမ်းတစ်ယောက်သာ မဟုတ်လား။

'ကိုယ် တစ်လကို နှစ်သိန်းပဲရတာပါ၊ တစ်ခါတလေလည်း ဘောနပ်လေးဘာလေး ရပါတယ်'

'တစ်လနှစ်သိန်းဆိုမှ တစ်ရက်ခြောက်ထောင်ပဲရှိတာလေ၊ ဒီမှာတင် နှစ်ထောင်၊ လမ်းစရိတ်နဲ့ ကိုချမ်းအေး စားစရိတ်ရှိသေးတယ်၊ တစ်နှစ်အတွင်း လက်ထပ်မယ်ဆို၊ ပိုက်ဆံ ဘယ်လိုလုပ်စုမလဲ'

သိထားသောအခြေအနေနှင့် မာလာပြောသည့်စကားက နည်းလမ်းကျနေသဖြင့် ဖြေရှင်းဖို့ ချမ်းအေး ပြင်ဆင်လိုက်ရသည်။

'ဒီလိုသုံးတာ ဒီနေ့နောက်ဆုံးဖြစ်စေရမယ်လို့ ကတိပေးပါတယ် မာလာ၊ ကိုယ်က မာလာနဲ့တွေ့ချင်လို့ ခုလို စကားတွေပြောနေလို့ရဖို့အတွက်ဆို အားလုံးတန်တယ် ထင်နေတာ၊ မာလာတွက်ပြတာ မှန်ပါတယ်၊ ကိုယ်တို့ ခြိုးခြံရမှာပေါ့'

'မာလာက ရေရှည်အတွက်ပြောတာပါ ကိုချမ်းအေးရယ်'

'ကိုယ် သဘောပေါက်ပါတယ် မာလာ၊ ဒီနေ့တော့ ထားလိုက်ပါတော့၊ အရသာရှိတာလေးစားပြီး အလှလေးကို အဝငေးပါရစေ'

'ခစ်... ခစ်... ခစ်... အဲဒီအပြောလေးတွေမှာ သာယာမိရင် ညစာခက်သွားမယ်နော်၊ သိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com

'သိပါပြီ မာလာရယ်၊ တကလည်း သမီးရည်းစားချိန်းတွေ့တာနော်။ အဆူခံဖို့လာတာ မဟုတ်ဘူး'

'မဆူချင်ပါဘူး ကိုချမ်းအေးရယ်၊ မာလာ နှမြောလို့ပါ'

ချမ်းအေးက မာလာကို မြတ်မြတ်နိုးနိုးကြည့်ရင်း စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဖြစ်မည့် တန်ဖိုးရှိ မိန်းမသားတစ်ယောက်တော့ တွေ့ပြီဟု စိတ်ကျေနပ်မှုဖြစ်ရ၏။

'စားလိုက်ဦး မာလာ၊ ရေခဲမုန့်တွေ အရည်ပျော်ကုန်တော့မယ်'

'ဟုတ်··· ဒါနဲ့ ကိုချမ်းအေးတို့ရတဲ့လခ များသားပဲနော်၊ ဒီလောက် ဘယ်သူမှမရကြဘူး'

စကားက မှားသွားပြန်ပြီ။ သုံးတာကိုကာမိအောင် ပိုပြောကာမှ စာရင်းစစ်နှင့် တိုးနေ၏။ သူလည်း မှားသွားမှန်းတော့ သိသည်။ ခုမှတော့ဖြင့် ပြောလို့မဖြစ်တော့။

'ကိုယ်က အဲဒီ ဦးအောင်ချမ်းရဲ့ သားတပည့်လေ၊ ဆယ့်ခြောက်နှစ်သားကတည်းက ပညာသင်ရင်း အလုပ်ဝင်ခဲ့တာ၊ အဝေးသင်နဲ့ ဘွဲ့ရခဲ့တာလေ၊ ဒါကြောင့် ပိုပေးထားတာ'

'သြော်··· ထင်တော့ ထင်သားပဲ'

'အဲဒါကြောင့် လူယုံလိုဖြစ်ပြီး အဲဒီအလုပ်ရုံမှာပဲ နေခွင့်ရတာ မာလာရဲ့'

'နေစရိတ်မကုန်တော့ ပိုက်ဆံပိုစုလို့ရတာပေါ့'

'ကဲ··· မာလာ၊ ဒီနေ့အဖို့ ပိုက်ဆံစုဖို့ပဲ ပြောတော့မှာလား'

'အဟင်း··· ဆောရီး၊ ဆောရီး၊ ကဲ··· ဘာပြောရမလဲ'

'ချစ်တယ်ဆိုတဲ့အဖြေ အတိအကျပြော၊ ပြီးတော့ ကိုချမ်းအေးလို့ မခေါ်နဲ့တော့'

'ဟယ်··· ရှက်စရာကြီး'

'ရည်းစားထားချင်ရင် ရှက်နေလို့မဖြစ်ဘူးလေ၊ ကဲပါ··· ချွေတာမနေနဲ့၊ ချစ်ရင် ချစ်တယ်ပေါ့'





'အဲဒါထက်လေးနက်တဲ့အဖြေ ပေးပြီးပြီလေ ကိုချမ်းအေးရဲ့'

'ဟော··· လုပ်ပြန်ပြီ၊ ကိုချမ်းအေးလို့ မခေါ်ပါနဲ့ဆိုတာကို၊ ပြီးတော့ တစ်ခါတလေမှာ လေးနက်တာထက် ပေါ့ပေါ့ပါးပါးက ပိုအရသာရှိတယ် မာလာရဲ့'

'ဟယ်··· တကယ့်ဗွတ်ပဲ၊ ကဲ··· ဒါဆို ဘယ်လိုခေါ်ရမှာလဲ၊ ချမ်းချမ်းလား၊ အေးအေးလား'

'အေးအေးချမ်းချမ်းလို့သာခေါ်တော့ မာလာရေ'

'ဟင်း··· ဟင်း··· ဟင်း···'

နာရီဝက်လောက် ချစ်ခွန်းတုံ့တင် ပြောဆိုကြပြီးနောက် မာလာ့ကို ပြန်ပို့ဖို့ ထွက်လာခဲ့ကြ၏။ မှတ်တိုင်အရောက် ကားစောင့်နေစဉ်···

'ဘာ··· ဘော့(စ်)ဘယ်ကိုလာတာလဲ၊ ကားမပါဘူးလား'

ကိုယ့်အလုပ်ရုံမှ အလုပ်သမားလေးတစ်ယောက်နှင့်တိုးပြီး တရိုတသေနှုတ်ဆက်နေ၍ ချမ်းအေး ခေါင်းနားပန်းကြီးသွား၏။ မာလာ မရိပ်မိအောင် ကမန်းကတန်းမျက်စိမှိတ်ပြရင်း···

'ဟာ··· မျိုးအေး၊ မင်းကလည်း လာပြီး အကြောင်ရိုက်နေပြန်ပါပြီ၊ ဘတ်(စ)ကားစောင့်နေတာ မြင်ရဲ့သားနဲ့'

'ဘော့(စ်)ကလည်း ဟို···'

'နောက်မှတွေ့မယ် မာလာ၊ လာ··· ဟိုကားရောက်တယ် မဟုတ်လား၊ တက်ရအောင်'

မျိုးအေးကို အကြောင်ရိုက်ထားခဲ့ရင်း လိုင်းကားတစ်စီးပေါ် မာလာကိုဆွဲ၍ ပြေးတက်ခဲ့၏။ ကားပေါ်ရောက်မှ မာလာက မေးသည်။

'ဘယ်သူလဲ၊ ဘောစိတွေ ဘာတွေခေါ်လို့'

'အလကားပါ မာလာရယ်၊ အလုပ်ဝင်တာ မကြာသေးတော့ သူဌေးက မျက်နှာသာပေးတဲ့ ကိုယ့်ကို နောက်ပြီး ဘောစိလို့ခေါ်နေတာလေ၊ ဟင်း··· ဟင်း···'



www.burmeseclassic.com

www.burmeseclassic.com

မာလာ ဆက်မမေး၍သာ တော်တော့သည်။ ရွှေလျှောက် အရာရာကို သတိထားရတော့မည်ဟု ဆုံးဖြတ်လိုက်ရ၏။

* * *

'ဟား… အဲဒါဆိုရင်တော့ ပြဿနာပဲ၊ ရွှေလျှောက် မင်း ကောင်းကောင်းသာ သတိထားနေပေတော့၊ အမှိုက်ကစ ပြာသာဒ် မီးလောင်လိမ့်မယ်'

'အေးပါကွာ… မင်းတို့ဘက်ကလည်း အစမထွက်နေနဲ့နော်၊ သိသွားရင် ကျိုင်ပဲ'

အရေးပေါ်အစည်းအဝေးသို့ တက်ရောက်လာသည့် မျိုးနွယ် နှင့် ရာစုအား ချမ်းအေးက မာလာနှင့် အခြေအနေကို လက်ဖက်ရည် ဆိုင်တွင် ရှင်းပြနေခြင်းဖြစ်၏။ လခကိစ္စ၊ အသုံးအစွဲဖွာသည့်ကိစ္စ၊ အလုပ်မှချာတိတ်လေး လာနှုတ်ဆက်သည့်ကိစ္စများကြောင့် အဖျား တက်ခဲ့ရကြောင်း သိသွားတော့ မျိုးနွယ်တို့ပါ ရင်ခုန်သွားကြသည်။

'မင်း တဖြည်းဖြည်း အသိပေးမယ်ဆို'

'ပြောပြလို့ မဖြစ်တော့ဘူးကွ၊ သူအဖြေပေးတုန်းက ငါ့ကို ဘာပြောတယ်မှတ်လဲ'

'ပြောပါဦး'

'သူ့ကို ပရိုပို့(စ်)လုပ်တဲ့အထဲမှာ စက်ရုံပိုင်ရှင်ရဲ့သားတောင် ပါသတဲ့၊ အခြေအနေချင်း ကွာဟလို့ ငြင်းလိုက်တာတဲ့၊ သဘောက ငါနဲ့ သူ သိပ်မကွာဘူးလို့ထင်ပြီး ဘဝကို အတူလက်တွဲရုန်းကန် ရင်ဆိုင်ရအောင်ဆိုပြီး အဖြေပေးခဲ့တာ'

'ဟာ… သွားပြီပေါ့'

ချမ်းအေး၏ ဖြေရှင်းချက်အဆုံးမှာ မျိုးနွယ် သူ့နဖူးသူရိုက် ပြီး ညည်းညူတော့၏။ ရာစုကလည်း ပူပူပင်ပင် မေးရှာသည်။





'မင်းတို့အနာဂတ်က အဆင်ပြေပါ့မလားကွာ'

'မပြောတတ်ဘူးကွာ၊ ငါတော့ ချမ်းသာတာက အပြစ်မဟုတ် ဘူးလို့ ထင်တာပဲ၊ မင်းတို့ရော'

'ဟာ… မင်းကလည်း တို့အတွေးနဲ့ မာလာ့အတွေး တူမလား ကွ'

'အေးကွာ… ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူး'

'အချိန်တော့မဆွဲနဲ့ ချမ်းအေး၊ အပ်နဲ့ထွင်ရမှာကို ခွဲစိတ်ခန်းထဲ ဝင်နေရလိမ့်မယ်၊ လက်ထပ်မယ်ဆိုရင် မင်းမိဘတွေနဲ့ တွေ့ပေးရမှာပဲ မဟုတ်လား၊ အဲဒီအခါကျရင် သူ အကုန်သိမှာပဲမဟုတ်လား'

'ဟုတ်တယ် ရာစု၊ ဒါပေမဲ့ ရှင်းပြလိုက်ရင် ငါ့ကို စိတ်ဆိုး သွားမလား၊ အဆက်အသွယ်ဖြတ်သွားမလား တွေးပူနေတာကွ၊ အဲဒါ ဆို ငါ့ဘဝ ရေစုန်မျောသွားလိမ့်မယ်၊ သူက ငါ့အတွက် မရှိမဖြစ် မာလာကွ'

'ဟာ… အရေးထဲမှာကွာ'

ပြဿနာက အဖြေရှာမရဘဲ လုံးလည်လိုက်နေ၏။ မျိုးနွယ်နှင့် ရာစုလည်း ခေါင်းကုတ်နေကြရပြီ။ ချမ်းအေးလည်း သူ့ကိစ္စသူမရှင်းနိုင် ဖြစ်နေသည်။

'ကိုင်း… ဒီလိုလုပ်ကွာ၊ မာလာရဲ့စိတ်ကို သိရအောင် သူဌေး တွေအပေါ် သူ ဘယ်လိုသဘောထားသလဲဆိုတာ တီးခေါက်ကြည့် လိုက်လေ၊ အဲဒီအမြင်ပေါ်မှာ ဘာဆက်လုပ်ရမလဲ ထပ်တွေးပေါ့'

'အေး… ဟုတ်တယ်၊ အဲဒါ မဆိုးဘူး ချမ်းအေး၊ ဥပမာ ကွာ သူဌေးတွေကြောင့် သူတို့မိသားစုဘဝမှာ နာကြည်းစရာမျိုးရှိခဲ့ မယ်ဆိုရင်တော့ ဆေးကုလို့မရတော့ဘူးပေါ့၊ အဲဒါမျိုး… အဲဒါမျိုး'

'အင်း… ဘာမှလုပ်စရာမရှိတာထက်စာရင် အဲဒါမဆိုးဘူး'

'မဆိုးဘူးလုပ်မနေနဲ့၊ မြန်မြန်တီးခေါက်ကြည့်'

'အင်း… အမေကလည်း ချွေးမလောင်းနဲ့ အမြန်ဆုံးအင်တာ ဗျူးလုပ်ချင်လှပြီတဲ့'


www.burmeseclassic.com

www.burmeseclassic.com



'မင်းမလည်း ဆူးကြားက ဘူးခါးဖြစ်နေပါပေါ့လားကွာ ငါ့မှာတော့ ချမ်းသာတဲ့သူတွေမှာ စိတ်ညစ်စရာသိပ်မရှိဘူးလို့ ထင်ထားခဲ့တာ'

'မဟုတ်တာ ရာစုရာ၊ လူဖြစ်လာရင် ချမ်းသာဆင်းရဲမရွေး စိတ်ညစ်စရာရှိနေတာပဲ၊ အနည်းအများပဲ ကွာမှာ'

'အင်း··· မင်းကိုမြင်လို့ သဘောပေါက်သွားပါပြီကွာ'

'အဲဒါပေါ့ကွ၊ မရှိဒုက္ခထက် ရှိဒုက္ခက ပိုကြီးတယ်ဆိုတာ'

'အဲလိုဒုက္ခမျိုး ငါလည်း ခံချင်ပါတယ်ကွာ'

* * *

ကန်ထဲတွင် ငန်းများ ခေါက်တုံ့လူးလာ သွားလာလှုပ်ရှားနေကြ၏။ သို့သော် သူတို့ကိုယ်ပိုင်အစွမ်းအစဖြင့် သွားလာကူးခတ်နေခြင်းတော့ မဟုတ်။ လူတို့ဖန်တီးပြုလုပ်ထားသော ငန်းသဏ္ဌာန် ခြေနင်းလှေများသာ ဖြစ်သည်။ လူတို့ပဲ့ကိုင်ရာသို့ တာဝန်အရ သွားလာနေကြခြင်းပင်။

မရောက်တာကြာပြီမို့ မြင်ကွင်းများက ထူးခြားဆန်းသစ်နေ၏။ ကျယ်ကျယ်ပြန့်ပြန့်ရှုခင်းနှင့် တမျှော်တခေါ်ရေပြင်က မြင်ရသူ၏စိတ်ကို လန်းဆန်းကြည်လင် ရွှင်ပြစေသည်။

ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းကလည်း နူးနူးညံ့ညံ့နှင့် အေးမြနေသည်။ ကန်တော်ကြီးဖေ့ကျင်တွင် သစ်ရိပ်ဝါးရိပ်များနှင့် နေချင့်စဖွယ်ရှိနေသေး၏။ အပင်ရိပ်တစ်ခုအောက်မှ ခုံတန်းတွင် ချမ်းအေးနှင့် မာလာတို့ ယှဉ်တွဲထိုင်နေကြသည်။

ပထမဆုံးအကြိမ်အဖြစ် မာလာ၏ပခုံးကို ချမ်းအေး မထိတထိလေး ဖက်ထား၏။ ငြင်းဆန်ရုန်းကန်ခြင်း မပြုသဖြင့် ချမ်းအေးအားတက်အတင့်ရဲလာပြီး မထိတထိမှ ထိထိမိမိလေး ဖက်ထားလိုက်သည်။





'မာလာ ဒီကို ခဏခဏရောက်ဖြစ်လား'

'ဟင့်အင်း··· တစ်နေ့တစ်နေ့ စက်ရုံနဲ့ အိမ်ကလွဲပြီး ဘယ်မှ မရောက်တာ ကြာပါပြီ ကိုချမ်းအေးရယ်၊ မာလာတို့က သူဌေးတွေမှ မဟုတ်ဘဲ'

'မာလာ သူဌေးတွေအပေါ် အမြင်မကြည်လင်သလိုပဲနော်'

'ရှင်··· မဟုတ်ပါဘူး၊ သူ့ကံနဲ့သူ ချမ်းသာတာ မနာလိုဖြစ်စရာမရှိပါဘူး၊ ဘာဖြစ်လို့လဲ ကိုချမ်း'

'ဘာရယ်တော့ မဟုတ်ပါဘူး၊ သူဌေးတွေအပေါ် နာကြည်းစရာများရှိနေသလားလို့ပါ'

'ဘာလို့ အဲလိုထင်ရတာလဲ ကိုချမ်း'

'အဲ··· ဟိုလေ စက်ရုံပိုင်ရှင်ရဲ့သား ပရိုပို့(စ်)လုပ်ဟာကို ငြင်းခဲ့တယ်လို့ ပြောဖူးသလားလို့ပါ၊ အဲဒါကို အကျယ်ချဲ့တွေးနေမိလို့ပါ'

'သြော်··· အဲဒါလည်း မာလာက ရိုးရိုးသားသားပြောမိတာပါ၊ အာဃာတတွေ ပြဿနာတွေ မရှိခဲ့ပါဘူး၊ ဆင်းရဲချမ်းသာကွာရင် လူနေမှုပုံစံကွာမယ်၊ အဲသလိုကွာရင် တစ်ဖက်က အထင်သေးသလို တစ်ဖက်ကလည်း ချူပ်ချယ်တယ်လို့ ထင်သွားနိုင်တယ်လေ၊ အဲလို အမြင်ကစပြီး ပြဿနာတွေ ဖြစ်နိုင်သလားလို့ပါ'

'ဟုတ်လား၊ တော်သေးတာပေါ့၊ ဒါဆို ချမ်းသာကြွယ်ဝပြီး ပြည့်စုံကုံလုံစွာ နေထိုင်ရတာမျိုးကိုရော သဘောကျသလား'

'အင်း··· ကိုယ့်အဆင့်နဲ့ကိုယ် ကြွေးကင်းကင်း လုံလုံလောက်လောက်နေခွင့်ရရင် တော်ပါပြီ'

'ဒါဆို ရောင့်ရဲနိုင်တဲ့သဘောပေါ့'

'ကိုချမ်း ဘာလို့ဒါတွေမေးနေတာလဲ'

'မာလာရဲ့ဆန္ဒကိုသိရမှ ကိုယ်ဘယ်လောက်ဖြည့်ဆည်းပေးရမလဲ၊ ဘယ်လောက်ကြိုးစားမှ အဆင်ပြေမလဲဆိုတာ ကိုယ်ချိန်ဆရမှာလေ မာလာရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေး၏ အပြောကြောင့် မာလာ ကြည်နူးစွာပြုံးလိုက်၏။ ချမ်းအေး၏လက်ကို နွေးနွေးထွေးထွေး ဆုပ်ကိုင်လာသည်။

'မာလာ့အတွက် စဉ်းစားပေးနေလို့ ကျေးဇူးတင်ပါတယ် ကိုချမ်းရယ်၊ ချမ်းသာကြွယ်ဝမှုဆိုတာ ကိုယ့်ကံတရားနဲ့ ပိုပြီးသက်ဆိုင်ပါတယ်၊ ကုသိုလ်ကံနဲ့ ကြိုးစားမှုက ပေးတာဆိုရင်လေ မာလာ ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပါ'

'ဟူး… တော်ပါသေးရဲ့ မာလာရယ်၊ ကိုယ်က သူဌေးဖြစ်ချင်နေတာ၊ မာလာ့ကို ပြည့်ပြည့်စုံစုံနဲ့ ထားချင်နေလို့'

'ကြိုးစားချင်တဲ့စိတ်ထားကို မာလာ အားပေးမှာပေါ့၊ ကိုချမ်းသာ အခွင့်အရေးရအောင်လုပ်ပါ'

'ကျေးဇူးတင်ပါတယ် မာလာရယ်'

ချမ်းအေးက အားပါပါဖက်လိုက်သဖြင့် မာလာ့မျက်နှာလေး ချမ်းအေးပခုံးပေါ် မှီတွယ်လာ၏။ ဒီလိုဆိုတော့လည်း သိင်္ဂါရရသက နှစ်လိုဖွယ်ရာကောင်းသားပါလား။

'မာလာ တစ်ခုလောက်တောင်းဆိုပါရစေလား'

'ပြောလေ ကိုချမ်း'

'လကုန်လောက်မှာ အဖေနဲ့ အမေ နယ်ကအလည်လာကြလိမ့်မယ်၊ အဲဒါ သူတို့နဲ့ တစ်ရက်လောက် လိုက်တွေ့ပါလားဟင်'

ချမ်းအေးစကားကြောင့် မာလာမှာ ပခုံးပေါ်မှီတွယ်နေသော အနေအထားမှ ရုတ်ခြည်းဆိုသလို ဆတ်ခနဲထလိုက်မိသည်။ ထို့နောက် ချမ်းအေးကို အလန့်တကြားကြည့်ရင်း…

'ဟယ်… ကိုချမ်းအေးရယ်၊ မာလာတို့ အဆင်သင့်မဖြစ်သေးဘူးလေ၊ ပြီးတော့ ဒီလောက်အစောကြီး လိုက်တွေ့ရမယ်ဆိုတော့ ရှက်စရာကြီး'

'မဟုတ်ပါဘူး မာလာ၊ အဖေတို့က နယ်မှာနေတာဆိုတော့လေ ခုလိုရောက်လာဖို့ မလွယ်ဘူးမဟုတ်လား၊ ရောက်တုန်းလေး ဆုံသွားစေချင်လို့ပါ'





'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့…'

'ဒါပေမဲ့ ဘာဖြစ်လဲ မာလာ'

'မာလာ မတွေ့ရဲပါဘူး ကိုချမ်းရယ်'

'တကယ်လက်ထပ်တော့လည်း တွေ့ကြရမှာပဲဟာ၊ မာလာကလည်း'

'အဲဒါက လိုသေးတယ်လေ ကိုချမ်းရဲ့'

'မရဘူးကွာ၊ ကိုယ်က မာလာ့ကို တန်ဖိုးထားလို့ လက်ထပ်မှာမို့ မိဘတွေကို အသိပေးတာလေ၊ မာလာ့အတွက် နစ်နာစရာမှမရှိဘဲ'

'ဟုတ်ပါတယ် ကိုချမ်းရယ်၊ မာလာ စိတ်မရဲလို့ပါ'

'ကိုယ် တန်ဖိုးထားတာကို အသိအမှတ်မပြုဘူးပေါ့၊ ဟုတ်လား မာလာ'

ချမ်းအေးက ဇွတ်ပြောနေသဖြင့် မာလာ စိတ်မသက်မသာဖြစ်နေ၏။ ချမ်းအေးက သူ့ကို နမ်းခိုင်းနေတာလည်း မဟုတ်။ တည်းခိုခန်းသွားဖို့ ခေါ်နေတာလည်း မဟုတ်သဖြင့် ဇွတ်ငြင်းဖို့က ခက်နေသည်။ ချမ်းအေး မျက်နှာမကောင်းတာမြင်တော့ သူလည်း မနေတတ်မထိုင်တတ် ဖြစ်လာ၏။

'ကဲပါ ကိုချမ်း၊ အဲလိုကြီးတော့ ငိုင်မနေပါနဲ့၊ ကိုချမ်းမိဘတွေ ရောက်လာရင် ပြောလေ၊ မာလာ ကြိုးစားပါ့မယ်'

'တကယ်… တကယ်နော် မာလာ'

'တကယ်ပါ ကိုချမ်းရယ်၊ နောက်လည်း ရင်ဆိုင်ရမှာပဲ မဟုတ်လား'

'ကျေးဇူးတင်ပါတယ် မာလာရယ်'

ချမ်းအေးက မာလာ၏လက်ကိုဆွဲယူပြီး လက်ခုံကို မြတ်နိုးစွာ နမ်းလိုက်မိသည်။ မာလာလေးမျက်နှာ နှင်းဆီပန်းနီနီတစ်ခိုင်း ဖြတ်ပြေးသွား၏။ ချမ်းအေးမှာလည်း နှာခေါင်းထဲထိ ကျူးကျော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသော တိမ်းညွတ်တမ်းမက်ဖွယ် ကိုယ်သင်းနံ့ကြောင့် ရင်ခုန်သံ စည်းချက် မြန်သွားလေ၏။

'ကဲ… မာလာ ဘုရားတက်ချင်သေးတယ်ဆို၊ သွားကြမယ်လေ'

'ကောင်းသားပဲ ကိုချမ်း၊ သွားမယ်လေ'

ချစ်သူနှစ်ဦး လက်တွဲ၍ ကန်တော်ကြီး ချစ်သူနယ်မြေမှ ထွက်လာကြ၏။

'အဟင်း… ဒီတစ်ခါတော့ ပိုက်ဆံသိပ်မကုန်ပါဘူးနော် မာလာ၊ ဘတ်(စ)ကားနဲ့လာပြီး မုန့်ဟင်းခါးတစ်ပွဲစီပဲ စားခဲ့ကြတာလေ'

'ထပ်ပြီးဗိုက်ဆာရင် ရေခဲရေပဲသောက်ရမှာနော် ကိုချမ်း'

* * *



## အခန်း (၉)

ကျောင်းဝင်းထဲဝင်လိုက်သည်နှင့် အုပ်ဆိုင်းနေသော သစ်ရိပ် ဝါးရိပ်ကြောင့် အေးမြမှုကို ခံစားလိုက်ကြရသည်။ ဘယ်နေရာကို ကြည့်ကြည့် ရှင်းသန့်သပ်ရပ်နေတာကိုလည်း သတိပြုမိ၏။ သီးပင် စားပင်နှင့် ပန်းမျိုးစုံကိုလည်း သူ့နေရာနှင့်သူ သပ်သပ်ခပ်ခပ် စိုက်ပျိုး ထားတာ တွေ့ရသည်။ သစ်ပင်ပေါ်သဖြင့် ကျေးငှက်မျိုးစုံတို့ တွန်ကျူး သံနှင့် ရှဉ့်ငယ်လေးများ အော်မြည်သံကိုလည်း ကြားနေကြရသည်။

ဝန်းကျင်အနေအထားက စိတ်ချမ်းမြေ့ကြည်နူးဖွယ်ကောင်း လှန်းနေသော်လည်း မာလာရင်ထဲမှာတော့ စိုးရိမ်မှုရေချိန် မြင့်တက် လျက်ရှိ၏။ မာလာက ချမ်းအေး၏လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ရင်း လိုက်ပါလာသည်။

'စိတ်ကိုလျှော့ထားလေ မာလာရဲ့၊ ကိုယ့်အဖေနဲ့ အမေက သဘောကောင်းကြပါတယ် မာလာရဲ့'

'အင်းပါ ကိုချမ်းရယ်၊ ဒါပေမဲ့ ကြောက်တာက ကြောက်တာ ပဲလေ'

'ဒီလိုနဲ့ပဲ ပြီးသွားမှာပါ မာလာရယ်'

နယ်မှရောက်လာသော ချမ်းအေး၏ မိဘများ ဘုန်းကြီး ကျောင်းတွင် တည်းခိုနေ၍ လိုက်တွေ့ပါဆိုပြီး ဖွတ်ခေါ်တာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မာလာ ပါလာခဲ့ခြင်းဖြစ်သည်။ ယောက်ျားလေးဘက်က တန်ဖိုးထား၍ အမှန်တကယ်လက်ထပ်ယူဖို့အတွက် ကနဦးအဆင့်အဖြစ် တွေ့ဆုံပေးခြင်းကို ငြင်းလို့လည်း မကောင်းတတ်ဘူး မဟုတ်လား။

'ကဲ… ဒီအဆောင်မှာ အဖေတို့ တည်းနေကြတာ'

'ဟုတ်… ဟုတ်၊ ရင်တွေတုန်လိုက်တာ ကိုချမ်းရယ်'

ချမ်းအေးက မာလာ့အား ပြုံးပြ၍ လက်ဖဝါးနုနုလေးကို ဖျစ်ညှစ်ဆုပ်နယ်ကာ အားပေးလိုက်သည်။ တကယ်တော့ အမေက တွေ့ချင်လွန်းသည်ဆို၍ ဖွတ်စီစဉ်လိုက်ရသော်လည်း အဖေက အင်တင်တင်၊ သူတို့လင်မယားက နယ်မှလာသော တောသားတွေအဖြစ် သရုပ်ဆောင်မှ ချွေးမလောင်းနှင့် တွေ့ခွင့်ရမည်ဆို၍ အဖေက ဒေါ်ပွပြီး မတွေ့ချင်ဟု ငြင်းသေးသည်။ သို့သော် မယားပြောတော့ တစ်ညှဟုဆိုသည် မဟုတ်လား။ ညက အမေ ဘယ်လိုစည်းရုံးလိုက်သည် မသိ။ မနက်ကျတော့ အဖေပါ ခေါင်းညိတ်လာခဲ့သည်။

သို့နှင့် အဖေနှင့် အမေကို ခပ်နွမ်းနွမ်း အဝတ်အစားတွေ ဝတ်နိုင်းပြီး ဤကျောင်းသို့ အရင်ပို့ထားခြင်းဖြစ်၏။ အခုတော့ ချမ်းအေး၏မိဘနှစ်ပါးမှာ တောက လင်မယားအဖြစ် ကျောင်းပေါ်မှ စောင့်နေခဲ့ကြပြီ။ သူတို့ စောင့်နေသောအခန်းမှာ အဖေတို့ ပစ္စည်းလေးပါး ထောက်ပံ့ထားသော ဦးပဉ္ဇင်းလေး၏ အခန်းသာဖြစ်သည်။ ချမ်းအေးက မာလာ့လက်ကိုဆွဲရင်း ကျောင်းပေါ်သို့တက်လာခဲ့၏။ ဦးပဉ္ဇင်းလေး စာဝါတက် ဖို့သွားသဖြင့် အခန်းထဲတွင် ဦးအောင်ချမ်းတို့လင်မယားသာ ရှိနေသည်။

နှစ်ယောက်လုံး တောဆန်ဆန် ဝတ်စားထားကြသော်လည်း သန့်ပြန့်သည့်ရုပ်ရည်ကိုတော့ ဖုံးကွယ်ဖျောက်ဖျက်၍ မရချေ။

'ဟော… သားတို့ ရောက်လာပြီကိုး'

'ဟုတ်ကဲ့'

မိဘများရှေ့တွင် ချမ်းအေးနှင့် မာလာ ဝိဝိပြားပြားထိုင်လိုက်



ကြ၏။ ချမ်းအေးက ဣန္ဒြေရသော်လည်း မာလာ မနေတတ် မထိုင်တတ်ဖြစ်နေသည်။

'ဖေဖေနဲ့ မေမေ၊ ဒါ သားပြောတဲ့ မာလာသိန်းတန်ပါ၊ မာလာ ဒါ ကိုယ့်ဖေဖေနဲ့ မေမေလေ'

'ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

'သမီးလေးက အချောပဲ၊ ကျက်သရေရှိလိုက်တာကွယ်'

'ဒီနေ့ အလုပ်အားရက်ပေါ့၊ ဟုတ်လား'

'ဟုတ်ကဲ့ပါရှင့်'

'အင်း… ဦးလေးရဲ့သားက စာရေးပြီးကြွားလိုက်၊ ဖုန်းဆက်ပြီးကြွားလိုက်နဲ့ဆိုတော့ အရမ်းကိုတွေ့ချင်နေတာ၊ ဒါကြောင့် ရန်ကုန်ဆင်းလာခဲ့တာ၊ ဟင်း… ဟင်း… ကြွားတဲ့အတိုင်းလည်း မှန်နေတာကိုးကွယ့်'

အဖေ့ချီးကျူးစကားကိုတော့ မာလာက မတုံ့ပြန်။ ခေါင်းငုံ့၍သာ ပြုံးနေသည်။ အဖေတို့အမူရာကိုကြည့်ပြီး ချမ်းအေး စိတ်ချမ်းသာ ကိုယ်အေးသွားရ၏။

'သမီးလေးမှာ မိဘတွေမရှိတော့ဘူးဆိုတော့ ဘယ်သူနဲ့နေသလဲ'

'သမီးတို့အိမ်နဲ့ နှစ်အိမ်ကျော်မှာ အဒေါ့်အိမ်ရှိပါတယ်ရှင့်၊ အခုတော့ ကိုယ့်အိမ်မှာပဲ ညီမဝမ်းကွဲနဲ့ အတူနေပါတယ် ဒေါ်ဒေါ်'

'စိတ်ခတ်နိုင်မာသားပဲ၊ ချီးကျူးပါတယ်ကွယ်၊ ဒါနဲ့ သားတို့ သမီးတို့ လက်ထပ်ဖို့ကိစ္စရော'

'အဲဒါ နည်းနည်းတော့ အချိန်ယူရဦးမှာပါ ဒေါ်ဒေါ်၊ ကိုချမ်းအေးလည်း ပိုက်ဆံစုရဦးမှာ၊ သမီးလည်း အဆင်သင့်မဖြစ်သေးလို့ပါ'

'အို… သားက ဘာလို့ ပိုက်ဆံ…'

'ဟာ… မင်းကလည်းကွာ၊ သားနဲ့ သမီးနှစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com

အလုပ်နဲ့ အကိုင်နဲ့ ပညာတတ်တွေ၊ သူတို့လုပ်ရမယ့်ကိစ္စ သူတို့သိပါတယ်ကွာ၊ အင်း… သားနဲ့သမီး ပိုက်ဆံစုတာလည်း စုပေါ့ဦး။လေးတို့ဘက်ကတော့ တစ်ဦးတည်းသောသားဖြစ်နေလို့ မိဘဝတ္တရားရှိတဲ့အတိုင်း ပြည့်ပြည့်စုံစုံလုပ်ပေးမှာပါ၊ တစ်ခုတော့ရှိတယ်၊ သားတို့မြန်မြန်တော့ လက်ထပ်ကြ၊ မင်းတို့စုံတွဲ အင်မတန်လိုက်ဖက်တယ်လို့ ဖေဖေ ယူဆတယ်ကွာ့'

'ဟဲ… ဟဲ… စိတ်ချပါ ဖေဖေရာ၊ ကဲ… မာလာ ကြားတယ်နော်'

ချမ်းအေး လှည့်အပြောမှာတော့ မာလာလည်း ကြည်ကြည်နူးနူးနှင့် ပြုံးပြရှာသည်။ အမေ စကားများတော့မလို ဖြစ်နေခိုက် အဖေဝင်ပြောမှုကြောင့် ချောက်ကျမည့်ဘေးမှ လွတ်ခဲ့ရ၍ ချမ်းအေး သက်ပြင်းချမိ၏။

'ဒါနဲ့ သမီးက အိမ်ထောင်ကျရင်ရော အလုပ်ဆက်လုပ်ဦးမှာလား'

'ဟုတ်ကဲ့… လုပ်နိုင်တဲ့အချိန်အထိ အလုပ်ဆက်လုပ်သွားမှာပါ၊ ဒီခေတ်က အိမ်ရှင်မရယ်လို့ အိမ်တွင်းပုန်းနေလို့ မဖြစ်တော့ဘူးလေ၊ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတဲ့အတိုင်း စီးပွားရှာမှဖြစ်မှာမို့ပါ ဒေါ်ဒေါ်'

'ကိုင်း… ကြားပြီလား အမေကြီး၊ ဒီခေတ် ကလေးတွေက သူ့ရည်မှန်းချက်နဲ့သူ သူ့စီမံကိန်းနဲ့သူ ရှိပြီးသား၊ ခင်ဗျား ဘာမှပူမနေနဲ့တော့။ သားလေးရွေးထားတဲ့ အိမ်ထောင်ဘက်ကို ခင်ဗျားလည်း သဘောကျတာပဲ မဟုတ်လား'

'သဘောကျပါတယ်ရှင်၊ သားအတွက် စိတ်အေးရတာပေါ့'

'ကဲ… သားနဲ့ သမီး မင်းတို့အမေပြောတာ ကြားတယ်မဟုတ်လား၊ အားလုံး သဘောတူတယ်၊ ကန့်ကွက်စရာ မရှိဘူး၊ ကိုယ့်အစီစဉ်အတိုင်းသာ ဆက်ချီတက်ကြတော့'






'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဖေဖေနဲ့ မေမေ'

'ခုလို သဘောတူ ခွင့်ပြုပေးတဲ့အတွက် သမီးကလည်း ကျေးဇူးတင်ပါတယ်ရှင့်'

'သြော်… အရေးကြီးတာမှ မေ့နေတယ်၊ ခု သမီးရဲ့အုပ်ထိန်းသူက အဒေါ်လား အစ်ကိုလား'

'အစ်ကိုက အရှင်းအချာဆိုပေမယ့် အဒေါ်တွေလက်ထဲအပ်ထားတော့ အုပ်ထိန်းသူက အဒေါ်ပါရှင့်'

'အင်း… အင်း… ဒါဆို ငါ့သားကလည်း သွားပြီးနှုတ်ဆက်ထားလိုက်ဦး၊ ဒါမှ အဝင်အထွက်ကောင်းပြီး သမီးသိက္ခာလည်း မထိခိုက်မှာ'

'ဟုတ်ကဲ့ပါ မေမေ၊ ဒါဆို သား မာလာ့ကို လိုက်ပို့ပြီး ဒီမှာပဲ ညအိပ်မယ်လေ၊ နော်'

'အေး… အေး…'

'ခွင့်ပြုပါဦးရှင့်'

'အေးကွယ်… အေး… အေး…'

ချမ်းအေးနှင့်မာလာတို့ အတူယှဉ်တွဲထွက်လာကြ၏။ ကျောင်း၏ အုတ်လှေကားအဆုံးသို့ရောက်တော့ မာလာ့ထံမှ ဟူးခနဲသက်ပြင်းချသံကို ကြားလိုက်ရသည်။

'ဟူး… ခုမှပဲ စိတ်ထဲ ပေါ့သွားတော့တယ် ကိုချမ်းရယ်'

'ကိုယ်ပြောသားပဲ၊ ဖေဖေတို့က သဘောကောင်းပါတယ်လို့'

'အင်း… ဟုတ်ပါတယ်၊ တော်သေးတာပေါ့၊ နှစ်ယောက်လုံးက သဘောတူလို့၊ သဘောမကျဘူးလို့သာ အပြောခံရရင် ရှက်တာနဲ့ လဲသေမလားပဲ'

'ပြောစရာလား၊ ကိုယ်က စိတ်တိုင်းကျရွေးထားတဲ့ဟာ၊ အဖေတို့မှန်းထားတဲ့ ချွေးမလောင်းပုံစံကို ကိုယ်လည်းသိတယ်လေ၊ ဒါနဲ့ အမြန်ဆုံးလက်ထပ်ဖို့ မှာလိုက်မယ်နော်'


www.burmeseclassic.com

www.burmeseclassic.com



'အမယ်… အဲဒါတော့ မရပါဘူးနော်၊ ပိုက်ဆံစုရဦးမှာ'

'ဟာ… လက်ထပ်ဖို့ အဖေတို့ တာဝန်ယူမယ်လို့ ပြောလိုက်ရဲ့သားနဲ့'

'ကိုချမ်းက မာလာတို့အိမ် လိုက်နေမှာလား၊ အိမ်ငှားမှာလား'

'အဲဒါတော့ စဉ်းစားရဦးမယ်လေ'

'ဘာပဲဖြစ်ဖြစ် အိမ်ထောင်ပစ္စည်းကတော့ လိုမှာပဲမဟုတ်လား၊ အဲဒါတွေ တဖြည်းဖြည်းဝယ်စုရဦးမယ်လေ'

'ဒါဆိုလည်း သဘောဗျာ၊ သဘော၊ ကြိုက်သလိုသာလုပ်၊ အရေးကြီးတာက မာလာ့အဒေါ်တွေနဲ့တွေ့ဖို့ပဲ၊ ဘယ်နေ့လာခဲ့ရမလဲ'

'အဲ… ကိုချမ်းရယ်၊ အဲဒါတော့ မလောပါနဲ့ဦး၊ မာလာ ရှက်လို့ပါ၊ ပြီးတော့ အစ်ကိုနဲ့က ပိုပြီးရှင်းနိုးတာ၊ အဒေါ်ကိုတော့ ကြောက်တယ်၊ အစ်ကိုတို့လင်မယား ထပ်လာမှ ယောက်မကတစ်ဆင့် အသိပေးမယ်လေ၊ ပြီးတော့မှ ကိုချမ်း လိုက်တွေ့ပေါ့၊ နော်လို့'

'အင်း… မယားပြောတော့ တစ်ညဆိုတဲ့ ဆိုရိုးရှိတယ်လေ၊ ရည်းစားပြောတော့ ဘယ်နှညလဲ၊ နှစ်ညလောက်တော့ လုပ်ကွာ'

'ဟင်းနော်… ဒါက ဘာစကားလဲ၊ မယားပြောတော့ တစ်ည၊ ရည်းစားပြောတော့ ခဏတဲ့ မှတ်ထား၊ မာလာ တစ်ခါပြောတာနဲ့ ကိုချမ်း ခေါင်းညိတ်ရမယ်၊ ဒါပဲ'

'ဟား… ဒွတ်ကြီးပါလား'

'ဘာလဲ… ငြိုငြင်တာလား'

မာလာက မျက်ဝန်းနက်လေး ထောင့်ကပ်ပြီး နှုတ်ခမ်းစူစူ အမူအရာနှင့် ခပ်ဆောင့်ဆောင့်လေး ပြောလိုက်၏။ ထိုအမူအရာကို ကြည့်ပြီး မချင့်မရဲဖြစ်သွားသော ချမ်းအေး ဘယ်လိုမှတင်းမထားနိုင်တော့။

'ကဲ… သဘောဗျာ၊ သဘော၊ သဘော'

'ခစ်… ခစ်… ခစ်… ခစ်…'

* * *





နုသွေး ချိုင့်လေးဆွဲရင်း မှတ်တိုင်တွင် အိမ်ပြန်ဖို့ ကားစောင့်လျက်ရှိ၏။ စက်ရုံလွှတ်ချိန်မို့ မှတ်တိုင်တွင် လူအုံနေသည်။ မာလာနှင့် ဝတ်ရည်တော့ အိုဗာတိုင်ဆင်း၍ ကျန်ခဲ့ကြ၏။ ကားကျပ်ကျပ်တိုးတက်ရမည့်အရေး စိတ်လေးနေမိသည်။ မိန်းကလေးအများစုသာရှိနေကြသည်မို့ လက်ပံပင် ဆက်ရက်ကျသလိုဟူသော စကားပုံကမှန်ကန်ကြောင်း သက်သေပြလျက်ရှိ၏။ ရုတ်တရက်ကြားလိုက်ရသည့်စကားကြောင့် နုသွေး နားစွင့်မိသည်။

'စုပါဗိုက်ဇာ မမာလာတော့ အကောင်ကြီးကြီးတစ်ကောင် မိလိုက်ပြန်ပြီ'

'ဟယ်… ဟုတ်လား၊ ခုတလော သူ့ကို လာလာကြိုတာလည်း ဘောစိပဲပေါ့'

'ဘောစိမှ နည်းနည်းနောနောဘောစိ မဟုတ်ဘူး၊ U.A.C လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးရဲ့ တစ်ဦးတည်းသောသားတဲ့'

'ဟယ်… ဒါဆို စက်ရုံပိုင်ရှင်ရဲ့သားထက် ပိုသွားလို့ပေါ့'

'ဟုတ်မှာပေါ့၊ တို့ဘောစိကို ငြင်းလိုက်လို့ အံ့သြနေတာ၊ သူက ဒီ့ထက်ကြီးတာကို ဆွဲစေချင်လို့ကိုး'

'ဟုတ်လို့လားအေ၊ ညည်း ဘယ်လိုသိလဲ'

'ဟိုတစ်လောက ငါ့မောင်လေး ငါ့ကို လာကြိုတယ်မဟုတ်လား၊ ငါ့မောင်က အဲဒီစက်ရုံမှာ အလုပ်လုပ်နေတာ၊ သူနဲ့ ပက်ပင်းတွေ့လို့ နှုတ်ဆက်တော့ အကြောင်းကြောင်းလုပ်သွားတယ်တဲ့'

'ဟယ်… ဒါဆို အတိအကျပေါ့၊ မမာလာ ကံကောင်းတယ်နော်'

အကြောင်းစုံကြားသိရတော့ နုသွေး အံ့သြသလို သံသယလည်း ဝင်သွား၏။ ဒီကိစ္စ သူတို့အုပ်စုတောင် မသိသေး။ ကိုမျိုးကလည်း ဘာမှပြောမပြ။ အကယ်၍ ဟုတ်နေခဲ့လျှင် ဘာကြောင့်ဖုံးကွယ်ထားရသလဲ။ လူရိုးလူကောင်းဟုထင်ထားသော ကိုချမ်းအေးမှာ မြှုပ်



www.burmeseclassic.com

www.burmeseclassic.com



ကွက် ဘာတွေရှိနေလို့လဲ။ ဘက်ပေါင်းစုံမှတွေးရင်း မာလာ့အတွက် စိုးရိမ်လာရသည်။

'အင်း··· ဒီကိစ္စ ကိုမျိုးနဲ့တွေ့မှ သေချာမေးကြည့်ရမယ်'

မျိုးနွယ်နှင့်တွေ့မှ သေချာမေးမြန်းကြည့်မည်ဟု စိတ်ထဲတေး ထားပြီး ရောက်လာသောကားပေါ် တိုးဝှေ့တက်လာခဲ့တော့၏။

ထိုအချိန်မှာ ချမ်းအေးကတော့ ဒါတွေကို မသိသေးဘဲ ပျော်မြူးမာန်တက်နေရှာသည်။ အဖေတို့ အမေတို့ သဘောတူခွင့်ပြုလိုက်ပြီမို့ အနာဂတ်အရေးတွေးကာ ပီတိဖြာလျက်ရှိသည်။

'ကဲ··· သား မေမေတို့မှာ ဒီသားလေးတစ်ယောက်ပဲ ရှိတာနော်၊ သားတို့ မင်္ဂလာဆောင်ကို အကြီးအကျယ် အခမ်းနားဆုံးလုပ်ပေးမှာ သိလား'

'ဘာလဲ ဟိုရုပ်ရှင်မင်းသား မင်းသမီးစုံတွဲရဲ့ မင်္ဂလာဆောင်လို ခြောက်မျိုးလောက် လုပ်ပေးချင်တာလား'

'ဟာ··· မဖြစ်ဘူးလေ၊ သားတို့ ချမ်းသာတယ်ဆိုတာ သူမှ မသိတာ'

'ဟ··· တစ်မိသားနဲ့ တစ်မိသား ပေါင်းစပ်တာ တစ်ယောက်အကြောင်း တစ်ယောက် မသိလို့ဖြစ်မလား၊ ဟော့ကောင်··· မလည်ရှုပ်လုပ်မနေနဲ့နော်။ ခုကတည်းက မင်းဟာမင်း ကြိုရှင်းထား'

'ဟုတ်သားပဲ သားရယ်၊ အခြေအနေမှန်ကို ဖွင့်ပြောလိုက်တော့၊ ဒီကိစ္စ ကြာကြာဖုံးထားလို့ရတာမှ မဟုတ်တာ'

အဖေနှင့် အမေက စိုးရိမ်စွာ အားမလိုအားမရဖြစ်စွာ ပြောကြလေလေ ချမ်းအေး ရင်တွေ ပူလာလေဖြစ်နေ၏။ မျက်စိမျက်နှာ ပျက်ပျက်နှင့်···

'သူ··· သူက သားကို လူချမ်းသာမဟုတ်ဘူးထင်လို့ အဖြေပေးခဲ့တာ အမေရဲ့၊ သားတို့အဆင့်ကိုသာ သိသွားရင် သူ့အချစ်တွေ ပြန်ရုပ်သိမ်းသွားမှာ'





'မင်းကလည်းကွာ··· စစ်မရောက်ခင် မြားကုန်နေပြန်ပါပြီ၊ သူ့ကိုနဲ့သူ ရွှေဘုံပေါ်စံရမယ့်ကိစ္စ ဖွတ်တော့ခုန်ချမယ်မထင်ပါဘူးကွာ'

'ဟုတ်တယ်၊ အမှန်ဆို သားရဲ့ မိန်းကလေး ဝမ်းတောင်သာရဦးမှာ'

'ဟူး···'

ချမ်းအေးကတော့ ထိုသို့မထင်။ ပြောပြလိုက်လျှင် မာလာပေါက်ကွဲသွားလိမ့်မည်ဟု မှန်းဆသွေးပျက်လျက်ရှိနေ၏။

'ဘာမှသက်ပြင်းချမနေနဲ့ ငါ့သား၊ ရဲရဲသာ ရင်ဆိုင်လိုက်'

'ဟုတ်··· ဟုတ်ကဲ့'

ချမ်းအေး တွေတွေငေးငေးလေး စဉ်းစားနေသည်။ ဒီတစ်ခါ မာလာနှင့်ဆုံလျှင် ဘာတွေပြောရပါ့မလဲတွေးရင်း ရင်လေးလျက်ရှိတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ညနေခင်းသည် သာတောင့်သာယာရှိသော ရာသီဥတုကြောင့် လှပလျက်ရှိသည်။ ခြေခင်းလက်ခင်းသာသဖြင့် မြို့ထဲလမ်းမပေါ် ရှုပ်ထွေးစည်ကားနေလေ၏။ လမ်းဘေးဈေးသည်များနှင့် ပိတ်ဆို့နေသော လမ်းပေါ် တရွေ့ရွေ့တိုးဝှေ့သွားလာ ဝယ်ယူရတာကို ရန်ကုန်လူထုက အသားကျနှစ်မြိုက်နေကြပုံရသည်။

ထိုအထဲတွင် ချမ်းအေးနှင့် မာလာတို့လည်းပါ၏။ အိမ်ထောင်ပစ္စည်း ဝယ်ယူစုဆောင်းမည့်အစီအစဉ်ကို အကောင်အထည်ဖော်ကြဖို့ ဖြစ်သည်။ ချမ်းအေးအနေနှင့် ဤသို့ဝယ်ယူရန် မလိုအပ်သော်လည်း သာမန်လူတန်းစားဟု ပြောထားသဖြင့် ခုလိုဝယ်ယူစုဆောင်းကြတာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် အဖြစ်တစ်ခုသာ ဖြစ်၏။ ဒါကို ချမ်းအေးကိုယ်တိုင်လည်း စိတ်ပါလက်ပါနှင့် ကြည်ကြည်နူးနူးဖြစ်နေသည်။

ချမ်းအေး မာလာ့ကို ယှဉ်လို့မရတာက ဈေးဝယ်သည့်ပညာရပ်တွင် ဖြစ်သည်။ နှစ်ယောက်လုံး မျက်စိတွေ သဘောကျနေတာက လက်ဆွဲသေတ္တာဂက်(စ)မီးဖိုလေး ဖြစ်သည်။ ဈေးမေးကြည့်တော့ သောင်းနှစ်ထောင်မှ နှစ်သောင်းအထိ အမျိုးအစားများစွာ ရှိနေ၏။ သေသပ်မှုတော့ ကွာခြားသည်။ နှစ်သောင်းတန်ကို သောင်းနှစ်ထောင် ရမလားဟု မာလာ ဆစ်တော့ ချမ်းအေး မျက်နှာပျက်ပြီး ချွေးပျံသွား၏။





'မရဘူး အစ်မ၊ ဒါက ယိုးဒယား၊ အဲလောက်ဈေးနဲ့က ချိုင်းနားမိတ်ပဲ ရမယ်'

မာလာက အားမနာ ပါးမနာ ထထွက်သွား၏။ ဈေးသည်က အစ်မ… အစ်မ တစ်သောင်းခွဲရမယ်ဟု တစာစာလှမ်းအော်ပြောနေသည်။ မာလာက လုံးဝလှည့်မကြည့်တော့။ ချမ်းအေး မျက်နှာတွေ ပူလာသည်။

'မာလာကလည်း တစ်သောင်းခွဲဆို တန်ပါတယ်၊ ဝယ်လိုက်တာမဟုတ်ဘူး'

'အို… ကိုချမ်းကလည်း တကယ်ဝယ်မယ်ဆို အနည်းဆုံး နှစ်ဆိုင် သုံးဆိုင်ဝင်ကြည့်ရတယ်၊ အဲဒါမှ ပစ္စည်းမှန် ဈေးမှန်ရတာ'

သူမ ကျွမ်းသောကိစ္စမို့ ချမ်းအေး စောဒကမတက်တော့။ မာလာသွားရာနောက် တကောက်ကောက်လိုက်နေရသည်။ မာလာထိုင်လျှင် သူလည်းထိုင်၊ မာလာထလျှင် သူလည်း ထ၏။ ဤသို့နှင့် ခြေတစ်ညောင်းလျှောက်ပြီးသောအခါ မာလာကြိုက်သော သေသပ်သည့် ဂက်(စ)မီးဖိုသေတ္တာလေးကို သောင်းလေးထောင်နှင့် ရခဲ့တော့သည်။

နောက်ထပ် လက်ဆွဲဂျပ်ဘူးနှင့်ဆင့်၍ ထည့်ထားသော စတီးအိုးငါးလုံးတွဲကို မျက်စိကျပြန်သည်။ ရှေးနည်းအတိုင်း သုံး၊ လေးဆိုင်ဈေးမေးပြီး ခြေသလုံးတောင့်အောင် လျှောက်ပြီးမှ သောင်းနှစ်ထောင်နှင့် စတီးအိုးငါးလုံးတွဲကို ရလာခဲ့၏။ ချမ်းအေး မာလာ့ကို လက်ဖျားခါသွားခဲ့သည်။

ဆူးလေမီးသတ်ရှေ့ ဆိုင်တန်းများတွင် အညောင်းပြေနားရင်း ရခိုင်မုန့်တီနှင့် အသုပ်စားကြ၏။ တကယ်တော့ ဒီလိုလမ်းဘေးဆိုင်များတွင် ချမ်းအေး တစ်ခါမှ ထိုင်မစားဖူးချေ။

'ဒီလတော့ ဂက်(စ)မီးဖိုရယ်၊ စတီးအိုးတွေရယ် ရပြီ၊ နောက်လကျမှ အလူမီနီယံကြောင်အိမ်တစ်လုံး ဝယ်ရမယ်၊ ကောင်းသားဟင် ကိုချမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ် မာလာ၊ မာလာ့သဘော၊ မာလာ့သဘော'

'ဟင်း… ဟင်း… ဟင်း… ခစ်… ခစ်… ခစ်…'

အသြောင်းပြေ အသုပ်စား ဘေးဆိုင်မှ သံပရာရည်မှာသောက်နှင့် နားနေခိုက် ချမ်းအေးက သူ့ဘဝကို လှစ်ဟပြဖို့ ကြံရွယ်သော်လည်း ကြည်နူးနေသော မာလာ့မျက်နှာလေးမြင်ပြီး ပြောမထွက်ဖြစ်နေ၏။

'ကိုချမ်း မာလာ တစ်ခုစဉ်းစားမိတယ် သိလား'

'ပြော မာလာ'

'အခု မာလာတို့က မင်္ဂလာဆောင်ဖို့ကုန်ကျစရိတ် ထည့်တွက်စရာမလိုတော့ဘူး မဟုတ်လား'

'အင်းလေ… ကိုယ့်မိဘတွေက တာဝန်ယူမှာပဲဟာ'

'ဒီတော့ နေရေးအတွက် အိမ်ငှားမနေနဲ့တော့၊ ကိုချမ်း မာလာ့အိမ်မှာပဲ လိုက်နေ။ အိမ်ငှားလို့ ကုန်မယ့်ပိုက်ဆံကို ရွှေလေးတစ်မတ်သားလောက် ဝယ်စုလိုက်'

'မာလာ့အိမ်လိုက်နေလို့ ဖြစ်ပါ့မလား၊ မောင်နှမနှစ်ယောက် အမွေဆိုင်အိမ်ဆိုတော့ မာလာ့အစ်ကိုက သဘောတူပါ့မလား'

'ဘာလို့သဘောမတူရမှာလဲ၊ အမွေဆိုင်ဆိုပေမယ့် လုံးဝမရောင်းနိုင်ဘူး၊ သူလည်းနေ ကိုယ်လည်းနေပေါ့၊ အခြေအနေအရ လာမနေနိုင်ရင်လည်း အမွေစကား လာမပြောနဲ့၊ ဒါပဲ'

'ကိုင်း… သဘောဗျာ၊ သဘော၊ သဘော'

'ဟင်း… ဟင်း…. ဟင်း… ကိုချမ်းကလည်း သဘောချည်းပဲ၊ ကိုချမ်းဆန္ဒလည်း ပြောဦးလေ'

'အခု မာလာစီစဉ်တာတွေကလည်း ကောင်းတာတွေပဲမဟုတ်လား၊ ကောင်းတာလုပ်တဲ့ကိစ္စ ကန့်ကွက်စရာမှမရှိတာ၊ တကယ်လို့ မာလာစီစဉ်တာ လမ်းလွဲနေရင် ကိုယ်ဝင်ပြောမှာပေါ့၊ တည့်မတ်ပေးမှာပေါ့'





'ဒါဆို ပြီးရော၊ ပြီးရော'

နှစ်ယောက်တွဲ အနာဂတ်ရေးကို တစ်ယောက်တည်းစိတ်ကြိုက် စီမံကွပ်ကဲခွင့်ရနေသဖြင့် မာလာ လန်းဆန်းတက်ကြွနေလေ၏။

'မာလာ'

'ရှင် ပြောလေ ကိုချမ်း'

'မာလာ့ကြည့်ရတာ အတော်ပျော်နေပုံပဲနော်'

'ပျော်တာပေါ့ ကိုချမ်းရယ်၊ ဘဝသစ်တစ်ခုတည်ဆောက်ဖို့ ကိုယ့်ချစ်သူနဲ့အတူ အခုလို ဒိုးတူပေါင်ဖက် ကြိုးစားအားထုတ်ရတာ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ၊ ကိုချမ်းရော မပျော်ဘူးလားဟင်'

'ပျော်တာပေါ့ မာလာ၊ ဒါပေမဲ့ အခုလို လိုအပ်တာတွေကို လက်လီစိတ်ဝယ်နေရတာ အားမရဘူး၊ လိုချင်တာ စာရင်းပြုစုပြီး တစ်ခါတည်း တစ်ရက်တည်းနဲ့ အပြီးအပြည့်အစုံ ဝယ်ပစ်လိုက်ချင်တာ'

'သြော်… ကိုချမ်းက သူဌေးမို့လို့လား'

'ဟယ်… သူဌေး၊ သူဌေးက လမ်းဘေးဆိုင်မှာ လာစားနေတယ်၊ ဟုတ်လား'

ရုတ်တရက် နှုတ်ဆက်လာသောအသံကြောင့် ချမ်းအေး တုန်တက်သွားအောင် လန့်သွားပြီး ပျာပျာသလဲ မော့ကြည့်လိုက်၏။ လျှပ်စစ်ပစ္စည်းအရောင်းစာရေးမလေး ဖြူပြာနှင့် မိချော်တို့နှစ်ယောက်ကို တွေ့ရသည်။ သူ ဘယ်လိုဖြေရှင်းရမှန်း မသိ။ မာလာကလည်း ချမ်းအေးနှင့် ကောင်မလေးနှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း အကဲခတ်နေခဲ့ပြီ။ သူ လုံလောက်သော ဖြေရှင်းချက်ကို ပေးမှဖြစ်တော့မည်။

'အမ်ယ်… ဘယ်သူတွေလဲလို့ မိချော်နဲ့ ဖြူပြာပါလား၊ အလုပ်ပိတ်ရက် မြို့ထဲမှာ လျှောက်ပွေးနေတယ်ပေါ့လေ၊ ဟုတ်လား'

'အဟဲ… ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဖြူပြာတို့ ချမ်းအေးနှင့် စကားပြောနေသော်လည်း အကြည့်များက မာလာ့ထံသို့ ရောက်နေကြ၏။ မိတ်ဆက်ပေးမှ ဖြစ်တော့မည်မို့…

'အဟင်း… သူက မာလာသိန်းတန်တဲ့၊ ငါ့ဖနီးလောင်းလေ'

'ဟယ်… ဟုတ်လား၊ အရမ်းချောတာပဲ၊ သူဌေးကရွေးတတ်သားပဲ'

'ငါ့ကို သူဌေး သူဌေးနဲ့ မခေါ်စမ်းပါနဲ့ဟာ၊ မာလာရေ… ကိုယ်တို့စက်ရုံအရောင်းဆိုင်က ဝန်ထမ်းတွေလေ၊ ဖြူပြာနဲ့ မိချောတဲ့'

မာလာက ဖြူပြာတို့ကို နှစ်လိုဖွယ် ပြုံးပြ၏။

'ကဲ… ညည်းတို့ စပ်စုချင်တာ ဒါပဲမဟုတ်လား၊ သိချင်တာ သိရပြီဆိုရင် သွားတော့၊ မနှောင့်ယှက်နဲ့၊ ဝင်လိုက်လိမ့်မယ်၊ သွားကြ၊ မနက်ဖြန် အလုပ်ပျက်လို့မရဘူးနော်'

'ဟုတ်… ဟုတ်ကဲ့ မမ ခွင့်ပြုပါဦးနော်'

'ကောင်းပါပြီကွယ်'

ဖြူပြာနှင့် မိချော အထွန့်မတက်ဘဲ ထွက်သွားကြမှ ချမ်းအေး သက်ပြင်းခိုးရှိုက်ရ၏။ မာလာကို အကဲခတ်တော့ မသက်သာဖြစ်သော အမူအရာမျိုး မတွေ့ရသဖြင့် စိတ်အေးမည်ကြံ့ကာရှိသေး…

'ကိုချမ်းတို့အလုပ်က လူတွေကလည်း ကိုချမ်းကို ဘာလို့ သူဌေး သူဌေးလို့ ခေါ်ကြတာလဲ၊ ဟိုတစ်ခါ မှတ်တိုင်မှာတွေ့တဲ့ ကောင်လေးကလည်း ဘောစိတဲ့'

'အဲ… ဒါက ဒီလိုပါ မာလာရယ်၊ ကိုယ်က ငယ်မွေးခြံပေါက် လူယုံလိုဖြစ်နေတာမဟုတ်လား၊ သူဌေးကြီးလင်မယားကလည်း ကိုယ့်ကို ယုံကြည်စိတ်ချတယ်၊ ချစ်လည်း ချစ်ကြတယ်၊ အဲဒါကြောင့်ပါ'

'အင်း… ဒါဆိုရင်တော့ အဲဒီသူဌေးလင်မယားမှာ သမီးရှိလို့ပဲဖြစ်ရမယ်'





'ဟား… ဟား… ဟား… လုပ်ပြီ မာလာရယ်၊ သူတို့မှာ သားသမီး လုံးဝမထွန်းကားဘူး၊ အဲဒါကြောင့် ကိုယ့်ကိုချစ်နေကြတာပဲဖြစ်မှာ'

'ဒီလိုဆိုရင်တော့ တော်ပါသေးရဲ့၊ ဒါနဲ့ ကိုယ့်အမေက တော်တော်ချောတယ်နော်'

'ဒါကို ခုမှသိလား မာလာရဲ့၊ သားကိုမြင်တာနဲ့ အမေချောမယ်ဆိုတာ သိပြီးသားဖြစ်ရမှာပေါ့'

'အမယ်လေး… ဒီရုပ်ကြီးများ'

'ခုမှ တော်ကီတွေမပြောင်းနဲ့လေ၊ အဖြေပေးတဲ့နေ့တုန်းက ပြောတော့ မရှက်တမ်းဝန်ခံရရင် ရင်ခုန်မိပါတယ်ဆို'

'ဟယ်… ကြည့်စမ်း၊ ဒါတွေ သူ လုံးဝမမေ့ဘူး၊ ရှက်လိုက်တာ တကယ်ပဲ'

'ရှက်တဲ့မျက်နှာလေး ဒဏ်ပေးချင်လို့ ရုပ်ရှင်ရုံထဲသွားရအောင်၊ လာ'

'မလိုက်ဘူး'

သူဌေးကိစ္စ ဘောစိကိစ္စက ဒီမျှလောက်နှင့်ပြီးသွား၍ ချမ်းအေး ချွေးစို့နေခြင်းမှ သက်သာရာရသွား၏။ ဒီနေ့တော့ သူ့ဘဝအမှန်ကို ပြောပြလို့မဖြစ်တော့တာလည်း သဘောပေါက်သွားရသည်လေ။

❋ ❋ ❋

ကုန်စည်သစ်နှစ်မျိုးဖြစ်သော ဓာတ်ခဲခြောက်အားသွင်းစက်နှင့် LCD မီးအိမ် ဒီဇိုင်းအသစ်ကြော်ငြာပန်းဖလက်အသစ်များ ပုံနှိပ်ဖို့ ချမ်းအေး ပြင်ဆင်နေ၏။ ကုန်စည်ဓာတ်ပုံများကို ကွန်ပျူတာထဲထည့် ဒီဇိုင်းလေးလုပ်နေခိုက် ဝန်ထမ်းကောင်လေးတစ်ယောက် ရှေ့သည် လာသည်ဟု အကြောင်းကြားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရုံးခန်းထဲ လွှတ်လိုက်ကွာ'

'ဟုတ်ကဲ့ ဘော့(စ်)'

ဝန်ထမ်းလေး ထွက်သွားပြီး စက္ကန့်သုံးဆယ်အကြာတွင် အခန်းထဲသို့ မျိုးနွယ် ဝင်လာ၏။ ဖုန်းမဆက်ဘဲ လူကိုယ်တိုင်ပေါက်ချလာသဖြင့် ချမ်းအေး အံ့သြသွားသည်။

'ဟာ… မျိုးနွယ် လာ၊ ထိုင်ကွာ၊ ဆိုင်းမဆင့် ဗုံဆင့် ဘာကိတ်လဲ'

'ကျိုင်တော်တော်ပူနေပြီကွ'

'ပြန်ပတ်ပေးရမှာလား၊ ထားခဲ့လေကွာ၊ အမြန်ဆုံးလုပ်ပေးမယ်'

'ဟော့ကောင်… နောက်မနေနဲ့၊ မင်းကိစ္စ ကျိုင်ပူတာ၊ တစ်နေ့က နုသွေးနဲ့ ငါတွေ့တယ်'

မျိုးနွယ်က နုသွေးပြောသမျှ ပြန်ပြောပြလိုက်သောအခါ ချမ်းအေးမျက်နှာ ဆီးရွက်လောက်သာ ကျန်တော့၏။ ရုတ်ခြည်းဆိုသလို မှိုင်တွေကျသွားခဲ့သည်။ မျိုးနွယ်ကို အားကိုးတကြီးကြည့်လိုက်ရင်း…

'အဲဒီတော့ နုသွေးကို မင်း ဘယ်လိုရှင်းပြလိုက်လဲ'

'အကုန်သိနေပြီဆိုတော့ အမှန်အတိုင်းပဲ ပြောပြလိုက်ရတာပေါ့'

'ဟာကွာ… မင်းကလည်း ဒါဆို မာလာ သိသွားတော့မှာပေါ့'

'အဲဒီတော့ မပူပါနဲ့ကွာ၊ ငါ သေချာပိတ်ထားပါတယ်၊ လုံးဝမပြောဖို့ကိုပေါ့၊ ဒါပေမဲ့ သူတို့စက်ရုံမှာ သိတဲ့လူက သုံး၊ လေးယောက်မကဘူးကွ'

'ဟူး… တော်ပါသေးရဲ့၊ သူများပြောတာ ရှင်းလို့ရတယ်ကွ၊ နုသွေးပြောရင် တကယ်ရှင်းမထိဖြစ်မှာ'

'ဒီလောက်တော့ ငါသိပါတယ်ကွာ'





'နုသွေးက ဘာပြောလဲ'

'မင်းဘဝကိုသိတော့ မာလာ့အတွက် ဝမ်းသာတာပေါ့ကွာ၊ ဒါပေမဲ့ ဘာလို့ဟန်ဆောင်ရတာလဲ၊ မာလာက စိတ်ကြီးတယ်လို့တော့ ပြောတယ်၊ အဲဒါ မင်းလည်း ဖွင့်ပြောလိုက်တော့၊ သူများပြောမှ သိတာထက်စာရင် မင်းကိုယ်တိုင်ပြောတာက သူ့အတွက် ပိုကောင်းလိမ့်မယ်၊ သဘောပေါက်လား'

'အေးပါကွာ'

အခြေအနေက ချမ်းအေး၏ဘဝမှန်ကို မပြောလျှင် မဖြစ်တော့သည့်အနေအထားသို့ ရောက်နေခဲ့ပြီ။

'မင်းတို့အားလုံး အများဆုံး တစ်လလောက်တော့ နှုတ်လုံပေးကြပါကွာ၊ ငါ ဒီကြားထဲ မဖြစ်မနေအသိပေးလိုက်ပါ့မယ်'

'အဲဒါ အကောင်းဆုံးပဲ သူငယ်ချင်း'

* * *

တစ်ရက်တွင် မာလာက ပရိဘောဂဆိုင်တစ်ဆိုင်ဝင်ပြီး သင့်တင့်သော သစ်သားဆက်တီဈေး မေးကြည့်ချင်သည်ပြော၍ အဆင်ပြေအောင် စီစဉ်ပေးရ၏။ ချမ်းအေးကတော့ မဝယ်ဘဲ ဈေးမေးမည်ဆိုတော့ အင်တင်တင်ဖြစ်နေခဲ့သည်။ သို့သော် ချစ်သူမျက်နှာ ညှိုမှာစိုး၍ ရှေ့မျက်နှာ နောက်ထားပြီး လိုက်လျောခဲ့ရပြန်သည်။

'ဒါလေး မကောင်းဘူးလား ကိုချမ်း'

'ကောင်းတော့ ကောင်းသားပဲ၊ ဒါပေမဲ့ နည်းနည်းသေးသလားလို့'

'အို… ကိုချမ်းကလည်း ထိုင်လို့ရ ပြီးတာပဲ၊ မာလာတို့အိမ်က ကျဉ်းတယ်လေ၊ ဒီလောက်ပဲ ထားလို့ရမှာ၊ ဒါကြောင့် သေးတဲ့ဆက်တီ တမင်ရွေးထားတာ'



www.burmeseclassic.com

www.burmeseclassic.com



'သဘောဗျာ၊ သဘော'

'ဟင်း… ဟင်း… ဟင်း…'

'ဟာ… ကိုချမ်းအေး'

ခေါ်သံကြောင့် လှည့်ကြည့်တော့ လုပ်ငန်းရှင် ကိုသက်ဆွေကို တွေ့လိုက်ရ၍ ချမ်းအေး ခေါင်းနပန်းကြီးသွား၏။ ခုမှ ရှောင်သွား၍လည်း မကောင်းတော့။

'သြော်… ကိုသက်ဆွေပါလား'

'ဟုတ်ကဲ့… စက်ရုံအတွက် စားပွဲနဲ့ ကုလားထိုင်တွေလိုလို့ အော်ဒါလာမှာတာ၊ ဒါနဲ့…'

ကိုသက်ဆွေ၏ အကြည့်က မာလာ့ထံတွင် ဝဲဝဲနေသဖြင့် မဖြစ်မနေ မိတ်ဆက်ပေးလိုက်ရပြန်သည်။

'သူက မာလာသိန်းတန်ပါ၊ ကျွန်တော့်လက်တွဲဖော်ပေါ့၊ မာလာ သူက ကိုသက်ဆွေတဲ့၊ မိတ်ဆွေတစ်ယောက်ပါပဲ'

'ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

'ဝမ်းသာပါတယ်ဗျာ၊ ကွန်ဂရက်ကျူလေးရှင်းပါပဲ ကိုချမ်းအေး၊ တကယ့်ကို နေနဲ့လ ရွှေနဲ့မြပါပဲ။ ဒါနဲ့ အိမ်ထောင်ပစ္စည်းတွေ လာကြည့်ကြတာလား'

'အဟင်း… ဆိုပါတော့'

'ကိုချမ်းအေးကလည်း ကပ်စေးနဲလိုက်တာဗျာ၊ အဟင်း… တစ်သက်မှာ တစ်ခါကြုံရတဲ့ဟာကို ရှယ်တွေလုပ်မှပေါ့၊ ဘာလို့ ရပ်ကွက်ထဲကဆိုင်မှာ လာကြည့်နေရတာလဲ'

'ဗျာ… အဲ… ဟိုဒင်း…'

'သဘောပေါက်ပါပြီဗျာ၊ ဒီလို စိစစ်ချွေတာလို့လည်း ကိုကိုတက် ချမ်းသာနေကြတာကိုးဗျ၊ ဟဲ… ဟဲ… ဦးအောင်ချမ်းနဲ့ ဒေါ်နန်းကြိုင်လည်း ချွေးမချောအတွက် ဂုဏ်ယူနေကြမှာပဲပေါ့'

'ကိုသက်ဆွေ'





ကိုသက်ဆွေက စကားအပြတ်မခံဘဲ အားပါးတရဆက်ပြောနေ၏။

မာလာက သူ့ကို ဇဝေဇဝါအကြည့်များနှင့် ကြည့်နေခဲ့ပြီ။ ချမ်းအေးမှာတော့ မိုးကြိုးအပစ်ခံရသလို ဖြစ်သွားရ၏။

'မင်္ဂလာဆောင်တော့ ဖိတ်ဖြစ်အောင်ဖိတ်နော်၊ ဆီဒိုးနားမှာပဲ လုပ်မှာမဟုတ်လား'

'ဟုတ်… ဟုတ်ကဲ့ ဖိတ်ပါ့မယ်ဗျာ၊ ကဲ… သွားမယ်နော်'

အတင်းစကားဖြတ်ပြီး မာလာ့ကိုခေါ်၍ ထွက်လာခဲ့ကြသည်။ မာလာ့လက်ကို ဆုပ်ကိုင်ထားသောလက်များ ချွေးစေးတို့နှင့် စေးထန်းနေလေ၏။ ဆိုင်မှ ခပ်လှမ်းလှမ်းသို့အရောက်တွင် မာလာက သူ့လက်ကို ဆောင့်ရုန်းလိုက်သည်။ ချမ်းအေး မာလာ့ကို အလန့်တကြားကြည့်မိ၏။ မာလာ့အကြည့်တွေက တင်းမာခက်ထန်နေခဲ့ပြီ။

'ကျွန်မ နားလည်အောင် ရှင်းပြဖို့တော့ လိုမယ်ထင်တယ် ကိုချမ်းအေး'

'ဟုတ်… ဟုတ်ပါပြီ မာလာရယ်၊ ဒီမှာပြောလို့တော့ မကောင်းပါဘူး၊ ဟို… ဟိုရှေ့ဆိုင်လေးမှာ ခဏထိုင်ရင်း ရှင်းပြပါရစေ မာလာရယ်၊ နော်'

မာလာက ဘောက်ဆတ်ဆတ်နှင့် ထိုဆိုင်သို့ ဦးတည်သွားနေသဖြင့် ချမ်းအေး အပြေးလိုက်သွားရသည်။ ဆိုင်ထဲဝင်မိတော့…

'ဘာသောက်မလဲ မာလာ'

'ကျွန်မအတွက် ဘာမှမမှာနဲ့'

ဒီအခြေအနေမှာ ထပ်ကွန့်လည်း ဘာမှထူးမှာမဟုတ်၍ စပါကလင်တစ်လုံသာမှာရင်း ရှင်းပြဖို့စကားလုံး ရွေးနေလိုက်၏။

'ကဲ… ရှင့်ဘဝအမှန်က ဘာလဲ'

'ကိုယ်ဟာ လုပ်ငန်းရှင် ဦးအောင်ချမ်းနဲ့ ဒေါ်နန်းကြိုင်တို့ရဲ့ တစ်သီးတည်းသောသားဆိုတာ တကယ့်အစစ်အမှန်ပါ မာလာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ရှင့်ကို သူဌေးတို့ ဘောစိတို့ခေါ်နေကြတာက နောက်တာမဟုတ်ဘူးပေါ့၊ တကယ့်သူဌေးပေါ့'

'ဟုတ်ပါတယ် မာလာ'

'အဲလို ဖုံးကွယ်ရတဲ့ကြောင်းရင်းက'

'ဟို… ကိုယ်တို့ဆုံစည်းမှုက နာရေးကူညီမှုအသင်းသား တစ်ယောက်အနေနဲ့ မဟုတ်လား၊ အမှန်ကိုပြောရင် ယုံနိုင်စရာမရှိဘူး ထင်လို့ပါ၊ ပြီးတော့ မာလာ့အတွေးအမြင်ထဲမှာ ချမ်းသာတဲ့သူတွေကို သိပ်အယုံအကြည်မရှိတာတွေ တွေ့ရလို့ ခင်မင်ခွင့်မရမှာစိုးလို့ မပြောဘဲထားရင်းက ခုလို…'

'ဒါဆို ဘုန်းကြီးကျောင်းကို လိုက်တွေ့ရတဲ့ ရှင့်အဖေနဲ့ အမေကရော အစစ်တွေပဲလား၊ ပြောပါဦး'

'မာလာ လိုက်တွေ့ခဲ့တာ ကိုယ့်မိဘအရင်းတွေပါ'

'ဒါဆို တစ်မျိုးလုံး တစ်ဆွေလုံး ဝိုင်းလိမ်နေကြတာပေါ့၊ ဟုတ်လား'

'အဲလိုတော့ မပြောပါနဲ့ မာလာရယ်၊ မာလာ့အချစ်ကို ရပြီးတဲ့နောက် အမေက တွေ့ချင်တယ်၊ အိမ်ခေါ်ခဲ့ ဖွင့်ပြောနေတာလေ၊ အိမ်ခေါ်လာရင် ကိုယ် အမှန်အတိုင်းမပြောခဲ့တာကို မာလာ ချက်ချင်းသိသွားမှာပေါ့။ အဖေနဲ့ အမေကလည်း အရမ်းတွေ့ချင်နေတော့ ကိုယ်လည်း ကြံရာမရဖြစ်ပြီး ခုလို စီစဉ်ခဲ့မိတာပါ'

'ကျွန်မကပဲ ကျေးဇူးတင်ရဦးမလို ဖြစ်နေပါလား'

'ချမ်းသာတာကို ထိန်ဝှက်ထားမိတာကလွဲပြီး ကျန်တာတွေ အားလုံး အစစ်အမှန်တွေပါ မာလာရယ်၊ ကိုယ်တောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့နော်'

'အိမ်ထောင်ပစ္စည်းတွေ ဝယ်စုတာကိုလည်း ရှင်က အပျော်လိုက်လုပ်နေတာပေါ့လေ၊ ဟုတ်လား၊ ကျွန်မမှာတော့ အဟုတ်ကြီးမှတ်လို့၊ ရှက်ဖို့ကောင်းလိုက်တာရှင်'





'အပျော်လုပ်တာ မဟုတ်ပါဘူး မာလာ၊ ကိုယ့်ရင်ထဲက တကယ့်စိတ်ရင်းနဲ့ နှစ်ယောက်တစ်ဘဝ ထူထောင်ဖို့ ကြည်ကြည်နူးနူး လုပ်ခဲ့တာပါ'

'တော်ပါတော့ရှင်၊ ကျွန်မ တကယ်ခံစားရတယ်၊ စကတည်းက ကျွန်မ ပြောခဲ့သားပဲ၊ ကွာဟလွန်းတဲ့အခြေအနေမျိုးကို သဘောမကျဘူးလို့၊ စက်ရုံပိုင်ရှင်ရဲ့သားကိုတောင် ငြင်းခဲ့တာလေ'

'ကိုယ်သိပါတယ် မာလာ၊ အဲဒါကြောင့် ပိုပြီးစိုးရိမ်သွားတာ၊ ကိုယ်လည်း သူဌေးပဲဆိုတာသိရင် တုံ့ပြန်မေတ္တာကို မရမှာသိပ်ကြောက်ခဲ့လို့လေ'

'အပြောကောင်းပေမယ့် ကျွန်မ မယုံချင်တော့ဘူး၊ U.A.C ရဲ့လုပ်ငန်း ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ဂျာနယ်တွေထဲမှာ တွေ့နေရသားပဲ၊ ရှင်နဲ့ ကျွန်မကြားက ကွာဟချက်က သိပ်ကိုကြီးမားနေတယ်၊ အဲဒီလောက် ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲဝင်ဖို့ ကျွန်မမှာ အယုံအကြည်မရှိဘူး၊ အားလုံးကို အစကပြန်စဉ်းစားရမယ်'

'မာလာရယ်… ချမ်းသာတာက သိပ်ကြီးမားတဲ့ အပြစ်တစ်ခုလား'

'ချမ်းသာတာက အပြစ်မဟုတ်ဘူး၊ ရှင်လိမ်ခဲ့တာက အပြစ်'

'ကိုယ်ပြောပြီးပြီပဲ၊ မာလာရဲ့အချစ်ကို မရမှာစိုးလို့ပါ၊ ဒီလောက်ထိ စိတ်မဆိုးပါနဲ့ မာလာရယ်၊ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါနော်'

မာလာက မျက်နှာထားတင်းတင်း၊ ခေါင်းတယမ်းယမ်းနှင့် ရှိနေသည်။ မာလာ့ကိုကြည့်ရင်း ချမ်းအေး သွေးပျက်စပြုလာ၏။

'ကျွန်မကို အချိန်ပေးပါ ကိုချမ်းအေး၊ တစ်ကနေပြန်စပြီး စဉ်းစားပါရစေ၊ ကဲ… ခွင့်ပြုပါဦး'

မာလာ ထရပ်လိုက်သဖြင့် ချမ်းအေးလည်း ကယောင်ကတမ်း ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မာလာ'

'ဒီမယ် ကိုချမ်းအေး၊ ရှင် နေခဲ့ပါ၊ လိုက်လာလို့ အရှက်တကွဲ ဖြစ်ရင် ကျွန်မအသိုးမဆိုနဲ့'

မာလာက ပြောပြီး ပြေးထွက်သွားသဖြင့် ချမ်းအေးက စိတ်ပျက်လက်ပျက် ပြန်ထိုင်လိုက်ရသည်။ မာလာ ဒီလောက်စိတ်ကြီးမည်ဟု သူ ထင်မထားခဲ့တာက အမှားတစ်ခုဖြစ်ခဲ့ပြီ။ ခုမှ ချမ်းအေးဘဝက အင်အားပြင်းလျှင်လှုပ်၊ ဆူနာမီရေလှိုင်းတွေရိုက်ပြီးမှ နယူကလီယာစတ်ပေါင်းဖိုပါ ပေါက်ကွဲသည့် ဂျပန်ပြည်သို့ အရှင်လတ်လတ်ရောက်နေရသူလို ဖြစ်ခဲ့ရပြီ။

* * *



## အခန်း (၁၁)

ကျယ်ဝန်းခမ်းနား ကြီးမားလှသည့် တိုက်အိမ်ကြီးအတွင်း ငြိမ်သက်တိတ်ဆိတ်မှုက လွှမ်းမိုးနေ၏။ အသေအချာနားစွင့်ပါမှ တိုင်ကပ်နာရီ၏ စက္ကန့်ရွေ့လျားသံတချပ်ချပ်ကို သဲ့သဲ့မျှကြားရသည်။ ထို တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်က ချမ်းအေး၏ သက်ပြင်းချသံသာ ဖြစ်၏။

'မင်းဟာကလည်း မဟုတ်သေးပါဘူးကွာ၊ ဒီကိစ္စ ဒီလောက် ထိဖြစ်စရာ လိုလို့လား'

'ဟုတ်သားပဲ သားရယ်၊ တကယ်ဆို မိန်းကလေးက ဝမ်းသာရမှာ'

'မညီမျှတဲ့ အသိုင်းအဝိုင်းထဲဝင်ဖို့ အယုံအကြည်မရှိဘူးတဲ့ အမေ၊ ပြီးတော့လည်း သားတို့ချမ်းသာတာက ပြဿနာမဟုတ်ဘူး၊ လိမ်သလိုဖြစ်သွားတာကို သူခံစားသွားရတာ'

'အခု မင်း ဘာဆက်လုပ်မလဲ'

'သူငယ်ချင်းအသိုင်းအဝိုင်းကတစ်ဆင့် နားချဖို့ကြိုးစားနေတယ် အမေ'

'အောက်ကျလိုက်တာကွာ'

'မိန်းမ မရှားပါဘူး သားရယ်'



www.burmeseclassic.com

www.burmeseclassic.com

'အချစ်မပါဘဲ လက်မထပ်ချင်ဘူး မေမေ၊ သား သူ့ကို သိပ်ချစ်တယ်'

ချမ်းအေး၏ အက်ကွဲရှတသော ရင်ကွဲသံစကားကြောင့် အဖေနှင့် အမေ ငိုင်သွားကြသည်။ သား ခံစားဖြစ်ပျက်နေပုံကို မချိတင်ကဲ ကြည့်ရင်း…

'ဟင်း… အမေတို့လည်း ကလေးမလေးကို မျက်စိတွေ့ သဘောကျပါတယ် သားရယ်၊ ငွေမက်တဲ့ဟာသာဆို အဲလိုသိတာနဲ့ ဆတ်စလူးခါပြီး တက်လာမှာ'

'သဘောကျမနေနဲ့၊ ဟိုက ဒေါပွနေတာ'

'ကဲပါ သားရယ်၊ သားကလည်း သူမှသူဆိုရင်တော့ သွားပြီး တော့သာ တောင်းပန်ပေတော့'

'ဟုတ်ကဲ့ အဲလိုပဲ လုပ်ရတော့မှာပေါ့'

အဖေနှင့် အမေ စိတ်ပျက်လက်ပျက်နှင့် ထသွားကြ၏။ ချမ်းအေးသာ ခွေခေါက်ပျော့ဖတ်၍ ကျန်ခဲ့သည်။ မချစ်ဖူးသော အချစ်ရူးမို့ အဖြစ်ထူးနှင့်ကြုံတွေ့ပြီး သေလုမျောပါး ခံစားနေရ၏။ ရင်ကွဲမတတ် ဝေဒနာတွေနှင့် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေလေရာ အလုပ်လုပ်ဖို့ပင် စိတ်မပါတော့။

❋ ❋ ❋

'ကျွန်မလည်း ပြောချင်ဇောကြီးပြီး စကားမှားသွားတာ ဒုက္ခပါပဲရှင်'

'ပြဿနာတက်နေပါတယ်ဆိုမှ ထပ်ပြီးကုန်းချောသလိုဖြစ်သွားတော့တာပေါ့၊ သွားပြီ၊ အဲဒါ ဘယ်လိုမှရှင်းမထိတော့ဘူး နုသွေး'

'ဟုတ်ပါတယ် ကိုမျိုးရယ်၊ နုသွေး မှားတာပါ၊ ဘာ… ဘာလုပ်ပေးရမလဲဟင်'

မာလာက နုသွေးကို ဖွင့်ဟတိုင်ပင်သဖြင့် နုသွေးလည်း မျိုးနွယ်ထံမှ သိထားသမျှ စက်ရုံမှ မိန်းကလေးတချို့၏ ပြောဆိုမှုများ





ကို အားပါးတရ ဖောက်သည်ချမိသည်ဟု ဆို၏။ ထိုအထဲတွင် ချမ်းသာမှုကိုဖွင့်ပြောပြီး ချစ်ရေးဆိုပါက အချစ်စစ်ကို မရနိုင်ဟူသော စကားလည်းပါသွားသည်ဟု ရှင်းပြသည်။ ထိုစကားကြားမှ သူ့မေတ္တာကို စော်ကားရမလားဟု အကြီးအကျယ်ပေါက်ကွဲကာ နုသွေးမှ တစ်ဆင့် ချမ်းအေးအတွက် ဖြတ်စာရေးပေးလိုက်တော့၏။

ချမ်းအေးအတွက်တော့ ရှေ့နေဆောင်မှ တစ်သက်တစ်ကျွန်း ကျသည့်ကိန်း ဆိုက်ခဲ့သည်။ အားကိုးရပြီအမှတ်နှင့် ကြိုးကိုလှမ်းဆွဲကာမှ ကြိုးမဟုတ်ဘဲ မြွေဖြစ်နေ၍ အပေါက်ခံရပြီး သေမလောက် ခံစားသွားရတော့သည်။

'ဘာမှလုပ်လို့မရတော့ဘူး ထင်ပါတယ် နုသွေးရယ်'

'ဟင်း… မာလာက သိပ်စိတ်ကြီးတာ၊ ခုလည်း ပြန်လို့ရရဲ့ သားနဲ့ လာစောင့်နေမှာသိလို့ တမင်ကို အိပ်ဟာတိုင်ဆင်းနေခဲ့တာ၊ လုံးဝ မတွေ့ချင်ဘူးတဲ့'

အမှန်တကယ် လမ်းဆုံးသွားပြီထင်၏။ စာထဲတွင်လည်း ချမ်းသာတာကို မက်လိမ့်မယ်ထင်ပြီး ငွေမက်လို့လက်ထပ်တာမျိုး မဖြစ်ရအောင် ဆင်းရဲချင်ယောင်ဆောင်ခဲ့တာပေါ့ ဟုတ်လား ကိုချမ်းအေး။ အဲဒီနည်းကို တခြားမိန်းကလေးတွေနဲ့ပဲ စမ်းသပ်ကြည့်ပါ။ ကျွန်မကတော့ မရိုးမသား လိမ်လည်တတ်တဲ့သူကို လုံးဝအားမကိုးချင်ပါဘူး။ တစ်သက်စာ နှုတ်ဆက်ခဲ့ပါရစေဟု ရေးသားထားခဲ့သည်။

ချမ်းအေး စာကိုကိုင်ပြီး ငိုင်နေမိ၏။ မျိုးနွယ်နှင့် နုသွေးလည်း ဘာလုပ်ရမှန်းမသိဘဲ မျက်နှာငယ်လေးများနှင့် ငုတ်တုတ်ထိုင်နေကြသည်။ မှာထားသော လက်ဖက်ရည်မျက်နှာပြင်များမှာ တင်းမာအေးခဲ၍ ပြုနေပြီ။ ဘယ်သူမှ မသောက်ဖြစ်ကြ။ မျိုးနွယ်က မသိမသာ သက်ပြင်းချရင်း…

'ကိုမျိုးတို့ လူရင်းတွေက ချမ်းအေးအကြောင်း အသိဆုံးပဲ နုသွေး၊ ဖြစ်ဖြစ်မြောက်မြောက် ရည်းစားဆိုလို့ ဒီတစ်ယောက်ပဲ ထားဖူးတာ၊ ဒီမှာတင် အလဲအကွဲဖြစ်သွားရတော့ အရမ်းကို ခံစားနေရတယ်



www.burmeseclassic.com

www.burmeseclassic.com

လို့တော့ ပြောပေးပေါ့၊ အခြေအနေပေးရင် ပေးသလို ပြန်လှော်ပေးပေါ့ ဒီလောက်တော့ လုပ်လို့ရတယ်မဟုတ်လား'

'ရတာပေါ့၊ စိတ်ချပါ၊ အဲဒါက ကိုယ်မျိုးတို့မပြောလည်း နုသွေး လုပ်မှာ၊ ဘယ့်နှယ် တစ်ယောက်နဲ့တစ်ယောက် မချစ်ကြတာလည်း မဟုတ်ဘဲနဲ့'

'အားကိုးပါတယ် နုသွေးရယ်'

ချမ်းအေးအသံက အားရစရာမရှိသလို အမူအရာကလည်း ထုံထိုင်းနေ၏။ ဆေးကျွေးပြီး ထိန်းချုပ်ခံထားရသော အနိုင်းအနေ တစ်ယောက်လို ဒရက်ကူလာတစ်ကောင်၏ သွေးစုပ်ယူမှုကို အကြိမ်ကြိမ်ခံထားရသူတစ်ယောက်လို ဖျော့တော့ပျော့ခွေ ညှိုးငယ်နေလေသည်။

မျိုးနွယ်နှင့် နုသွေးကိုထားခဲ့၍ သူတစ်ယောက်တည်း ပြန်လာခဲ့သည်။ မှတ်တိုင်ကျော်၍ ရပ်ထားခဲ့စရာမလိုတော့သော သူ၏ကိုယ်ပိုင်ကားနှင့်ပင် ဖြစ်၏။ ရောက်ရာပေါက်ရာသို့ အသိမဲ့မောင်းနှင်လာရင်း သတိမပြုမိတော့။ မင်္ဂလာဒုံ ခရေပင်လမ်းခွဲသို့ပင် ရောက်နေခဲ့ပြီ။ စိတ်ဓာတ်ဖရိုဖရဲဖြစ်မှုကို မခံစားနိုင်တော့သဖြင့် ဘီယာဆိုင်တစ်ဆိုင်ရှေ့ ထိုးရပ်ပြီး ဘီယာကို ရေချိုးသလို သောက်နေမိလေသည်။ ဆိုင်ပိတ်ခါနီးအထိ မရပ်မနားသောက်နေခဲ့ရာ ကားမောင်းနိုင်သည့်အခြေအနေပင် မရှိတော့။ ဆိုင်မန်နေဂျာကို အကူအညီတောင်း၍ ဒရိုင်ဘာတစ်ယောက်ငှားကာ အိမ်ပြန်ခဲ့ရ၏။

နောက်နေ့များမှစ၍ ချမ်းအေးတစ်ယောက် မာလာ၏အရိပ်ဖြစ်သွား၏။ သို့သော် မာလာက လုံးဝအတွေ့မခံ။ ညနေ စက်ရုံလွှတ်ချိန်တွင် အိုဗာတိုင်ဆင်း၍ ရှောင်နေသည်။ သို့နှင့် မနက်ပိုင်း အလုပ်ဝင်သည့်အချိန် သွားတွေ့၏။ မာလာ၏မူအတိုင်း အရှက်မကွဲချင်ရင် လိုက်မလာပါနဲ့၊ မနှောင့်ယှက်ပါနဲ့ဟူသော စကားများနှင့် အနိုင်ပိုင်းကာ စိမ်းစိမ်းကားကား အလဲကိုထူခဲ့သည်။ ဖြေရှင်းခွင့်ပင် မရခဲ့။





ချော့မော့နှစ်သိမ့်ခြင်းမပြုနိုင်သည့်အပြင် တောင်းပန်ခြင်းလည်း မပြုနိုင်ခဲ့ပေ။

မာတင်ထုံး နှလုံးမူထားသော ချမ်းအေးက လုံးဝအလျှော့ မပေး။ မာလာ စက်ရုံမသွားခင် အိမ်သို့အရောက်သွား၍ အိမ်ပေါက်ဝတွင် ထိုင်ပြီး စောင့်နေလိုက်၏။ မာလာ စိတ်ကြီးပုံက လက်ဖျားခါလောက်သည်။ နောက်ဖေးပေါက်မှ တခြားအိမ်သို့ကူး၍ ထိုအိမ်မှပင် အလုပ်သို့ထွက်သွားလေ၏။ စောင့်နေရတာ အကြာကြီးကြာတော့မှ အိမ်ထဲက ထွက်လာသော မာလာ၏ ညီမဝမ်းကွဲကို တွေ့ရတော့သည်။

'မာလာရော ညီမလေး'

'အလုပ်သွားပြီ၊ ဟိုဘက်အိမ်ကို နောက်ဖေးကကူးပြီး အဲဒီက ထွက်သွားတာ အစ်ကိုရဲ့'

'ဟား… ဒုက္ခပါပဲကွာ၊ ဒါနဲ့ ညီမလေးအမေရော ရှိလား'

'ခဏလောက်တွေ့လို့ မရဘူးလား၊ သိပ်အရေးကြီးလို့ပါကွာ'

'ဟုတ်ကဲ့ အစ်ကို၊ လိုက်ခဲ့လေ'

ချမ်းအေးက မာလာ ရှောင်နေသဖြင့် အသွားကိုင် လှုပ်ယမ်းရန်ရည်ရွယ်ချက်နှင့် မာလာ့အဒေါ်အား မရှက်မကြောက် ဝင်တွေ့ခဲ့သည်။ အိမ်ရှေ့မှာ ကားအကောင်းစားကြီး ထိုးရပ်ပြီး ဝင်လာတာတွေ့ကတည်းက ရင်တုန်ပန်းတုန်ဖြစ်နေသော မာလာ့အဒေါ်မှာ မိတ်ဆက်စကားနှင့် ချမ်းအေးပြောသော အကြောင်းအရာကို ကြားပြီးနောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားရှာတော့၏။

ဒေါ်မာလာ့ နာရေးတွင် ကူညီရာမှစပြီး အဖြေရခဲ့ပုံ၊ ဘုန်းကြီးကျောင်းတွင် နယ်မှလာသော မိဘများဟု လိမ်ပြီးတွေ့ဆုံပေးခဲ့ပုံ၊ လက်ထပ်ဖို့အထိ သဘောတူခွင့်ပြုချက်ရပြီး အိမ်ထောင်ပစ္စည်းစုကြပုံနှင့် နောက်ဆုံး သူဌေးသားမှန်းသိပြီး တစ်ဖက်သတ်လမ်းခွဲခဲ့ပုံအထိ လုံးစေ့ပတ်စေ့ ရှင်းပြလိုက်၏။

'ဒေါ်ဒေါ်ကို ခုလို အပူကပ်ရတာ ရှက်လည်း ရှက်မိပါတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အို… မဟုတ်တာကွယ်၊ ဒေါ်ဒေါ်က ခုလိုပွင့်လင်းတာကို သဘောကျတယ်၊ ဟိုမှာကြည့်၊ U.A.C ဆွေ့(ဖ်)ဂတ်၊ အဲဒါ ငါ့တူတို့ ထုတ်တာလား'

မာလာ့အဒေါ်က တီဗီဆွေ့(ဖ်)ဂတ်ကို ညွှန်ပြရင်း မေးလာသည်။

'ဟုတ်ပါတယ် ဒေါ်ဒေါ်'

'အဲဒါ ဝယ်တုန်းက မင်းတို့အိမ်ဆိုင်ကို ဒေါ်ဒေါ် ရောက်ဖူးပါတယ်၊ တိုက်ကြီးမှ ဟီးလို့၊ အဲဒါ ငါ့တူတို့အိမ်ပေါ့၊ ဟုတ်လား'

'တောင်ဥက္ကလာကဆိုရင် ဟုတ်ပါတယ် ဒေါ်ဒေါ်'

'အင်း… တော်တော်ချမ်းသာကြတာကိုး၊ ဒီကလေးမလေးနှယ် စိတ်ကောက်စရာမရှိ ကြံဖန်စိတ်ကောက်ရတယ်လို့၊ ချမ်းသာတာ အပြစ်လား၊ ဝမ်းတောင်သာရဦးမှာ'

'ဒါကတော့ မာလာက စိတ်ထက်တာကိုး'

'အေးလေ… ဟုတ်ပါပြီ၊ ဒေါ်ဒေါ် ဘာကူညီရမလဲ'

'ကျွန်တော့်ကို အတွေ့တောင်မခံတော့ တောင်းပန်လို့လည်း မရဘူးလေ၊ ကျွန်တော် အနူးအညွတ်တောင်းပန်တယ်ဆိုတာလေး ပြောပေးပါ၊ ပြီးတော့ အမေတို့က လက်ထပ်ဖို့ကိစ္စ မေးနေပြီလို့၊ သူကိုယ်တိုင် ကျွန်တော့်မိဘရှေ့မှာ လက်ထပ်မယ်လို့ ပြောခဲ့တာလေ၊ ကျွန်တော်လကည်း တကယ်မြတ်နိုးလို့ စိတ်ကောက်ပြေပါတော့လို့၊ ဒီလောက်ပါပဲ'

'စိတ်ချ၊ ဒေါ်ဒေါ် မာလာ့ကို ကောင်းကောင်းပြောပြလိုက်မယ်၊ ငါ့တူ စိတ်အေးအေးနဲ့ပြန်၊ ဘယ့်နှယ်တော်၊ ယောက်ျားလေးဘက်က ဒီလောက်အောက်ကျနောက်ကျခံ လာပြောနေတာကို သင်းက ငြင်းရတယ်လို့၊ မာနတွေတက်နေလိုက်တာများ သူ့ကိုယ်သူ နာမည်ကျော် ရုပ်ရှင်မင်းသမီး မှတ်နေလားမသိဘူး'

'ဟုတ်ကဲ့ ဒါဆို ကျွန်တော် ပြန်ပါဦးမယ် ခင်ဗျာ'

'ကောင်းပါပြီကွယ်'





ချမ်းအေး စိတ်အေးချမ်းစွာနှင့် ပြန်လာခဲ့၏။ သို့သော် ထိုနည်းက အလုပ်မဖြစ်ကြောင်း နောက်တစ်ပတ်အကြာမှာပင် သိလိုက်ရတော့သည်။

'ဘာပြောတယ် နုသွေး'

'ဟုတ်တယ် ကိုချမ်းအေး၊ သူ့အဒေါ်က ဖိအားတွေအရမ်းပေးလာလို့ စိတ်ညစ်တယ်ဆိုပြီး ခွင့်ယူသွားတယ်၊ တစ်လတောင်၊ သူပြောတော့ ခရီးသွားဦးမယ်တဲ့၊ စိတ်ပြေလက်ပျောက်လို့ ပြောတာပဲ'

'ဟား… အတော့်ကို စိတ်ခါတ်ပြင်းပြတဲ့ မာလာပါပဲလား၊ ကျွန်တော် ဘာဆက်လုပ်ရမလဲဗျာ၊ ပြောကြပါဦး'

ဝတ်ရည်နှင့် နုသွေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြောစရာမရှိဟန်နှင့် ခေါင်းငုံ့သွားကြ၏။ အတန်ကြာမှ နုသွေးက…

'ကျွန်မလည်း မပြောတတ်တော့ပါဘူး ကိုချမ်းအေးရယ်'

'ဟယ်… ငါသိပြီ နုသွေး၊ သူ့အစ်ကိုဆီ လိုက်သွားတာပဲဖြစ်မယ်'

'အဲ… ဟုတ်တယ်၊ အဲဒါ ဖြစ်နိုင်တယ် ဝတ်ရည်'

'တစ်ခါက ကျွန်တော်နဲ့ဆုံတုန်း ပြောတာတော့ မကွေးကတပ်မှာတဲ့'

'ပင်ပန်းပါတယ် ကိုချမ်းအေးရယ်၊ လိုက်သွားဦးမလို့လား'

'လိုက်သင့်ရင် လိုက်ရမှာပေါ့ ဝတ်ရည်ရယ်'

'ဒါဆို ဒီလိုလုပ်၊ ကိုချမ်းအေး လိုက်မသွားခင် သူ့အဒေါ်နဲ့ တစ်ခါလောက် ထပ်တွေ့လိုက်ပါဦး၊ သတင်းလေးဘာလေး ရလိုရငြား ပေါ့'

'ဟုတ်တယ်နော်၊ အဲဒါ ပိုကောင်းမယ်'

သို့နှင့် ချမ်းအေး မာလာ့အဒေါ်ထံသို့ နောက်တစ်ခေါက် ရောက်လာခဲ့ရပြန်သည်။

'ခက်တယ် ငါ့တူရယ်၊ အဒေါ်လည်း ကြိမ်းမောင်းဆိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



နားချတာပဲ၊ အဲဒီတော့မှ အိမ်ကထွက်သွားတာသာ ကြည့်တော့၊ ပြော မကောင်းဆိုမကောင်းဟာတွေ'

'သူ ဘယ်သွားတာတဲ့လဲ ဒေါ်ဒေါ်'

'စောစောကပဲ အိမ်ရှေ့အိမ်က ဖုန်းကို လှမ်းဆက်တယ် သူ့အစ်ကို ဆက်တာ၊ မာလာ သူ့ဆီရောက်နေတယ်တဲ့'

'ဒါဆိုရင်တော့ တော်သေးတာပေါ့၊ တစ်ခုလောက် ထပ်ကူညီပါဦး ခင်ဗျာ၊ ကိုနိုင်သိန်းတန်နဲ့ ဆက်သွယ်လို့ရမယ့် ဖုန်းရယ်၊ မကွေး က တပ်လိပ်စာရယ် ရနိုင်မလား'

'ငါတူ လိုက်သွားမလို့လား'

'အရင်ဆုံးတော့ သူ့အစ်ကိုနဲ့ ဖုန်းဆက်ဆွေးနွေးကြည့်လိုက် ပါဦးမယ်၊ အခြေအနေအရ လိုက်သင့်ရင်လည်း လိုက်ရတာပေါ့'

'အေး… ကောင်းသားပဲ၊ ဒေါ်ဒေါ်လည်း သူ့အစ်ကိုကို အားလုံးပြောပြပြီး တိုင်လိုက်တယ်လေ၊ သူ့ဆီကလည်း သဘောထား တစ်ခုခုတော့ ငါတူ သိရမှာပါ'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ ဒေါ်ဒေါ်'

မာလာ့အဒေါ်ထံမှ လိပ်စာနှင့် ဖုန်းနံပါတ်အပြည့်အစုံရယူ ပြီး ချမ်းအေး တပ်ခေါက်ပြန်လာခဲ့ရသည်။ စိတ်လည်းမော၊ လူလည်း မော ရင်လည်းမောတယ် မာလာရယ်ဟုသာ ညည်းညူမိတော့၏။

မေမေက ချမ်းအေး ဖုန်းခေါ်နေတာကို စိတ်မောစွာ စောင့် ကြည့်နေ၏ တစ်ဦးတည်းသောသားလေး အချစ်ရေးကြောင့် စိတ် ဆင်းရဲမှု ခံစားနေရတာကို မကြည့်ရက်သဖြင့် သားဆန္ဒရှိသလိုသာ လုပ်ပါဟု ခွင့်ပြုခဲ့သည်။ ချမ်းအေးက မာလာ့အစ်ကိုနှင့် ဆွေးနွေးလို့ အဆင်ပြေလျှင် မကွေးထိလိုက်ပြီး မာလာ့ကိုခေါ်မည်ဟု ကြံပြီး ဖုန်း ဆက်နေခြင်းဖြစ်သည်။

'ဟဲလို… ကိုနိုင်သိန်းတန်လား'

'ဟုတ်ပါတယ်'





'ကျွန်တော် ရန်ကုန်က ချမ်းအေးပါ၊ အစ်ကို့ညီမ မာလာနဲ့ ဟို…'

'သြော်… မောင်ချမ်းအေးလား၊ အေး… ဒေါ်ဒေါ်ပြောလို့ အကုန်သိပြီးပြီ၊ မင်းဆန္ဒကို ပြောပါဦး'

'ကျွန်တော်ကတော့ မာလာ့ကို အမြန်ဆုံးလက်ထပ်ချင်ပါ တယ် အစ်ကို'

'ဟုတ်ပြီလေ၊ ငါ့ညီလိုလူမျိုးနဲ့ဆို ညီမလေးအတွက် စိတ်ချ ရတာပေါ့၊ အစ်ကိုလည်း သဘောတူပါတယ်၊ မိဘတွေ မရှိတော့ဘူး ဆိုတော့ မိန်းကလေးတစ်ယောက်တည်း အကြာကြီးနေလို့ မကောင်း ဘူး၊ မြန်မြန်အိမ်ထောင်ပြုလိုက်တာပဲ ကောင်းမယ်ထင်တယ်'

'ဒါဆို ကျွန်တော် မာလာ့ကို လာခေါ်လို့ရမလား အစ်ကို'

'ကောင်းတာပေါ့၊ အစ်ကို သူ့ကို စည်းရုံးနားချလိုက်မယ်၊ ဘယ်နေ့လာမလဲ'

'ဒီနေ့ လက်မှတ်ဝယ်ပြီး မနက်ဖြန် လိုက်လာခဲ့မယ်လေ အစ်ကို'

'အိုကေ… အစ်ကို စောင့်နေမယ်'

'ဟုတ်ကဲ့ ကျေးဇူးပဲနော်'

ချမ်းအေး ဖုန်းပိတ်လိုက်တော့ မေမေက မျက်စပစ်၍ မေး ၏။

'သူ့အစ်ကိုက လာခေါ်ပါ၊ သူထိန်းထားမယ်တဲ့ အမေ'

'ဒါဆို သား လိုက်သွားမယ်ပေါ့'

'ဟုတ်ကဲ့ အမေ'

'အင်း… သားရယ်၊ မာလာ့အတွက်နဲ့ ပင်ပန်းလိုက်တာ အေးလေ… သားက မပြတ်နိုင်ဘဲကိုး၊ ဘယ်တတ်နိုင်မလဲ၊ လိုက်သွား ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို သားသွားမှ ဖေဖေ့ကို အသိပေးလိုက်နော်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အဖေ သိပ်မကြည်တော့ဘူးဆိုတာ သားသိတယ်'

'အေးပါကွယ်၊ အေး… အေး…'

* * *

အချစ်ပျောက်ကိုရှာဖို့ ချမ်းအေး ခရီးထွက်လာခဲ့သည်။ ယောက်ဖလောင်းဖြစ်သူ၏ အာမခံစကားကြောင့် ချမ်းအေး မာလာနှင့် တွေ့ခွင့်ရမည်ဟု ယုံကြည်ပြီး စိတ်အေးလက်အေး ဖြစ်နေခဲ့သည်။

ချမ်းအေး၏ စိတ်အေးလက်အေး အနားယူအပန်းဖြေမှုက မကွေးတပ်ထဲမှ နိုင်သိန်းတန်နှင့် အတွေ့တွင် လုံးဝဥဿုံ ပြီးဆုံး ပျောက်ပျက်သွားရတော့သည်။

'စိတ်မကောင်းပါဘူး ညီလေးရာ၊ အစ်ကို တာဝန်ကျနေတဲ့ အချိန်မှာ သူထွက်သွားတာ အစ်ကိုမိန်းမတောင် မသိလိုက်ဘူး၊ စာ တစ်စောင်ပဲ ထားသွားတယ်၊ စာအရတော့ ရန်ကုန်ပြန်သွားပြီတဲ့'

'ဟား… ပြဿနာပဲ အစ်ကိုရာ၊ အစ်ကို သူနဲ့မဆွေးနွေးခဲ့ ဘူးလား'

'ဆွေးနွေးဖြစ်ပါတယ်၊ ဒီနေ့ မင်းရောက်လာမယ်ဆိုတာ သိလို့ မနေ့ညနေထွက်တဲ့ကားနဲ့ အချိန်ကိုက်ပြန်သွားတာ'

ချမ်းအေး အတော့်ကို စိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့၏။ မာလာ ဤမျှလောက်ထိ အသည်းမာလိမ့်မည်ဟု သူ မထင်ထားခဲ့။ ရစ်စက်လွန်းသူမှန်း အတိအကျသိလိုက်ရသောအခါ စိတ်ထဲတွင် မျက် ချင်သည်။ လိုက်လေပြေးလေဖြစ်နေသဖြင့် ရှက်လည်း ရှက်လာခဲ့ပြီ။

'အစ်ကိုနဲ့ ဆွေးနွေးတုန်းကတော့ ဘာမှပြန်မပြောဘဲ ကောင်း ပြီးကောင်းရက်နဲ့ ခေါင်းညိတ်နေခဲ့တာ၊ ဒါကြောင့် အစ်ကိုလည်း စိတ်ချနေမိတာ'

'ဟား… ကျေးဇူးပါပဲဗျာ၊ ဖြစ်မလာတာတော့ ဘယ်တတ်နိုင် ပါ့မလဲ၊ ကျွန်တော့်ကံပေါ့၊ ဒါဆို ပြန်မယ်၊ ကျွန်တော် လိုက်သွားမယ်'





'ရောက်တုန်း နေသွားပါဦးလား ငါ့ညီရာ'

'ကျွန်တော် ဘယ်လိုလုပ်နေနိုင်မှာလဲ အစ်ကိုရာ၊ ရင်ထဲမှာ မီးတောက်နေတာဗျ'

'အစ်ကို နားလည်ပါတယ်၊ အစ်ကို့ညီမအပေါ် ဒီလောက်ထိ သည်းခံခဲ့တာ ကျေးဇူးပါပဲ၊ ကဲ… တားမရရင်လည်း ပြန်ပေတော့၊ ကားတွေက ညနေမှထွက်မှာ'

'ဟုတ်ကဲ့… သွားပြီနော်'

မကွေး၏ ပူလောင်ပြင်းပြသော အပူချိန်က ချမ်းအေးရင်ထဲ က အပူကိုတော့ မီမည်မထင်။ ရန်ကုန်ပြန်ရောက်လျှင် အဖေနှင့် အမေ့ကို ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။ သူကိုယ်တိုင်လည်း မာလာ့ကို လက်လျှော့လိုက်ချင်နေပြီ။

မျက်နှာတော်ညိုးသူက စိမ်းရက်လေအားမှတော့ ဥပေက္ခာ ကိုသာ လက်ကိုင်ပြုရတော့မည်ထင်၏။ သူ ဒီမှာဆက်နေလျှင် မကွေး မြို့အပူချိန် ပိုတိုးဖို့သာရှိတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ချမ်းအေးအဖြစ်ကို ကြားရတော့ အမေ မျက်နှာညှိုသည်။ အဖေက တောက်ခေါက်၏။ အားလုံး သားအတွက် မခံချိမခံသာဖြစ်နေကြသည်။ သားကျမှ ဒီလိုအဖြစ်မျိုး ကြုံရလေခြင်းဟု ယူကျုံးမရ ခံစားနေကြရ၏။

'ဒီလောက်ဖြစ်နေတာကို အမေတော့ သည်းမခံနိုင်တော့ဘူး ကွယ်၊ သူ့ထက်သာတဲ့ဟာရှာပြီး ပေးစားတော့မယ်'

'မင်းအမေပြောတာ မှန်တယ် ချမ်းအေး၊ ငါလည်း စိတ်ကို လျှော့ပြီး လွှတ်ပေးထားတာ ကြာပြီ၊ ဒီတစ်ခါတော့ မရဘူး၊ ဓာတ်လမ်းဖြတ်လိုက်တော့'

'ရုပ်လှတာလောက်နဲ့ ဒီလောက်ထိ မာန်တက်စရာလိုလို့လား'

'မင်းဆီက နောက်ထပ် သူ့အကြောင်း မကြားပါရစေနဲ့တော့ ကွာ'

အဖေနှင့် အမေက ဝိုင်းဝန်းရာဇသံပေးနေခဲ့ပြီ။ ချမ်းအေး ရင်ထဲမှာတော့ ဗလောင်ဆူနေ၏။ သူ မာလာ့ကို မေ့နိုင်ပါ့မလားဆိုတာက မသေချာလှ။ မေ့ပစ်မည်ဟု ကြိုးစားကာမှ ဒေါ်မာလာ၏ အလောင်းကိုပို့စဉ်က မာလာ့မျက်နှာလေးကို သတိရသည်။ သူ့ကို အပြေပေးခဲ့စဉ်က ပြောစကားနှင့် ရှက်နေသောအမူအရာကို ပြန်မြင်ကာ ကြားယောင်မိသည်။ သူ သက်ပြင်းကိုသာ ရှိုက်လိုက်မိ၏။

'သား ဆုံးဖြတ်ချက်ချဖို့ ခက်နေမယ်ဆိုတာ မေမေတို့ နား





လည်ပါတယ်၊ ဒါပေမဲ့ အချိန်ယူပြီး ပြန်စဉ်းစားပါ၊ သားကို ဒီထက် ပိုပြီး မခံစားစေချင်တော့ဘူးကွယ်'

နောက်ဆုံးပိတ် တရားဟောစကားပြောပြီး အဖေနှင့် အမေ အခန်းထဲမှ ထွက်သွားကြ၏။ ချမ်းအေး ခုတင်ပေါ် ပစ်လှဲလိုက်သည်။ မျက်စိမှိတ်ထားသော်လည်း မာလာ့ရုပ်သွင်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ ရှောင်နေ ပြေးနေလွန်း၍ စိတ်နာသော်လည်း တွေ့ချင်စိတ်ကို ထိန်းထား၍မရ။ တွေတွေ့ဆိုင်ဆိုင်တွေ့ပြီး လက်လေးကို တယုတယကိုင်ကာ မေးလိုက်ချင်သည်။ ချစ်နေဆဲပဲလားလို့။

* * *

ရာသီဥတုက မမှန်။ မိုးကလည်း နွေယောင်ဆောင်ပြီး အပူချိန်ခြေရာချင်းတိုင်းနေသည်။ မိုး၏အမှတ်အသား တိမ်မည်းညိုကို မမြင်တာကြာ၍ မမှတ်မိချင်တော့။ ရှစ်ခွင်တိုင်း၊ မှိုင်းရီသောမြင်ကွင်းမျိုး မြင်တွေ့ခွင့်ရှိပါဦးမည်လား မသိတော့။ တရုတ်ပြည်မှာတော့ ဓာတုပစ္စည်းများထည့်ထားသော ဒုံးပျံဖြင့် ကောင်းကင်ကိုပစ်ခွင်း၍ မိုးရွာစေသည်တဲ့။ မြန်မာတွေကရော လွန်ဆွဲပွဲကျင်းပ၍ ငါးရံ့မင်း ပရိတ်ကို ရွတ်နေကြမည်ထင်၏။

ချမ်းအေး အလုပ်ပင်မလုပ်နိုင်ဘဲ အသည်းကွဲနာကုထုံး အတွက် ဆေးဖော်ရန် ဆေးမြီးတိုများ ကြိုးစားရှာဖွေနေသည်။ အခြားဆေးအမယ် ဘာထည့်ရမှန်းမသိသော်လည်း ပင်တိုင်ဆေးအမယ်အဖြစ် အယ်ကိုဟောကတော့ ဒိုင်ခံပါဝင်နေခဲ့သည်။

ကြာတော့ အရက်သောက်ရမှာတောင် ပျင်းလာခဲ့ပြီ။ သူငယ်ချင်းများနှင့်လည်း အဆက်အသွယ်ဖြတ်ပြီး ကေစာရီကျင့်လာခဲ့သည်မှာ ဂူအောင်းသူတော်စင်လိုပင် ဖြစ်နေခဲ့သည်။ လူမှုရေးလုပ်ငန်းများလည်း မဆောင်ရွက်ဖြစ်တော့။ ခုနေများ သေသွားခဲ့လျှင် တကယ့်ကိုမသိမသာကြီး ဖြစ်သွားပေတော့မည်။ အများအကျိုးမပြောနှင့် ကိုယ့်အကျိုးကိုယ်ပင် မဆောင်ရွက်နိုင်သည့်အခြေအနေ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေး အရက်မှန်းသွားတော့ စာအုပ်နှင့် အခွေဘက်လှည့်လာသည်။ တွေ့သမျှစာ အငမ်းမရဖတ်ရှုပြီး ဇာတ်လမ်းမျိုးစုံ အခွေထိုင်ကြည့်ကာ စိတ်မအားအောင် လုပ်ဆောင်နေ၏။ ထိုသို့ ကိုယ့်ကိုယ်ကိုယ် အဖတ်ဆယ်နေခိုက် တစ်ရက်တွင် ဖုန်းလာသည်။ ဗီဒီယိုကြည့်နေရင်း နားထောင်လိုက်၏။

'ဟဲလို… ချမ်းအေးပြောနေပါတယ်'

'ဟော့ကောင် ချမ်းအေး၊ ငါ မျိုးနွယ်ပါ'

'အေး… ပြော၊ ဘာကိစ္စလဲ'

'မနေ့ညက မြောက်ဥက္ကလာမှာ မီးလောင်တယ်၊ မာလာတို့အိမ်လည်း ပါသွားတယ်တဲ့၊ နေ့သွေးဆီက သတင်းရလို့'

'ဘာ'

'မင်းရဲ့မာလာ ဒဏ်ရာရပြီး ဆေးရုံရောက်နေသတဲ့'

'ဟင်'

အနည်ထိုင်မည်ကြံကာမှ မွှေနှောက်၍ ရေပြန်နှောက်ရသလို အဖြစ်မျိုး ကြုံလိုက်ရပြန်သည်။ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်နေရာက အိမ်မီးလောင်ပြီး မာလာ ဒဏ်ရာရသွားသည်ဟု သတင်းကြားရသောအခါ ချမ်းအေး သွေးရူးသွေးတမ်းဖြစ်သွား၏။

ဘာလုပ်လို့ ဘာကိုင်ရမှန်း ပီပီပြင်ပြင် မစဉ်းစားရသေးခင်မှာပင် ချမ်းအေး မြောက်ဥက္ကလာဆေးရုံသို့ ရောက်သွား၏။ စုံစမ်းရှာဖွေပြီး ပက်ပင်းတွေ့လိုက်ရသည့်အခါမှာတော့ တစ်ကိုယ်လုံးပတ်တီးဖွေးသားနှင့် မာလာကို တွေ့ရသည်။ ချမ်းအေး ရင်ထဲမီးတောက်သွား၏။ ညှိုးငယ်သောမျက်နှာ၊ ပူပင်သောအမူအရာများနှင့် မာလာ့အဒေါ်မိသားစုကို တွေ့ရသည်။

'ဟင်… ငါ့တူ မောင်ချမ်းအေး၊ ကြည့်ပါဦးကွယ်၊ မင်းရဲ့မာလာကို သတိတောင်မရဘူးကွယ့်'

'ဘယ်လိုဖြစ်ရတာလဲ ဒေါ်ဒေါ်'

'မပြောချင်ပါဘူးကွယ်၊ ညဆယ်နာရီခွဲလောက်က မီးစလောင်





တာလေ၊ တချို့လည်း အိပ်ကုန်ကြပြီပေါ့၊ မာလာလည်း နက်ဖြန်အစောအလုပ်သွားရမှာမို့ အိပ်နေတာတဲ့၊ သူ့ခေါင်းရင်းအိမ်က စလောင်တာဆိုတော့ အချိန်သိပ်မရလိုက်ဘူးပေါ့၊ ပိုက်ဆံအိတ်လေးဆွဲပြီး ဆင်းပြေးရတော့တာ'

မာလာ့အဒေါ်က ပြောရင်း မောသွားဟန်နှင့် ခဏနားနေခိုက် မာလာနှင့် အတူအိပ်နေသည့် အပျိုပေါက်မလေးက ဆက်ပြောသည်။

'အဲဒါ မီးအရှိန်ပြင်းလာမှ အစ်ကိုနဲ့အတူဝယ်ခဲ့တဲ့ အိမ်ထောင်ပစ္စည်းတွေ ရှိသေးတယ်၊ အဲဒါ ရအောင်ယူမယ်ဆိုပြီး ပြေးဝင်သွားတာလေ'

'ဟာ… မာလာရာ'

'စတီးအိုးကျပ်ဘူးလေးပိုက်ပြီး ပြန်အထွက် ပေါက်ကွဲသံကြားရပြီး မမလည်း အိမ်အပြင်ကို လွင့်ထွက်လာတာ'

ချမ်းအေး သိလိုက်ပြီ။ သူတို့အတူဝယ်လာသော လက်ဆွဲဂက်(စ)မီးဖိုလေးမှ ဂက်(စ်)ဘူးပေါက်ကွဲခြင်းသာဖြစ်မည်ဟု ကြားရသောအဖြစ်ကြောင့် ချမ်းအေးရင်ထဲ မချိအောင် ခံစားသွားရသည်။ နှစ်ယောက်အတူဝယ်ခဲ့သော အိမ်ထောင်ဦးပစ္စည်းများကို ဝင်ယူ၍ ဒဏ်ရာရခဲ့တာတဲ့၊ ဒါဆို မာလာ သူ့ကို စွဲလမ်းချစ်ခင်နေဆဲပေါ့၊ ထိုသို့သိလိုက်ရတော့ ပိုပြီးထိခိုက်ကြေကွဲသွားရ၏။

'ဒဏ်… ဒဏ်ရာသိပ်ပြင်းသလားဟင်'

'မီးလောင်တဲ့ဒဏ်ရာလောက်ပါပဲ အစ်ကို၊ ဒါပေမဲ့ မျက်နှာနဲ့ လက်နှစ်ဖက်စလုံးမှာ ဖြစ်နေတယ်၊ ကျန်တာကတော့ ပွန်းရာပဲ့ရာလောက်'

ပတ်တီးအဖွေးသားနှင့် မျက်နှာလေးကို ချမ်းအေး ယူကျုံးမရ ကြည့်နေမိသည်။ သို့သော် မာလာ့ရင်ထဲက ခံစားမှုအစစ်အမှန်ကို မြင်တွေ့ခွင့်ရလိုက်သဖြင့် သူ ကျေနပ်နေမိ၏။

'ဒေါ်ဒေါ်တို့ရော လွတ်ရဲ့လား'

'မလွတ်ပါဘူးကွယ်၊ ဘာမှကို မရလိုက်တာ၊ ရှစ်အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းမှ မင်းတို့ဝယ်လာတဲ့ စတီးအိုးငါးလုံးပဲ ရလိုက်တာလေ၊ ဒါတောင် မာလာ့အသက်နဲ့ရင်းခဲ့ရတာ'

ချမ်းအေး ဘာလုပ်ရမည်ဆိုတာ သိသွားပြီမို့ တာဝန်ကျ ဆရာဝန်နှင့်တွေ့ကာ အကြံဉာဏ်တောင်းပြီး မာလာ့အခြေအနေကို ဆွေးနွေးသည်။ ဆရာဝန်၏ ခွင့်ပြုချက်နှင့် ဆေးရုံပြောင်းဖို့ စီစဉ်သည်။ အိမ်ကိုလည်း ဖုန်းဆက်အကြောင်းကြားလိုက်၏။

'ဒေါ်ဒေါ် ဘာမှမပူနဲ့၊ အားလုံး ကျွန်တော် တာဝန်ယူတယ်၊ အခု မာလာ့ကို ပန်းလှိုင်အထူးကုဆေးရုံကို ပြောင်းမယ်'

'အဲ့ဒေးကြီးပဲကွယ်၊ ဟိုမှာကလည်း ဒေါ်ဒေါ်ရှိမှ ဖြစ်မှာလေ၊ အိမ်ဆယ်လုံးပဲ ပါသွားတာဆိုတော့ မြေကွက်ပြန်ရဖို့ကိစ္စ၊ မှတ်ပုံတင် ပြန်လုပ်ဖို့ကိစ္စ၊ ကူညီထောက်ပံ့တဲ့ပစ္စည်းတွေ လက်ခံဖို့ကိစ္စနဲ့ အလုပ် ရှုပ်ဦးမှာဆိုတော့…'

'ရတယ် ဒေါ်ဒေါ်၊ ဒီက ညီမလေးကိုပဲ ခေါ်သွားလိုက်မယ်၊ ဒေါ်ဒေါ့်ကိစ္စတွေ အကုန်ပြီးမှသာ လိုက်ခဲ့ပါ၊ ပြီးတော့ ဘယ်လိုမှ မအောက်မေ့ပါနဲ့ ဒေါ်ဒေါ်၊ ဒီငွေငါးသောင်းကိုလည်း လက်ခံပေးပါ၊ မီးလောင်ပြင်မှာ ဘယ်လိုအခြေအနေကြုံရမယ်မှန်းမှ မသိတာ၊ မာလာ နဲ့ ဒီကညီမလေးအတွက် အားလုံးစိတ်ချပါ ဒေါ်ဒေါ်'

'အေးကွယ်… အေး… အေး… သာဓုပါတော်၊ သာဓု၊ သာဓု'

ငွေအကုန်ခံနိုင်တော့လည်း ဖိမ်ခံဟိုတယ်နှင့် အဆင့်တူသည့် ပန်းလှိုင်ဆေးရုံမှာ မာလာကို အဆင်ပြေပြေနှင့် ကုသခွင့်ရခဲ့၏။ သတိရလာလာချင်း ချမ်းအေးကို တွေ့လိုက်ရသဖြင့် မာလာ အံ့သြ လိုက်ဖို့နေသည်။ တွေတွေကြီးစိုက်ကြည့်ရင်း မျက်ရည်တွေ စီးကျလာ၏။ နှစ်ဦးသား ဘာစကားမှမပြောနိုင်။ အခြေအနေအလုံးစုံကို ညီမ ငယ်လေးက ရှင်းပြနေသည်။

ဒီတော့မှ မာလာ ရှိုက်ကြီးတငင် ငိုတော့၏။ ချမ်းအေးက မာလာဘေးဝင်ထိုင်ကာ ခုတင်ပေါ်တွင် ကျော့မှီ၍ထိုင်လို့ရအောင်





ကူညီပေးလိုက်သည်။ မျက်ရည်များရွဲနစ်နေသည့် မျက်ဝန်းများနှင့် ချမ်းအေးအား မော့ကြည့်၏။ ချမ်းအေး စိတ်မထိန်းနိုင်တော့ဘဲ မာလာ့ ကို ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

အပျိုပေါက်မလေးက ဆေးရုံပြတင်းနားသွား၍ ရှခင်းကြည့် ချင်ယောင်ဆောင်နေလေတော့၏။

'မာလာ အခုလိုပဲ ကိုယ့်ရင်ခွင်မှာ ထာဝရခိုဝင်မှေးစက် နားလိုက်ပါတော့နော်၊ ရှောင်ရပုန်းရတာလည်း ပင်ပန်းလွန်းလှပါပြီ မာလာရယ်'

မာလာ့ထံမှ တုံ့ပြန်မှုတစ်စုံတစ်ရာမှ မရ။ သို့သော် သူ့အပေါ် အားပြုမှီတွယ်ခိုဝင်လာတာကိုတော့ ခံစားသိလိုက်ရသည်။ ထို့အတွက် ချမ်းအေးလည်း အလွမ်းဘေးသင့်လူသားအဖြစ်မှ ကင်းလွတ်သွားခဲ့ ရပြီ။

* * *

ငွေနှင့်ဆက်၍ ရယူထားသော ကုသမှုများက အကျိုးသက် ရောက်မှုရှိလွန်းလှ၏။ မာလာ့မျက်နှာနှင့် လက်နှစ်ဖက်မှ မီးလောင် ဒဏ်ရာများ သက်သာစပြုနေပြီ။ မာလာက မှန်ကြည့်ရင်း ပါးပြင်မှ အနာရွတ်ကိုကြည့်ကာ မျက်ရည်ဝဲလျက်ရှိသည်။ သီးသန့်အခန်းထဲသို့ အထူးကုဆရာဝန်ကြီးနှင့်အတူ ချမ်းအေးဝင်လာ၏။

မာလာ့အခြေအနေကိုကြည့်ပြီး ဘာဖြစ်နေသလဲဆိုတာ ချမ်း အေး တွက်ဆလို့ရသွားသည်။

'ကဲ… ဆရာရယ်၊ ဆရာ့လူနာကို အကျိုးအကြောင်းရှင်းပြ အားပေးလိုက်ပါဦးဗျာ'

'ဟင်း… ဟင်း… သမီး ဘာဖြစ်နေတာလဲ၊ ပါးပေါ်က ဒဏ်ရာကိုကြည့်ပြီး သေရာပါမှာကြောက်နေတာလား'

'ဟုတ်၊ ဟုတ်ကဲ့'

'ဘာမှမစိုးရိမ်ပါနဲ့ သမီးရယ်၊ ဒီဆေးရုံမှာ ပလတ်စတစ်



www.burmeseclassic.com

www.burmeseclassic.com


ဆာဂျရီ လုပ်လို့ရပါတယ်၊အ ခုလည်း ကုသဖို့ အားလုံးပြင်ဆင်နေပြီလေ၊ မပူနဲ့၊ အားလုံးပြီးသွားရင် အရင်ကထက်တောင် ပိုလှသွားဦးမှာ၊ စိတ်သာချ'

'ဟုတ်တယ် မာလာရဲ့၊ အရင်ကဆို ဒါမျိုးက စင်ကာပူတို့ ထိုင်းတို့မှာ သွားလုပ်ရတာလေ၊ ဒီလို အနာရွတ်ပျောက်တာလောက်က အသေးအမွှား၊ နှာခေါင်းတို့၊ မေးရိုးတို့တောင် ခွဲစိတ်ပြုပြင်လို့ရနေပြီလေ'

'ကဲ… အားမွေးပြီး စိတ်ကိုလျှော့ထားလိုက် သမီး၊ ခွဲစိတ်ခန်းထဲ လေးနာရီလောက်တော့ ဝင်ရမယ်၊ ထွက်လာတာနဲ့ အားလုံးအကောင်းပကတိဖြစ်သွားစေရမယ်၊ ဆရာ တာဝန်ယူအာမခံတယ်၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့… ကျေးဇူးပါပဲ ဆရာ'

ဆရာဝန်ကြီး ထွက်သွားတော့ ချမ်းအေး မာလာ့နားကပ်ထိုင်ပြီး ရှုံးစိုက်ကြည့်လိုက်၍ မာလာ မနေတတ် မထိုင်တတ်ဖြစ်သွားပြီး သူ့ပါးကို လက်နှင့်အုပ်ထားလိုက်၏။ ချမ်းအေးက ထိုလက်ကို အုပ်မိုးကိုင်လိုက်ရင်း…

'သိပ်ချစ်တယ် မာလာရယ်၊ အခု ခွဲစိတ်မှုက မာလာ စိတ်အားငယ်နေမှာစိုးလို့သာ လုပ်ပေးရတာ၊ ကိုယ့်သဘောသာဆိုရင် အဲဒီအမှတ်အသားလေးကိုပဲ တစိမ့်စိမ့်ကြည့်ပြီး ချစ်နေချင်တာလေ'

'ကိုချမ်းကလည်း'

'တကယ်ပြောတာ၊ ဒီဒဏ်ရာက မာလာ့ရင်ထဲက အချစ်တွေကို ကိုယ်စားပြုလို့ ရလာခဲ့တာ မဟုတ်လား၊ ကိုယ့်ကို ဘယ်လောက်ချစ်တယ်၊ ကိုယ်တို့ဝယ်ခဲ့တဲ့ အိမ်ထောင်ဦးပစ္စည်းတွေကို မာလာ ဘယ်လောက်မြတ်နိုးတယ်ဆိုတာကို လှစ်ဟပြလိုက်တဲ့ သက်သေတွေပဲလေ'

'ကိုချမ်း မာလာ့ကို စိတ်မဆိုးဘူးလား'

'စိတ်မဆိုးပါဘူး မာလာ၊ မဆိုးလို့လည်း မကွေးထိ ကိုယ်လိုက်ခဲ့တာပေါ့'



'အဟင်း… ကိုချမ်း ရောက်လာတယ်ဆိုတာ အစ်ကိုကြီးဖုန်းဆက်ပြောတယ်လေ၊ ကြိမ်းလိုက်မောင်းလိုက်တာလည်း မပြောပါနဲ့တော့'

'ဟုတ်လား၊ ယောက်ဖကြီးက တော်သားပဲ'

'ဟင်းနော်'

'ဟောဗျာ၊ မာလာက ကိုယ့်ဇနီးဆိုရင် သူက ကိုယ့်ယောက်ဖ မဟုတ်ဘူးလား၊ ကဲ… ပြော'

'စောသေးတယ်လေ'

'ဘယ်က စောရမှာလဲ၊ အခု ဆေးရုံကဆင်းတာနဲ့ တစ်ခါတည်း မင်္ဂလာဆောင်မယ့်ဥစ္စာ'

'ကိုချမ်းရယ်၊ အမေတို့က စိတ်ခုနေမှာပေါ့'

'မညာတမ်းပြောရရင် သူတို့ စိတ်ဆိုးခဲ့ကြပါတယ် မာလာ၊ ဒါပေမဲ့ မီးလောင်သွားရတဲ့ အခြေအနေရယ်၊ မာလာ ဒဏ်ရာရတဲ့ အကြောင်းအရင်းရယ်ကြောင့် သူတို့ရဲ့မေတ္တာ ကရုဏာတွေကို မာလာ ပြန်ရလိုက်ပါပြီ'

'အားလုံးကို ကျေးဇူးတင်ပါတယ် ကိုချမ်းရယ်၊ တကယ်တော့ ရှောင်ပြေးနေမိတဲ့ မာလာမှာလည်း ဒဏ်ရာတွေ ဗရပွနဲ့ပါ၊ မချစ်လို့ မဟုတ်ဘူး၊ ဝမ်းနည်းလွန်းလို့ မခံချင်စိတ်နဲ့ ခေါင်းမာမိတာ၊ နောက်ဆုံးမှာ မာလာ ဘယ်လိုမှ ဟန်ဆောင်လို့မရတော့ဘူး၊ အဲဒီအချိန်မှာ ကိုချမ်းက ပေါ်မလာတော့ဘူးလေ'

'သြော်… မာလာရယ်'

ထိုအခိုက် သူနာပြုဆရာမများ ဗီး(လ်)ချဲတစ်လုံးနှင့် ဝင်လာကြ၏။ ထိုအခါမှ မာလာ ရှက်ကိုးရှက်ကန်းနှင့် ချမ်းအေးရင်ခွင်ထဲမှ ရုန်းထွက်ရသည်။ မာလာ ခွဲစိတ်ခန်း ဝင်ရပါဦးမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်အကြာ...

နှစ်ဖက်ဆွေမျိုးများနှင့် သူငယ်ချင်းအပေါင်းအသင်းများ စုံညီစွာရောက်ရှိနေကြသည်။ အားလုံးအကြည့်က မာလာ့ထံတွင် ရှိ၏။ ဒီနေ့ မာလာ့ဒဏ်ရာမှ ပတ်တီးများကို ဖြည်မည်။ ဆရာဝန်ကြီးနှင့် သူနာပြုများ ကျွမ်းကျင်စွာ လှုပ်ရှားလိုက်ကြ၏။ ထိုမိနစ်ပိုင်းလေးက အားလုံးရင်ခုန်ရသော မိနစ်အတိုင်းအတာပင်ဖြစ်သည်။ ဘယ်သူမှ မျက်တောင်မခတ်မိကြ။

ပတ်တီးများ အလုံးစုံဖယ်ရှားပြီးတော့ သီးသန့်ခန်းတွင်း အာမေဋိတ်သံများလျှံကျသွားခဲ့သည်။ သူနာပြုဆရာမလေးတစ်ယောက်က မာလာ့လက်ထဲသို့ ကြည့်မှန်တစ်ချပ် ကမ်းပေးလိုက်၏။ စိုးရိမ်စိတ်တို့ စွန်းထင်းနေသော မာလာက ထိုမှန်ကိုကြည့်ဖို့ အတော်လေး အားထုတ်နေရသည်။ ဒါကို ကိုယ်ချင်းစာနားလည်ပေးလို့ ရ၏။ မာလာက မျက်စိစုံမှိတ်ရင်း မှန်ကို မျက်နှာရှေ့ ထောင်ထားလိုက်သည်။ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ မာလာ့မျက်လုံးများ တဖြည်းဖြည်း ပွင့်လာသည်။ သူ ကြည့်မှန်ကို မဝံ့မရဲကြည့်လိုက်၏။

'ဟယ်... ဘာမှမရှိတော့ဘူးတော့'

ထိုအခိုက်မှာပင် လက်ခုပ်သံများ တဖြောင်းဖြောင်းထွက်လာတော့သည်။ အားလုံးက ဝိုင်းဝန်းဂုဏ်ပြုနေကြပြီ။

'ကဲ... အချောအလှလေး တစ်သက်လုံး စိတ်ချမ်းသာသွားလို့ ရပါပြီဗျာ'

'လှလိုက်တာ သမီးရယ်၊ အရင်ကထက် ပိုလှသွားသလိုပဲ'

ဆရာဝန်ကြီးနှင့်အဖွဲ့ ဂုဏ်ပြုနှုတ်ဆက်စကားပြောပြီး ထွက်သွားတော့ မိသားစုအသိုင်းအဝိုင်းသာ ကျန်တော့၏။ ချမ်းအေး ခုတင်ပေါ်မှ မာလာ့နားကပ်ထိုင်လိုက်သည်။ နိုင်သိန်းတန်က...

'ကိုချမ်းအေးနဲ့ အန်ကယ်တို့ကို ကျွန်တော် တကယ်ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ချည်းသာဆို ညီမလေး ခုလို ပြန်ကောင်းလာနိုင်စရာ မရှိပါဘူး၊ ဒါကြောင့် ကိုချမ်းအေးကို တစ်သက်လုံး ပြုစုလုပ်ကျွေးဖို့ ညီမလေးကို အပ်ခဲ့ပါတော့မယ်၊ အမြန်ဆုံးသာ လက်ထပ်ကြပါ'





'ကဲ... မာလာ ကြားတယ်နော်၊ ဖေဖေနဲ့ မေမေ ဆီဒိုးနားကိုဖုန်းဆက်ပြီး ဘွတ်ကင်လုပ်ကြည့်ပေးပါဗျာ၊ ကျွန်တော် မာလာနဲ့ မခွဲနိုင်တော့ဘူး'

'အောင်မာ... ချက်ချင်းလက်ငင်း လှမ်းချိတ်ရအောင် အရုပ်ထဲကမွေးရုံမှတ်နေလား၊ သူ့ခန်းမ အားတဲ့ရက်နဲ့ နေ့ကောင်းနေ့သာ ဖြစ်မယ့်နေ့ တိုက်မှပဲ လုပ်လို့ရမှာပေါ့ကွ'

'ဟင်း... ကဲ... သဘောဗျာ၊ သဘော၊ အဖေ့သဘော'

အားလုံး ပျော်ရွှင်စွာထွက်ခွာသွားကြတော့ အခန်းထဲမှာ ချမ်းအေးတို့စုံတွဲနှင့် သူငယ်ချင်းများသာ ကျန်ခဲ့၏။ မျိုးနွယ်က...

'ချမ်းအေး မနက်ဖြန် စနေနော်၊ နာရေးကိစ္စတွေကူညီဖို့ လာခဲ့ဦး'

'မလာဘူးကွာ၊ မလာဘူး၊ မာလာ့နားက ဘယ်မှမသွားဘူး၊ ဘာမှမလုပ်ဘူး၊ ဒါပဲ'

'ဒါဆိုရင်တော့ ခုနေ မင်းသေရင် မသိမသာပဲ ဖြစ်မှာပေါ့ကွာ'

'ဘာလို့ မသိမသာဖြစ်ရမှာလဲ၊ မာလာတို့လမ်းက မီးဘေးသင့်မိသားစုတွေကို တစ်အိမ်ထောင်သုံးသိန်းနှုန်း လှူပြီးပြီ၊ အိမ်ပြန်ဆောက်ရင်လည်း ဆက်ကူညီဦးမှာ၊ အဲဒီအတွက် ငါက ဘယ်တော့မှ မသိမသာမဖြစ်ဘူး၊ မှတ်ထား'

ပြောရင်း ချမ်းအေးက မာလာအား ဖက်ထားလိုက်၏။ နွေဦးက...

'အမလေး... အဖြစ်သည်းနေလိုက်ကြတာ၊ လောလောလတ်လတ် ရည်းစားရထားတဲ့ တို့တွေတောင် ရှက်လာပြီ'

'အေး... ခင်ဗျားတို့ရှက်ရင် ထွက်သွားလိုက်ကြ၊ ကျုပ်ကတော့ ဖက်ထားမှာပဲ၊ မာလာ ထပ်ပြီးထွက်ပြေးသွားမှာစိုးလို့'

အင်း... ခုတော့လည်း နှလုံးသားနာဂစ်ကာလများ လွန်မြောက်၍ အချစ်များ ပြန်လည်ရှင်သန်ထမြောက်ခဲ့ရပြီ မဟုတ်ပါလား။

**တန်ခူးလေပြေ**



www.burmeseclassic.com